# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း (၅) ရက် ၊ ကြာသပတေးနေ့ ၊ (5-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၁၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်

အယ်ဒီတာ့အာဘော်

# ပါဝင်ဆင်နွှဲ ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးတည်ချက် ၉ ရပ်အနက် လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဟူ၍ ထည့်သွင်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နှစ်အလိုက်၊ လအလိုက်၊ ကဏ္ဍအလိုက် ကျောင်းသားအားကစားပွဲတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အားကစားပွဲတော်များကျင်းပလျက်ရှိသကဲ့သို့ ယခုအခါ ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကိုလည်း နိုင်ငံတော်အဆင့်ကျင်းပမည်ဖြစ်ရာ အားကစားဝါသနာရှင် ပြည်သူများအနေဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သော အားကစားသမားဖြစ်ရန် ကြိုးစားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း၊ မသန်စွမ်းအားကစားနည်း လေးနည်းတို့ ထည့်သွင်းကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အားကစားနည်းများ ယှဉ်ပြိုင်ကစားကြရာတွင် မလျှော့သောဇွဲ၊ သတ္တိဖြင့်လည်းကောင်း၊ ပြင်းပြသောလုံ့လဖြင့်လည်းကောင်း၊ အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်တို့ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အားကစားနည်းများယှဉ်ပြိုင်ကြရာတွင် အားကစားသမားတစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားခြင်း၊ ချစ်ခင်ညီညွတ်ခြင်း၊ ကူညီရိုင်းပင်းခြင်းတို့ဖြင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ယခုအခါ ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားနည်းများအလိုက် ပြိုင်ပွဲများကို သက်ဆိုင်ရာအားကစားရုံနှင့် အားကစားကွင်းများ၌ ဝန်ကြီးဌာနအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်းများကို အကြိတ်အနယ် စတင်ယှဉ်ပြိုင်လျက်ရှိသည်။ ယခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်မျိုးတွင် အမျိုးသား၊ အမျိုးသမီးပါဝင်သည့် ပြေးခုန်ပစ်၊ အမျိုးသားများသာပါဝင်သည့် ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးတွင် အမျိုးသား၊ အမျိုးသမီးပါဝင်သည့် ပြေးခုန်ပစ်၊ ကြက်တောင်၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ ဘောလုံး၊ ဖူဆယ်၊ ဂျူဒို၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ ဝူရှူးနှင့် အမျိုးသားများသာပါဝင်သည့် ဘတ်စကက်ဘော၊ ဘိလိယက်၊ စနူကာ၊ လက်ဝှေ့၊ ခရစ်ကတ်၊ ဂေါက်သီး၊ တင်းနစ်နှင့် မသန်စွမ်းအားကစားနည်းလေးမျိုးတွင် အမျိုးသား၊ အမျိုးသမီးပါဝင်သည့် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘောနှင့် မျက်မမြင်စစ်တုရင်ပြိုင်ပွဲများ ထည့်သွင်းကျင်းပလျက်ရှိသည်။

အားကစားမြှင့်တင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ခြင်းနှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပြီး အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေခြင်းဖြစ်သည်။ အားကစားကဏ္ဍတိုးတက်မြင့်မားခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာအဆင့်အတန်းနှင့် ပုံရိပ်ကိုဖော်ပြနိုင်သကဲ့သို့ အခြားနိုင်ငံများ၏ လေးစားအားကျခြင်းကိုလည်း ခံရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အဆင့်ကျင်းပသော ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးသည် မိမိတို့နိုင်ငံ၏စည်းလုံးမှု၊ ညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တတ်မှု၊ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိမှု၊ တည်ငြိမ်အေးချမ်းမှုတို့ကိုဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်သောကြောင့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် တိုင်းရင်းသားပြည်သူများ အားကစားဝါသနာရှင်များအနေဖြင့် တက်ကြွပျော်ရွှင်စွာ ပါဝင်ဆင်နွှဲပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ ၂၉ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့်ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ



**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော် (မန္တလေး) ၏ ၂၉ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက် ညနေပိုင်းက စွယ်တော်မြတ်စေတီတော်ရင်ပြင်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရက်ကန်းပညာရှင်များ၊ စက်ချုပ်ပညာရှင်များ၊ လုပ်အားဒါနပြုကြသူများ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စွယ်တော်မြတ်စေတီတော် ဗုဒ္ဓမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ၂၉ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအထိမ်းအမှတ် ရွှေမိုးငွေမိုးများ ရွာသွန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စွယ်တော်မြတ်စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်၍ ရင်ပြင်တော်တွင် ဘုရားဖူးလာပြည်သူများနှင့်အတူ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြပြီး ရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကာ ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၆၄၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၆၄၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၁၉၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၅၄၃၂ ဧက၊ ကလေးဝမြို့နယ်တွင် ၁၆၅ ဧက၊ မင်းကင်းမြို့နယ်တွင် ၈၉၅ ဧက စုစုပေါင်း ၆၄၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲပုပ်ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ပဲပုပ်ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၈၉၇၉ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၂၆၀၊ မင်းကင်းမြို့နယ်တွင် ၁၉၅၆ ဧက စုစုပေါင်း ၁၁၁၉၅ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်း စသည်တို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ထံမှ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေ

**မအူပင် ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် အာလူးများ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါအာလူးများ ဒီဇင်ဘာလ ပထမပတ်မှစတင်ပြီး သိသိသာသာ အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ လက်ရှိ အာလူးပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"ရှမ်းပြည်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို အာလူးတွေပုံမှန်ဝင်ရောက်နေပါတယ်။ ဒါပေမဲ့ ဒီနှစ်အာလူးတွေ အထွက်နှုန်းနည်းနေပါတယ်။ ဒါကြောင့် မနှစ်ကထက် အာလူးဈေးက နှစ်ဆလောက် တက်နေတယ်။ မနှစ်က ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၃၅၀၀၀၀ လောက်ပဲ ဈေးရှိခဲ့ပါတယ်။ လက်ရှိ ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၇၅၀၀၀၀ ထိဈေးပေါက်နေပါတယ်။ အာလူးက လက်ရှိအရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိ တစ်ရက်တာ အာလူးပိဿာချိန် ၁၀၀ ကျော်မှာပဲ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်"ဟု မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်နီနီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုလက်ရှိ အာလူးပိဿာချိန် ၁၀၀ ထိ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အာလူးများ အရောင်းအဝယ် ကောင်းနေခြင်းကြောင့် အာလူးစိုက်ပျိုးသူများ၊ ကုန်စည် သယ်ယူတင်ပို့သည့် လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ စသည့်လုပ်ငန်းများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၂၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လောင်းလုံးမြို့နယ် အင်းကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လောင်းလုံး ဒီဇင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အင်းကြီးကျေးရွာ၌ တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လောင်းလုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီရိဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ အင်းကြီးကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သီရိဝင်းက ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားသည်။

အင်းကြီးကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၃၆၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် သတိုးမြန်မာကုမ္ပဏီက ယခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးပြီဖြစ်သောကြောင့် အင်းကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ရာသီမရွေးသောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်သီရိဝင်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဒေါ်ခင်ဝင်းသူ မိသားစုက ဦးဝင်းမြင့်အား ရည်စူး၍ ဆွမ်း၊ ဆေး ပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတရေ ဦးစိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်တို့က လက်ခံရယူစဉ်။

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၁၀၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၁၀၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၁၃၄၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ၁၃၄၆ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၀၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီးစတဲ့သီးနှံတွေ စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသည့်ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် ကျွန်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က ကျေးရွာများ၏ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပံ့ပိုးပေးအပ်သည်။

အဆိုပါသင်တန်းကို ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျွန်းကျေးရွာနှင့် ညံတောအင်းကျေးရွာတို့မှ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြဆရာမ နှစ်ဦးက အခြေခံစက်ချုပ်သင်တန်းနှင့်သက်ဆိုင်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဒီဇင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၄၄ ဧက စိုက်ပျိုးမည်

**မြောင်းမြ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၄၄ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၄၄ ဧကကို ယခုနှစ် ဒီဇင်ဘာလစတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ငရုတ်သီးနှံများ လျာထားချက်အတိုင်းစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ ငရုတ် ၂၈၄၄ ဧက လျာထားစိုက်ပျိုးနေပါတယ်။ ငရုတ်တွေအထွက်နှုန်းကောင်းဖို့၊ အရည်အသွေးကောင်းဖို့ ငရုတ်အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ ငရုတ်သီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်နေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် စုစုပေါင်းကျေးရွာ ၁၈ ရွာမှ ဒေသခံတောင်သူများသည် ငရုတ်သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါဒေသမှတောင်သူများသည် ငရုတ်သီးနှံကို ဆောင်းကာလနှင့် နွေကာလတွင် ပိုမိုစိုက်ပျိုးပြီး ယခုနှစ်မိုးငရုတ်များ အထွက်နှုန်းညီစေရေး၊ ပိုးမွှားအန္တရာယ် မကျရောက်စေရေး၊ အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေးကောင်းစေရေး စသည့်လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးနေကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

**ကျော်ကျော်လင်း**



# စိန္တကျော်သူဦးရွဲပြုစုခဲ့သောစာပေများ (၁)

ဗိုလ်ရှိတ်(ရတနာပူရ)

စိန္တကျော်သူဦးရွဲသည် စာမျိုးစုံရေးခဲ့သော စာပေပညာရှင်ကြီးတစ်ဦးဟု ဆိုနိုင်သည်။ ပျို့၊မော်ကွန်း၊ ချေင်း၊ ရတု စသည့်ဖြင့် များစွာရေးခဲ့သည်ကို တွေ့ရသည်။ စိန္တကျော်သူဦးရွဲရေးသားပြုစုခဲ့သော စာစာရင်းကို ပြည့်ပြည့်စုံစုံပြုစုထားခြင်းမရှိပေ။ ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲလျက်သာ တွေ့ရပါသည်။ ထို့ကြောင့် စိန္တကျော်သူဦးရွဲပြုစုခဲ့သော စာစုစာရင်းကို တစ်စုတစ်စည်းတည်းဖြစ်စေရန် ကြိုးစားစုစည်းကြည့်မိပါသည်။ ကျမ်းအစောင်စောင်ကို ဖတ်ကာ စိန္တကျော်သူဦးရွဲ၏ စာပေများကို ရှာဖွေမိပါသည်။ ခက်သည်မှာ စိန္တကျော်သူဦးရွဲပြုစုခဲ့သော စာပေများသည် ပုံနှိပ်မှုသို့ ရောက်ရှိခဲ့သည်က များပါသည်။ စာရင်းသာတွေ့ပြီး စာမူမတွေ့သော စာပေများလည်း ရှိသည်။ ပို၍ခက်ခဲသည်မှာ စိန္တကျော်သူ သုံးဦးခန့်ရှိသောကြောင့် မည်သည့် စိန္တကျော်သူရေးသလဲဟု ဝေခွဲမရသော စာပေများလည်း တွေ့ရပါသည်။

သာဓကအားဖြင့် မြန်မာစာညွန့်ပေါင်းကျမ်းစတုတ္ထတွဲတွင် မဟာအဓိကရကန်တော်မော်ကွန်းဟူ၍ပါသည်။မော်ကွန်း၁၂ပိုဒ်တိတိဖော်ပြထားသည်။ စာခေါင်းကိုလည်း''သက္ကရာဇ် ၁၂၂၉ ခုနှစ် စိန္တကျော်သူရေး မဟာအဓိကရကန်တော်မော်ကွန်း" ဟူ၍ တပ်ထားသည်။ အတွင်းစာသားများမှာလည်း မင်းတုန်းမင်းလက်ထက်နှင့် အောင်ပင်လယ်ကန်နှင့် နန္ဒာကန်ကြားရှိ မဟာအဓိကရကန်တော်ကို ဆည်သည့် အကြောင်းရေးဖွဲ့ထားသည်။ဤမော်ကွန်းကို ရေးသူသည် မည်သည့်စိန္တကျော်သူရေးသည်ကို ခန့်မှန်းရခက်ပါသည်။ စိန္တကျော်သူဦးရွဲသည် ၁၁၃၉ ခုနှစ်ဖွား ဖြစ်သည်။ ကွယ်လွန်ချိန်ကို တိတိကျကျ မသိရသေးပေ။ မဟာအဓိကရကန်တော် မော်ကွန်းကို ရေးပြီးသည့်နှစ်မှာ ၁၂၂၉ ခုနှစ် ဖြစ်သည်။ စိန္တကျော်သူဦးရွဲသာ မဟာအဓိကရကန်တော် မော်ကွန်းကို ရေးသူဆိုပါက အသက်မှာ ၉၀ အရွယ်ရှိနေပြီဖြစ်သည်။ စိန္တကျော်သူဦးရွဲသည် အသက် ၉၀ အရွယ်ထိ အသက်ရှည်ပါသလော၊ အသက်ရှည်သော်လည်း ဤမော်ကွန်းကိုရေးနိုင်အောင် ကျန်းမာရေးကောင်းမွန်ပါသလော တွေးတောစရာ အများကြီးရှိပါသည်။ စိန္တကျော်သူဦးရွဲရေးသည်မဟုတ်ဘဲ ရတနာပုံခေတ် စိန္တကျော်သူတစ်ဦးရေးခြင်းရော မဖြစ်နိုင်ဘူးလား တွေးစရာရှိပါသည်။ ထို့ကြောင့် မဟာအဓိကရကန်တော်မော်ကွန်းကို စိန္တကျော်သူဦးရွဲရေးသည်ဟုပြောနိုင်ရန် သက်သေမရှိသဖြင့် စိန္တကျော်သူဦးရွဲ၏ စာစုစာရင်းတွင်ထည့်သွင်းခြင်း မပြုပါ။

မှတ်တမ်းတချို့တွင် စိန္တကျော်သူဦးရွဲရေးထားသော်လည်း သတိမမူမိသူတို့အဖို့ အခြားစိန္တကျော်သူတစ်ဦးရေးထားသကဲ့သို့ ဖော်ပြထားသည်များလည်း ရှိပါသည်။ မိုင်းခိုင်းမင်းကြီးရေးသားပြုစုထားသော ပိဋကသုံးပုံ စာတမ်းပျို့စာရင်းတွင် ''စမွေယျပျို့သစ်။ မိုးတားဝန်ထောက်စိန္တကျော်သူဆို" ဟူ၍ စိန္တကျော်သူဦးရွဲရေးကြောင်း တိတိကျကျ ဖော်ပြထားသလို တဖန်ပိဋကသုံးပုံ စာတမ်းမော်ကွန်းစာရင်းတွင် ''ကပိလမော်ကွန်း ဆင်ခြေတိုက်ဝန်စိန္တကျော်သူဆို" ဟူ၍ တစ်မျိုးပြဆိုထားပါသည်။ သတိမမူမိသူများသည် မိုးတားဝန်ထောက်စိန္တကျော်သူနှင့် ဆင်ခြေတိုက်ဝန်စိန္တကျော်သူကို တစ်ဦးစီဟုထင်မှားနိုင်ပါသည်။ အမှန်က တစ်ဦးတည်းသာဖြစ်ပြီး မိုးတားဝန်ထောက်ဟူသော ရာထူးနှင့် ဆင်ခြေတိုက်ဝန် ဟူသော ရာထူးကို ခွဲခြားရေးသားခဲ့သောကြောင့် ဖြစ်သည်။စိန္တကျော်သူဦးရွဲသည်မိုးတားမြို့စားရာထူး၊ ဝန်ထောက်ရာထူး၊ ဆင်ခြေတိုက်ဝန် ရာထူးများကို ရရှိခဲ့သူဖြစ်သည်။ ထိုအကြောင်းကို မဟာစမွေယျပျို့သစ်နိဂုံးပိုဒ်ရေ ၂ ၌–

"ဆင်ကျေးသမိုက်၊ တိုက်နှင့်မြေတိုင်း
ခွန်လိုင်းမိုးတား၊ မြို့ကြီးစားမှ
ထပ်ပွားဆက်လျဉ်၊ မြစ်စဉ်တလျှောက်
ဝန်ပြီးနောက်လည်း၊ ဝန်ထောက်တော်တိုင်
ရေးပိုင်ရာမြင့်၊ ဆင့်ဆင့်ကြီးကျယ်" ဟူ၍

ရေးသားခဲ့ပါသည်။ ထို့ကြောင့် မဟာစမွေယျပျို့သစ်ရေးသူ၊ ကပိလမော်ကွန်းရေးသူတို့သည် စိန္တကျော်သူဦးရွဲတစ်ဦးတည်းသာဖြစ်ကြောင်း မှတ်သားရပါမည်။ စိန္တကျော်သူဦးရွဲ၏စာစုစာရင်းကို ပေမူ၊ ပုရပိုက်မူ၊ လက်ရေးမူ၊ စာအုပ်မူ အသီးသီးတို့တွင် လှန်လှော ရှာဖွေပြီး ပြည့်ပြည့်စုံစုံဖြစ်အောင် ပြုစုထားပါသည်။ စိန္တကျော်သူဦးရွဲ ပြုစုခဲ့သော စာစုစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**❖ စိန္တကျော်သူဦးရွဲပြုစုသော မဟာစမွေယျပျို့သစ်သည် ပုံနှိပ်မှုဖြင့်မရှိသေးသော တိမ်မြုပ်နေသည့် ပျို့တစ်စောင်ဖြစ်သည်။ ထို့ကြောင့် သိသူနည်း၍ တိမ်မြုပ်နေသော ပျို့တစ်စောင်ဟု ဆိုနိုင်သည်။ ရန်ကုန်မြို့ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် မဟာစမွေယျပျို့သစ်ပေမူရှိပါသည်။ တိုက်ပိုင်အမှတ် ''တဗစ-၄၀၂၁၁'' အဖြစ် မှတ်တမ်းတင်ထိန်းသိမ်းထားသည်။ မဟာစမွေယျပျို့သစ်ကို ရန်ကုန်မြို့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ကူးယူလေ့လာကြည့်ရှုခဲ့ရပါသည်။ မဟာစမွေယျပျို့သည် ပိုဒ်ရေ ရှည်လျားသော ပျို့ကြီးတစ်စောင်ဖြစ်သည်။ ❖**

၁။ ရတုစု (စာမူမတွေ့)
၂။ ဒွေးချိုး
၃။ သြဝါဒထူးပျို့ (စာမူမတွေ့)
၄။ မဟာစမွေယျပျို့သစ်
၅။ ကပိလမော်ကွန်း (စာမူမတွေ့)
၆။ ဘင်္ဂလားသွားစာတမ်း
၇။ ညောင်ရမ်းမင်း (ခ) စကြာမင်းနားတော်သွင်းချေင်း

အထက်ပါ စာရင်းတွင် စိန္တကျော်သူဦးရွဲ ရေးခဲ့သော ရတုများ၊ လျှောက်ရတုများ၊ ကပိလမော်ကွန်း၊ သြဝါဒထူးပျို့တို့မှာ ယခုထိ ရှာဖွေ၍ မတွေ့သေးပေ။ စာမူပျောက်ဆုံးနေဆဲဖြစ်သည်။ အခြားစာများမှာ ရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။ ထို့ကြောင့် ရှာဖွေတွေ့ရှိထားသောစာများအကြောင်းကို ဆက်၍ဆိုပါမည်။

**ဒွေးချိုး**

စိန္တကျော်သူဦးရွဲပြုစုခဲ့သော ဒွေးချိုးမှာ ရှားရှားပါးပါး တစ်ပုဒ်သာတွေ့ရပါသည်။ မိုင်းခိုင်းမင်းကြီး ဦးယမ်ပြုစုခဲ့သော မိုင်းခိုင်းမင်းကြီးမှတ်စု၌ စိန္တကျော်သူဦးရွဲ ပြုစုသော ဒွေးချိုးကိုတွေ့ရပါသည်။ မိုင်းခိုင်းမင်းကြီး မှတ်စုသည် ပုံမနှိပ်ရသေးသောကျမ်းဖြစ်သဖြင့် တိမ်မြုပ်ရှားပါးလှသည်။ ထို့ကြောင့် စိန္တကျော်သူဦးရွဲ၏ ဒွေးချိုးသည်လည်း တိမ်မြုပ်ခဲ့ရသည်။ မိုင်းခိုင်းမင်းကြီးမှတ်စု၌ စိန္တကျော်သူဦးရွဲဆို ဒွေးချိုးကို အောက်ပါအတိုင်း စာခေါင်းထိုး၍ မှတ်တမ်းတင်ထားသည်။

"မိုးတားဝန်ထောက် စိန္တကျော်သူဆို"
စိန်တန်ဆောင် ရှိန်ရောင်ကို
တိမ်မှောင်ခိုးနှင့် ညှိုးရမယ်တဲ့။
သနစ်ကယ်ဖွေ၊ ဖြစ်ထွေကိုစာကောက်လို့
လျှောက်ပါတယ် ပြင်ပြင်၊
မုန်းပါနှင့် ဘုန်းတို့အလှဲ့။

**မဟာစမွေယျပျို့သစ်**

စိန္တကျော်သူဦးရွဲပြုစုသော မဟာစမွေယျပျို့သစ်သည် ပုံနှိပ်မှုဖြင့်မရှိသေးသော တိမ်မြုပ်နေသည့် ပျို့တစ်စောင်ဖြစ်သည်။ ထို့ကြောင့် သိသူနည်း၍ တိမ်မြုပ်နေသောပျို့တစ်စောင်ဟု ဆိုနိုင်သည်။ ရန်ကုန်မြို့ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် မဟာစမွေယျပျို့သစ်ပေမူ ရှိပါသည်။ တိုက်ပိုင်အမှတ် "တဗစ-၄၀၂၁၁" အဖြစ် မှတ်တမ်းတင် ထိန်းသိမ်းထားသည်။ မဟာစမွေယျပျို့သစ်ကို ရန်ကုန်မြို့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ကူးယူလေ့လာကြည့်ရှုခဲ့ရပါသည်။ မဟာစမွေယျပျို့သည် ပိုဒ်ရေ ရှည်လျားသော ပျို့ကြီးတစ်စောင်ဖြစ်သည်။ ပိုဒ်ရေ ၁၈၄ ပိုဒ်၊ နိဂုံးပိုဒ်ရေ လေးပိုဒ်၊ နှစ်ခုပေါင်း ပိုဒ်ရေ ၁၈၈ပိုဒ် ရှိသော ပျို့ကြီးဖြစ်သည်။ မဟာစမွေယျပျို့ ရေးဖွဲ့ပြီးစီးခဲ့သောနှစ်ကို ပျို့နိဂုံးပိုဒ်ရေ လေး၌ –

ပူရရတနာ၊ နန်းရပ်မှာလျှင်
သာသနာရောင်၊ နှစ်ထောင်မက
သုံးရာထပ်ဝယ်၊ ခုနှစ်ဆယ်နှင့်
စွန်းကယ်ကိုးခု၊ ရတုဂိမှ
စေဋ္ဌရာသီ၊ ပုဏ္ဏာမိတုံ
စုံညီချမ်းမြေ့၊ ဗုဓနေ့နှိုက်
အရှေ့မတ်မတ်၊ လောကစတ်မှ
ပြာသာဒ်ကြွားကြွား၊ လရထားလျှင်
နဂါးယဉ်ကြီး၊ လက်ထက်စီး၍
ထွက်နီးဆည်းဆာ၊ မာရ်အောင်ခါတွင်
မင်္ဂလာဝတီ၊ ဥဒါန်းသီလျက်
အောင်ပြီပြဋ္ဌာန်း၊ ခုနစ်ခန်းလျှင်
သိမ်းမြန်းပြည့်ပြည့် ၊ နတ်နှုတ်ထည့်သည်
ပြီး၏ဤစာရန်ကင်းတည်း" ဟူ၍ သာသနာနှစ်ဖြင့် ရေးသားဖော်ပြထားသည်။ သာသနာနှစ် ၂၃၇၉ ခုနှစ်သည် မြန်မာသက္ကရာဇ်သို့ ပြောင်းပါက ၁၁၉၇ ခုနှစ်ဖြစ်သည်။ ထို့ကြောင့် မဟာစမွေယျပျို့ ရေးသားပြုစုပြီးသောနှစ်သည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် သက္ကရာဇ် ၁၁၉၇ ခုနှစ် ဖြစ်ကြောင်း သိရသည်။ ရာသီအားဖြင့် နွေရာသီ၊ လအားဖြင့် နယုန်လပြည့်၊ နေ့အားဖြင့် ဗုဒ္ဓဟူးနေ့ညနေတွင် ရေးသားပြုစုပြီးခဲ့ကြောင်း သိရပါသည်။ ဤနေရာတွင် ဆရာကြီးဦးလူဖေဝင်း၏ "စိန္တကျော်သူနှစ်ယောက်" ဆောင်းပါးပျို့စာပိုဒ်ရေ ကွဲလွဲမှုကို ဆိုပါဦးမည်။ ဆရာကြီးဆောင်းပါးတွင် မဟာစမွေယျပျို့သစ်သည် ပိုဒ်ရေ ၂၄၂ပိုဒ် နိဂုံးလင်္ကာ ၄ ပိုဒ်၊ စုစုပေါင်း ပိုဒ်ရေ ၂၄၆ ပိုဒ်ရှိကြောင်း ဖော်ပြထားပါသည်။ ဆရာကြီးသည် ပျို့ပိုဒ်ရေများကိုရေတွက်ရာတွင် ပမာဒလေခဖြစ်ခဲ့ဟန်ရှိပါသည်။ အမှန်က ပျို့ပိုဒ်ရေသည် ၂၄၂ ပိုဒ်မရှိပါ။ ၁၈၄ ပိုဒ်သာ ရှိပါသည်။ နိဂုံး ၄ ပိုဒ်ပေါင်း ၁၈၈ ပိုဒ်သာ တွေ့ရပါသည်။

**အခန်း ခုနစ်ခန်း**

စိန္တကျော်သူဦးရွဲသည် မဟာစမွေယျပျို့သစ်ကို ရေးဖွဲ့ရာတွင် အခန်း ခုနစ်ခန်းခွဲ၍ ရေးသားပြုစုထားကြောင်းကို ပျို့စာပိုဒ်များအတွင်း၌ ''အောင်ပြီပြဋ္ဌာန်း၊ ခုနစ်ခန်းလျှင်'' ဟူ၍ ရေးသားထားပါသည်။ ထို့ပြင် ကျမ်းပြီးနိဂုံးတွင်လည်း ''မဟာစမွေယျပျို့ သတ္တမမင်းခန်းနိဂုံးနှင့်တကွ ဤတွင်ရွှေ့ပြီး၏" ဟူ၍ ဖော်ပြထားသည်။ မဟာစမွေယျပျို့သစ်တွင် ပါဝင်သော အခန်း ခုနစ်ခန်းမှာ–

၁။ ပဌမနိဒါန်းခန်း
၂။ ဒုတိယ ဥပုသ်ခန်း
၃။ တတိယ အလမ္ဗာယ်ခန်း
၄။ စတုတ္ထ မိဖုရားခန်း
၅။ ပဥ္စမ သစ္စာခန်း
၆။ ဆဋ္ဌမ နဂါးမင်းပြည်တော်ပြန်ခန်း
၇။ သတ္တမ ဓာတ်တော်ပေါင်းခန်း ဟူ၍ ဖြစ်သည်။

**ပျို့ရေးသားရခြင်းအကြောင်း**

မဟာစမွေယျပျို့ကို စိန္တကျော်သူဦးရွဲသည် ဘင်္ဂလားပြည်သို့သွားစဉ်ကတည်းက ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ စိန္တကျော်သူဦးရွဲသည် ဘင်္ဂလားပြည်သို့သွားစဉ် အလ္လဟာဘတ်မြို့သို့ရောက်ခဲ့သည်။ ထိုမြို့ရောက်စဉ် ယမုံနာမြစ်နှင့် ဂင်္ဂါမြစ်တို့ဆုံ၍ စီးဆင်းသည့် ပယာဂရေချိုးဆိပ် မြင်တွေ့ခဲ့သည်။ ပယာဂရေချိုးဆိပ်ကို မြင်ရသောကြောင့် စိတ်ထဲတွင် ဘုရားလောင်း မဟာစမွေယျနဂါးမင်း ဇာတ်တော်ကို အမှတ်ရလာသည်။ ထို့ကြောင့် မဟာစမွေယျပျို့ကို ထိုဒေသ၌ပင် စတင်ရေးသားခဲ့သည်။ ထိုအကြောင်းကို မဟာစမွေယျပျို့သစ် နိဂုံးပိုဒ်ရေ လေး၌ –

''ဗာရာဏသီ၊ ကာရီပူရ
မဂဓနှင့်၊ အင်္ဂတိုင်းခြေ
ယဉ်ထွေစမ္ပာ၊ ယမုန္နာနှင့်
ဂင်္ဂါကျယ်ဝင်း၊ ဆုံ၍ဆင်းသည်
ဆိပ်မင်းသာလှ၊ ပယာဂကို
ဆွတ်မျှ မရွှင် ၊ မြင်ဘိရကား
ဝမ်းလျှင်ပါး၍ ၊ နဂါးသူ မြတ်
ဇောဓိသတ်ကို၊ ထုပ္ပတ်ခြင်းရာ
ဇာတ်တော်လာကို၊ စိတ်မှာဘဝင်
ရေးရေးထင်လျက်၊ လေးအင်္ဂါညီ
မေဓာဝီတို့၊ စကားအစဉ်
ပဋိညာဉ်လျှင်၊ ဆိုလျှင်ဆိုလိုက်
ဆိုခွင့်ကြိုက်၍၊ ပုရပိုက်ခြောက်စောင်
ရေးပြီနောင်ဝယ်" ဟူ၍ ရေးဖွဲ့ခဲ့ပါသည်။

ဆရာကြီးဖေမောင်တင်က မဟာစမွေယျပျို့ကို ရေးဖွဲ့ရသည့် အကြောင်းရင်းသည် အထက်ပါ အကြောင်းရင်းအပြင် အခြားအကြောင်းရင်းလည်းရှိသေးကြောင်းကို အောက်ပါအတိုင်းရေးသားခဲ့ဖူးပါသည်။''စမွေယျပျို့သစ်ကိုရေးစေရန် မင်းကြီးမဟာစည်သူအား လှုံ့ဆော်သည့် အချက်တစ်ချက် ရှိပါသေးသည်။ မင်းကြီး မဟာစည်သူတို့သည် ကွင်းကြီးတစ်ခုကို စစ်ပါရီများစောင့်နေကြသည်ကို တွေ့မြင်ရသော် အကြောင်းကိုမေးမြန်းစုံစမ်းကြသည်။ ကပ္ပိတံ သီရိရာဇ နော်ရထာက ထိုတွင်းကို ဝင်၍သွားလျှင် ယမုံနာမြစ်အောက် နဂါးနေသည့် မြို့သို့ရောက်သည်ဟုပြောရာ သံအဖွဲ့ပါ လူငယ်တချို့ တွင်းသို့ဆင်းကြည့်ကြသည်။ ခုနစ်တာကျော် ရှစ်တာခန့် အတွင်းသို့ရောက်မှ ကြောက်လန့်၍ပြန်ထွက်လာသည်ဟု သူတို့၏ ခရီးသွားမှတ်တမ်းတွင် တွေ့ရပါသည်။ ဤအချက်သည်လည်း မင်းကြီးမဟာစည်သူအား စမွေယျနဂါးမင်းကို သတိရစေရန် ဖန်တီးလှုံ့ဆော်လိမ့်မည်ဟု ထင်မြင်ရပါသည်'' ဟူ၍ ရေးသားဖူးပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၉၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၉၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ဆောင်းနေကြာ ၁၂၉၈၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၉၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြောင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာသီးနှံဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ပြည်ပမှစားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲနှမ်းတွေထက် ပိုများပါတယ်။ နေကြာကို ဆောင်းမှာဘဲစိုက်ကြတာပါ"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မြောင်မြို့နယ်တွင် နေကြာစိုက် တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

## မိုင်းဖြတ်မြို့နယ် အင်ပါဟူ(အောက်) ကျေးရွာ၌ ရေကျော်တံတားတည်ဆောက်နေမှု စစ်ဆေး

**မိုင်းဖြတ် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် အင်ပါဟူ(အောက်) ကျေးရွာတွင် ရေကျော်တံတား တည်ဆောက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အင်ပါဟူ (အောက်)ကျေးရွာ၌ ရေကျော်တံတား တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီအချိန်မီပြီးစီးရေး စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အင်ပါဟူ(အောက်)ကျေးရွာ၌ အရှည် ၄၅ ပေ ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မရှိ ရေကျော်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

## မြန်မာ့သားတို့ အားမာန်

\- မြန်မာသွေးမို့
ဘာအရေးမှ ရင်မခုန်၊
အနိုင်မခံ အရှုံးမပေးတဲ့
နှလုံးသွေးမာန်ဟုန်၊
တို့ဇာတိ အဖိုးမြတ်ပုံ
မျိုးဇာတိဂုဏ် မြင့်မြင့်မား၊
ရာဇဝင် ဖတ်ကြည့်ပါတော့
ကမ္ဘာတစ်ခွင် အရပ်သိတဲ့
သတ္တိကျော်ကြား။

\- အဖျက်ရန်များလည်း
လက်မခံအားဘဲ တွန်းလှန်ဖယ်၊
စိတ်အကြံ တည်တာနဲ့
နိမိတ်သဏ္ဌာန် ပြည်ရွာတစ်လှည့်မှာ
ညီညာတဲ့နယ်၊
ဝိုင်းဝန်းအား ပြပေတယ်
မြန်မာ့မြေဝယ် စွန့်စွန့်စား၊
အန္တရာယ် ဆူးခလုတ်ဆို
မြန်နယ်ရွာ မကျူးဆုတ်အောင်
တူးနုတ်ဖယ်ရှား။

\- မြန်သားမို့
မာန်အားလည်း ကြွားပေသည်၊
မျိုးဆက်တွေ အသစ်သစ်
တရစ်ရစ်ထွန်းတည်၊
သတ္တိသွေး မာန်အားညီ
ရန်ရှားမည် ရဲရဲရင့်၊
ဘိုးဘေးဘီ အရေးလှသလို
အမျိုးသွေးနီစွေးသမျှ
အတွေးဇ မာန်ဆင်ပြီး
မြန်ခွင်မှာ အမျိုးအားနဲ့
အလံတင်ကာ တန်ခိုးကြွားဖို့
အိုကွယ်...
မိုးဖျားအထိ လွှင့်။ ။

လွမ်းလေးကို(သရက်)

# နိုင်ငံတကာ သတင်းများ

## သမ္မတယွန်ဆွတ်ယိုးကို စွပ်စွဲပြစ်တင်ရေးဥပဒေကြမ်း တောင်ကိုရီးယားလွှတ်တော်သို့ တင်သွင်း

**ဆိုးလ် ဒီဇင်ဘာ ၄**

စစ်အုပ်ချုပ်ရေးဥပဒေကြေညာမှုအတွက် သမ္မတယွန်ဆွတ်ယိုးအပေါ် စွပ်စွဲပြစ်တင်မှုလုပ်ငန်းစဉ်စတင်ရေးဥပဒေကြမ်းကို တောင်ကိုရီးယားလွှတ်တော် အမတ်များက ယနေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား သမ္မတယွန်ဆွတ်ယိုးသည် ဒီဇင်ဘာ ၃ ရက်ညပိုင်းတွင် စစ်အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းချက်ကို ကြေညာခဲ့သော်လည်း ယင်းကြေညာချက်ကို လွှတ်တော်အမတ်များက မဲခွဲပယ်ချခဲ့ပြီးနောက် စစ်အုပ်ချုပ်ရေးဥပဒေကို သမ္မတယွန်ဆွတ်ယိုးက ပြန်လည်ရုပ်သိမ်းခဲ့သည်။

သမ္မတ ယွန်ဆွတ်ယိုးသည် အတိုက်အခံ ဒီမိုကရက်တစ်ပါတီကိုမြောက်ကိုရီးယားလိုလားသော အင်အားစုအဖြစ် စွပ်စွဲခဲ့ပြီးနောက် စစ်အုပ်ချုပ်ရေးဥပဒေကို ကြေညာခဲ့ခြင်းဖြစ်သည်။

သမ္မတယွန်ဆွတ်ယိုး၏ အဆိုပါလုပ်ဆောင်ချက်ကြောင့် အာရှ၏စတုတ္ထမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံရေးအရ အကျပ်ဆိုက်ခဲ့ရသည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားအတိုက်အခံပါတီ ခြောက်ပါတီတို့က သမ္မတစွပ်စွဲပြစ်တင်မှုလုပ်ငန်းစဉ် စတင်ရေးဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းထားကြောင်း သိရသည်။

ယင်းဥပဒေကြမ်းကို ဒီဇင်ဘာ ၆ ရက် သို့မဟုတ် ၇ ရက်တွင် တောင်ကိုရီးယား လွှတ်တော်အမတ်များက မဲခွဲအတည်ပြုဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမျိုးအမည်မသိ ရောဂါတစ်မျိုးကြောင့် ကွန်ဂိုနိုင်ငံ၌ လူပေါင်း ၁၄၃ ဦး သေဆုံး

**ကင်ရှာဆာ ဒီဇင်ဘာ ၄**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အနောက်တောင်ပိုင်းပြည်နယ်တစ်ခု၌ အမျိုးအမည်မသိရောဂါတစ်မျိုး ဖြစ်ပွားမှုကြောင့် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း လူပေါင်း ၁၄၃ ဦး သေဆုံးခဲ့ရကြောင်း ဒေသန္တရတာဝန်ရှိသူများက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ အမျိုးအမည်မသိရောဂါဖြစ်ပွားသူများ၌ အပြင်းဖျားခြင်း၊ ခေါင်းကိုက်ခြင်း စသည့် တုပ်ကွေးရောဂါလက္ခဏာများနှင့် အလားတူသည့် ရောဂါလက္ခဏာများ ပေါ်ထွက်လာတတ်သည်ကို တွေ့ရကြောင်း ကဝန်ဂိုပြည်နယ်ကျန်းမာရေးဌာနတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရောဂါဖြစ်ပွားမှုနှုန်း ဆက်လက်မြင့်တက်နေဆဲဖြစ်ရာအခြေအနေမှာ အထူးစိုးရိမ်ရဆဲဖြစ်ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားထားသည်။

ကဝန်ဂိုပြည်နယ်၌ဖြစ်ပွားနေသည့် အဆိုပါအမျိုးအမည်မသိရောဂါကို စစ်ဆေးဖော်ထုတ်ရေးအတွက် ကွန်ဂိုအစိုးရက ဆေးပညာရှင်အဖွဲ့တစ်ဖွဲ့ကို ယင်းပြည်နယ်သို့ စေလွှတ်ထားသည်။

အမျိုးအမည်မသိ ရောဂါတစ်မျိုး ကဝန်ဂိုပြည်နယ်၌ဖြစ်ပွားနေမှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ထံ ကွန်ဂိုအစိုးရက အသိပေးထားပြီးဖြစ်သည်။

အဆိုပါ အမျိုးအမည်မသိရောဂါကို အဓိကခံစားနေကြရသူများမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ရုရှားနှင့် ဘီလာရုစ်လုံခြုံရေး သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးမည်



**မော်စကို ဒီဇင်ဘာ ၄**

ရုရှားသမ္မတပူတင်နှင့် ဘီလာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုတို့သည် နှစ်နိုင်ငံလုံခြုံရေးသဘောတူညီချက် တစ်ရပ်ကို ဒီဇင်ဘာ ၆ ရက်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်ကို ရုရှားနှင့် ဘီလာရုစ်တို့အကြား နယ်စည်းမဲ့ပြည်ထောင်စု မဟာမိတ်ဖွဲ့စည်းမှု ၂၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဘီလာရုစ်နိုင်ငံ မင့်စ်မြို့၌ ဒီဇင်ဘာ ၆ ရက်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် ဘီလာရုစ်တို့ လက်မှတ်ရေးထိုးမည့် နှစ်နိုင်ငံလုံခြုံရေးစာချုပ်သည် ကမ္ဘာ့ပထဝီနိုင်ငံရေးအပြောင်းအလဲများကို ထင်ဟပ်နိုင်လိမ့်မည်ဖြစ်ကြောင်း ရုရှားအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားနှင့် ဘီလာရုစ်နိုင်ငံတို့သည် ယူကရိန်းစစ်ပွဲ စတင်ခဲ့ပြီးနောက်ပိုင်း စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခဲ့သည်။

ဘီလာရုစ်သမ္မတ လူကာရှန်ကိုသည်လည်း ရုရှားသမ္မတပူတင်၏ အဓိကဥရောပမဟာမိတ်ဖြစ်သည်။

ရုရှားသမ္မတနှင့် ဘီလာရုစ်သမ္မတတို့သည် ဒီဇင်ဘာ ၆ ရက်တွင် နှစ်နိုင်ငံလုံခြုံရေး သဘောတူညီချက်အပြင် အခြားသဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်ပြယ်ပါက လက်ဘနွန်ကို ဆက်လက်တိုက်ခိုက်မည်ဟု အစ္စရေးတပ်မတော်သတိပေး

**ဂျေရုဆလင် ဒီဇင်ဘာ ၄**

ဟစ်ဇ်ဘိုလာအုပ်စုနှင့် ရယူထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်ပြယ်ပါက လက်ဘနွန်ပြည်တွင်း၌ စစ်ဆင်ရေးများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်က ဒီဇင်ဘာ ၃ ရက်တွင် သတိပေးလိုက်သည်။

ဟစ်ဇ်ဘိုလာအုပ်စုက ဒီဇင်ဘာ ၂ ရက်တွင် အစ္စရေးစစ်စခန်းတစ်ခုကို ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးတပ်မတော်၏ အဆိုပါသတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ဟစ်ဇ်ဘိုလာအုပ်စုနှင့် ရယူထားသော သဘောတူညီချက် ပျက်ပြားခဲ့ပါက မိမိတို့အနေဖြင့် လက်ဘနွန်နိုင်ငံအတွင်းပိုင်းထဲသို့ ဆက်လက်ထိုးဖောက် တိုက်ခိုက်မည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်နေသည့် စစ်သွေးကြွများကို လက်နက်ဖြုတ်မသိမ်းနိုင်ခဲ့သည့်အတွက် လက်ဘနွန်နိုင်ငံသည်လည်း တာဝန်ယူရလိမ့်မည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးလ်ကတ်ဇ်ကလည်း သတိပေးထားသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိထားသည့်တိုင် အစ္စရေးနိုင်ငံကလည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဥပေက္ခာပြုနေသည့် ဟစ်ဇ်ဘိုလာလက်နက်ကိုင်များကို လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။



အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့သည် ၁၄ လကြာစစ်ပွဲကို အဆုံးသတ်ရေးအတွက် ပြီးခဲ့သည့် နိုဝင်ဘာ ၂၇ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရယူထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျပန်အနောက်ပိုင်းကျွန်းတစ်ကျွန်းအနီး ရုရှားရေငုပ်သင်္ဘောတစ်စီးတွေ့ရှိ စစ်သင်္ဘောတစ်စီးနှင့် ကင်းထောက်လေယာဉ်တစ်စင်း ဂျပန်စေလွှတ်ထား

**တိုကျို ဒီဇင်ဘာ ၄**

ဂျပန်နိုင်ငံ အနောက်ပိုင်းကျွန်းတစ်ကျွန်း၏ ကမ်းရိုးတန်းကမ်းလွန်၌ ရုရှားရေငုပ်သင်္ဘောတစ်စီးတွေ့ရှိခဲ့ပြီးနောက် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၃ ရက်က အဆိုပါနေရာသို့ စစ်သင်္ဘောတစ်စီးနှင့် ကင်းထောက်လေယာဉ်တစ်စင်း စေလွှတ်ထားကြောင်း သိရသည်။

အဆိုပါ ရုရှားရေငုပ်သင်္ဘောကို ဂျပန်နိုင်ငံ အနောက်ဘက်စွန်းရှိ ယိုနာဂူနီကျွန်းကမ်းရိုးတန်းနှင့် မိုင် ၃၀ ကျော်အကွာတွင် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကီလိုအတန်းအစား တိုက်ပွဲဝင်ရေငုပ်သင်္ဘောဖြစ်သည့် ၎င်း ရုရှားရေငုပ်သင်္ဘောသည် အခြားရုရှားစစ်သင်္ဘောတစ်စီးနှင့်အတူ ယိုနာဂူနီကျွန်းနှင့် အိုင်ရီယိုမိုတီကျွန်းနှစ်ကျွန်းအကြား ရေပြင်ကိုဖြတ်၍ မြောက်ဘက်စူးစူးသို့ဦးတည်မောင်းနှင်နေကြောင်း ဂျပန်တပ်မတော်၏အဆိုအရ သိရသည်။

ဖိလစ်ပိုင်၏ တောင်တရုတ်ပင်လယ်ဒေသ အထူးစီးပွားရေးဇုန်အတွင်း ရုရှားရေငုပ်သင်္ဘောတစ်စီး ရောက်ရှိနေသည်ဟူသော သတင်းများပေါ်ထွက်ခဲ့ပြီး တစ်ရက်အကြာတွင် ဂျပန်နိုင်ငံ ယိုနာဂူနီကျွန်းအနီး ရုရှားရေငုပ်သင်္ဘောတစ်စီး ထပ်မံပေါ်ထွက်လာခြင်းဖြစ်သည်။


သို့ရာတွင် အဆိုပါရုရှားရေငုပ်သင်္ဘောနှင့် ရုရှားစစ်သင်္ဘောတို့သည်ယိုနာဂူနီကျွန်းအနီး ဖြတ်သန်းခဲ့သော်လည်း ဂျပန်ရေပိုင်နက်ကို ချိုးဖောက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

ရုရှားရေငုပ်သင်္ဘောနှင့် ပတ်သက်၍ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်ပေါ်ရှိ ရှေးဟောင်းသက်ရှိများ၏ သဲလွန်စများကိုရှာဖွေရာတွင် အထောက်အကူပြုနိုင်မည့်နေရာတစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**မက်ဒရစ် ဒီဇင်ဘာ ၄**

အင်္ဂါဂြိုဟ်ပေါ်ရှိ ရှေးဟောင်းသက်ရှိများ၏ သဲလွန်စများကို ရှာဖွေရာတွင် အထောက်အကူပြုနိုင်မည့်နေရာတစ်ခုကို သိပ္ပံပညာရှင်များက အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင်ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ် မြောက်ယဉ်စွန်းတန်းဒေသမှ အချင်းမိုင် ၁၈၀၀ ရှိသော လွင်ပြင်တစ်ခုသည် သက်ရှိများ ရှင်သန်ရေးအတွက် သင့်လျော်သည့် အခြေအနေမျိုးရှိသည်ဟု စပိန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အက်စီဒါလီယာပလန်နီးရှားလွင်ပြင်အမည်ရှိ အဆိုပါလွင်ပြင်ဒေသမြေမျက်နှာပြင်အောက် ရေခဲတတ်တည်ရှိမှုအဆင့်၊ အပူချိန်နှင့် မြေဆီလွှာအတွင်းရှိ စွမ်းအင်ပမာဏတို့မှာ ဇက်တီးရီးယားများ ရှင်သန်နိုင်သည့်အခြေအနေတွင်ရှိကြောင်း စပိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အက်စီဒါလီယာပလန်နီးရှားဒေသသည် အင်္ဂါဂြိုဟ်သက်ရှိများကို ရှာဖွေရေးအတွက် သင့်လျော်သည့်နေရာတစ်ခုဖြစ်နိုင်သည်ဟု စပိန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

သို့ရာတွင် အဆိုပါနယ်မြေ၌ အင်္ဂါဂြိုဟ်သက်ရှိများ ရှိ၊ မရှိကို ရှာဖွေရေးအတွက် မြေအောက်အနက် မိုင်နှင့်ချီ၍ တူးဖောက်လေ့လာရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

စပိန်သိပ္ပံပညာရှင်များ၏ အဆိုအရ အင်္ဂါဂြိုဟ်ဇက်တီးရီးယားများသည် အက်စီဒါလီယာပလန်နီးရှားလွင်ပြင် မြေအောက်အနက် ၂ ဒသမ ၅ မိုင်နှင့် ၅ ဒသမ ၅ မိုင် ကြားတွင် ရှင်သန်နေနိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO


## နျူထရွန်ကြယ် ခေါ် ကြယ်သေကြီးများကို ဂြိုဟ်သိမ်များဝင်တိုက်ချိန်တွင် ရေဒီယိုစွမ်းအင်ပေါက်ကွဲမှု ခေါ် စွမ်းအင်ပေါက်ကွဲမှုများဖြစ်ပွားနိုင်

**အော့တဝါ ဒီဇင်ဘာ ၄**

အလွန်တရာ သိပ်သည်းဆကြီးမားသော နျူထရွန်ကြယ်ခေါ် ကြယ်သေကြီးများကို ဂြိုဟ်သိမ်များဝင်တိုက်ချိန်တွင် ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုခေါ် စွမ်းအင်ပေါက်ကွဲမှုများဖြစ်ပွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားသည်။

နျူထရွန်ကြယ်များကို ဂြိုဟ်သိမ်များဝင်တိုက်ချိန်တွင် ဖြစ်ပွားနိုင်သည့် ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများ၏ပြင်းအားသည် လူသားမျိုးနွယ်တစ်ရပ်လုံးကို နှစ်ပေါင်းသန်း ၁၀၀ ထိ ဖြည့်ဆည်းပေးထားနိုင်သောစွမ်းအင်ပမာဏနှင့် ညီမျှသည်ဟု ကနေဒါနိုင်ငံ တိုရွန်တိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

စကြဝဠာ၏ အခြားကြယ်စုများအတွင်းရှိ ကြယ်တာရာများကြားတွင်လည်း ဂြိုဟ်သိမ်များ၊ ကြယ်တံခွန်များရှိနေနိုင်သည်ဖြစ်ရာ အဆိုပါဂြိုဟ်သိမ်များနှင့်ကြယ်တံခွန်များသည် နျူထရွန်ကြယ်များကို အရှိန်ပြင်းစွာဝင်တိုက်နိုင်ကြောင်း သိရသည်။



စကြဝဠာ ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများကို ၂၀၀၇ ခုနှစ်တွင် ပထမဆုံးအကြိမ် တွေ့ရှိခဲ့ပြီးနောက်ပိုင်း ကမ္ဘာတစ်ဝန်းရှိရေဒီယိုတယ်လီစကုပ်များက ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်အများအပြားကို စူးစမ်းလေ့လာနိုင်ခဲ့ကြောင်း သိရသည်။

နျူထရွန်ကြယ်များသည် အရွယ်အစားအားဖြင့် အချင်း ၁၂ မိုင်ထိသာ ရှိတတ်သော်လည်း သိပ်သည်းဆအလွန်ကြီးမားသော အာကာသဒြပ်ထည်များ ဖြစ်ကြကြောင်း သိရသည်။

သို့ဖြစ်ရာ နျူထရွန်ကြယ်များကို ဂြိုဟ်သိမ်နှင့်ကြယ်တံခွန်များ ဝင်တိုက်မှုကြောင့် ပေါ်ထွက်လာသည့် ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုအလင်းအားကို စကြဝဠာတစ်ခုလုံးမှတစ်ဆင့် တွေ့မြင်နိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Proba-3 အာကာသမစ်ရှင်ကို PSIV ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထား

**ပဲရစ် ဒီဇင်ဘာ ၄**

ဥရောပအာကာသအေဂျင်စီသည် Proba-3 အမည်ရှိအာကာသမစ်ရှင်ကို အိန္ဒိယအာကာသအေဂျင်စီ၏ PSIV ဒုံးပျံဖြင့် ယနေ့တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

Proba-3 မစ်ရှင်၏ အာကာသယာဉ်နှစ်စင်းကို သယ်ဆောင်ထားသည့် PSIV ဒုံးပျံကို ဆာတစ်ဒါဝန် အာကာသစခန်းမှလွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ကမ္ဘာပတ်လမ်းပေါ်၌ နေကြတ်မှုဖြစ်စဉ်အတုများ ဖန်တီးရေးအတွက် Proba-3 မစ်ရှင်ကို လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Proba-3 မစ်ရှင်အာကာသယာဉ်နှစ်စင်းသည် ကမ္ဘာပတ်လမ်းပေါ်ရောက်ရှိချိန်တွင် ချိန်သားကိုက်ယှဉ်တွဲပျံသန်း၍ နေကြတ်မှုဖြစ်စဉ်အတုများ ဖန်တီးပေးမည်ဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် Proba-3 မစ်ရှင်နေကြတ်မှုဖြစ်စဉ်အတုများကို အသုံးပြု၍ နေ၏လေထုလွှာကို လေ့လာရန် ရည်ရွယ်ထားပြီး Proba-3 မစ်ရှင်သည် သက်တမ်း တစ်နှစ်အတွင်း နေကြတ်မှုဖြစ်စဉ်အတု ၅၀ ကျော်ဖန်တီးပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ဝမ်းဗိုက်ပိုင်းအဆီစုစည်းမှုလွန်ကဲသူများ၌ ဦးနှောက်အတွင်း ဘီတာအမိုင်လွိုက်ပရိုတင်းများ စုစည်းနိုင်ခြေ မြင့်တက်လာတတ်

**နယူးယောက် ဒီဇင်ဘာ ၄**

ဝမ်းဗိုက်ပိုင်း အဆီစုစည်းမှုလွန်ကဲသူများ၌ အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးဖြစ်သော ဘီတာအမိုင်လွိုက်ပရိုတင်းများ ဦးနှောက်အတွင်း စုစည်းလာနိုင်ခြေမြင့်တက်လာတတ်ကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဝမ်းဗိုက်ပိုင်းအဆီစုစည်းမှု လွန်ကဲနေသူများ၌ အယ်ဇိုင်းမားရောဂါလက္ခဏာများမပေါ်မီ နှစ် ၂၀ ခန့်မှာပင် ဦးနှောက်အတွင်း ဘီတာအမိုင်လွိုက်ပရိုတင်းများ စုစည်းလာတတ်ကြောင်း သိရသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ သက်လတ်ပိုင်းအရွယ် အဝလွန်မှုပြဿနာကို အယ်ဇိုင်းမားရောဂါ၏ နောက်ခံအကြောင်းတရားတစ်ရပ်အဖြစ် မှတ်ယူနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ဦးနှောက်ကျန်းမာရေးပုံမှန်ရှိသော သက်လတ်ပိုင်းအရွယ် လူပေါင်း ၈၀ ကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ရာ ဝမ်းဗိုက်ပိုင်း အဆီစုစည်းမှုလွန်ကဲသော အဝလွန်သူများ၌ ဦးနှောက်အတွင်း ဘီတာအမိုင်လွိုက်ပရိုတင်းများစုစည်းလာနိုင်ခြေ ပုံမှန်ထက် မြင့်တက်နေသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အသားအစား အပင်ထွက်အစားအစာများစားပါက နှလုံးကျန်းမာရေးအတွက် အကျိုးရှိ

**နယူးယောက် ဒီဇင်ဘာ ၄**

လူ့ကိုယ်ခန္ဓာ၏ အဓိက ပရိုတင်းဓာတ် အရင်းအမြစ်အဖြစ် အသားအစား အပင်ထွက်အစားအစာများကို ပြောင်းလဲစားသုံးပါက နှလုံးကျန်းမာရေးအတွက် အကျိုးရှိကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အပင်ထွက် အစားအစာများဖြင့် ပရိုတင်းဓာတ် အဓိကရယူသူများသည် အသားမှတစ်ဆင့် ပရိုတင်းဓာတ်ရယူသူများထက် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေ ၁၉ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

ထို့ပြင် အပင်ထွက်အစားအစာများမှ ပရိုတင်းဓာတ် အဓိကရယူသူများတွင် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားနိုင်ခြေမှာလည်း ၂၇ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ နှလုံးကျန်းမာရေးကို ထိန်းသိမ်းရေးအတွက် အနီရောင်အသားများနှင့် ပြုပြင်စီရင်ထားသည့်အသားများအစား အပင်ထွက်အစားအစာများမှ ပရိုတင်းများကို အဓိကရယူရန်လိုအပ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အထူးသဖြင့် ပရိုတင်းဓာတ်ကို အသားအစား အပင်ထွက်အစားအစာများမှရယူမှုသည် နှလုံးသွေးကြောကျဉ်းရောဂါအပေါ် အကျိုးသက်ရောက်မှုရှိသည်ဟု သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Brisbane International တင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ် ပါဝင်ယှဉ်ပြိုင်သွားမည်



**ဘရစ္စဘိန်း ဒီဇင်ဘာ ၄**

သြစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်ထိ ကျင်းပသွားမည့် ၂၀၂၅ ခုနှစ် Brisbane International တင်းနစ်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က ယနေ့တွင် ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိနေပြီး သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေကာ သြစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ရလဒ်ကောင်းစေရေးအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုကျင်းပသည့် Brisbane International တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျိုကိုဗစ်က ပြောကြားခဲ့သည်။

ဂျိုကိုဗစ်၏ ၂၀၂၅ ခုနှစ် တင်းနစ်ရာသီအတွက် အဓိကရည်မှန်းချက်မှာ ဂရန်းစလန်းဆုဖလား ၂၅ ကြိမ်မြောက် ရယူနိုင်ရေးဖြစ်ကြောင်းလည်း အတိအလင်းပြောကြားထားသည်။

၂၀၂၅ ခုနှစ် Brisbane International တင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီး တင်းနစ်ကစားသမားအများစု ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လက်ရှိချန်ပီယံဖြစ်သူ ဘူလ်ဂေးရီးယား တင်းနစ်ကစားသမားဒီမီထရော့ဖ်၊ သြစတြေးလျ တင်းနစ်ကစားသမားများ ဖြစ်ကြသည့် ပေါ့ပရင်၊ ဂျော်ဒန်တွမ်ဆင်၊ နစ်ခ်ကိုင်ဂျီအို့စ်၊ ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရူနီ၊ အမေရိကန် တင်းနစ်ကစားသမားများ ဖြစ်ကြသည့် တီယာဖိုး၊ ဆီဘက်စတီယန်နှင့် ပြင်သစ်တင်းနစ်ကစားသမား မွန်ဖီးလ်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ပိုကယ်ဖလားပွဲစဉ်တွင် လက်ရှိချန်ပီယံ လေဗာကူဆင်အသင်း ဘိုင်ယန်ကို အနိုင်ရရှိ



**ဘာလင် ဒီဇင်ဘာ ၄**

ဂျာမန်ပိုကယ်ဖလား ပွဲစဉ်တွင် လက်ရှိချန်ပီယံ လေဗာကူဆင်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ယူ၍ နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။

ယင်းပွဲစဉ်တွင် လေဗာကူဆင်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သည့်အတွက် ပွဲချိန် ၁၈ မိနစ်အရောက်တွင် လေဗာကူဆင်အသင်းမှ ဖရင်ပေါင်၏ ထိုးဖောက်မှုကို ဂိုးသမားနူအာ တားဆီးရန် ကြိုးစားခဲ့သည့်အတွက် အနီကတ် ပြသခံရပြီးနောက်လေဗာကူဆင်က ဖိအားပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဘိုင်ယန်မြူးနစ်အသင်းသည် ခံစစ်အားပြုကစားခဲ့ရသဖြင့် ပွဲကစားချိန် ၆၉ မိနစ်တွင် ခံစစ်ပိုင်းကျိုးပေါက်ခဲ့ပြီး ဦးဆောင်ဂိုးခွင့်ပြုရသည့်အပြင် ဆက်တိုက်ဖိအားပေးမှုကိုသာ ခံရသောကြောင့် ချေပဂိုးမရခဲ့ဘဲ ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ပိုကယ်ဖလားပြိုင်ပွဲ သမိုင်းတွင် အကြိမ် ၂၀ ထိ ဆုဖလားရရှိခဲ့သည့် မှတ်တမ်းကောင်း ရှိသော်လည်း ၂၀၂၀ ပြည့်နှစ်က လေဗာကူဆင်အသင်းကို ဗိုလ်လုပွဲစဉ်တွင် လေးဂိုး နှစ်ဂိုးဖြင့် ရှုံးခဲ့သည့်နောက်ပိုင်း ကွာတားဖိုင်နယ် အဆင့်သာ အမြင့်ဆုံး ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# စိန်ခေါ်ပွဲထိုးသတ်ပြီးပါက လက်ဝှေ့လောကမှ အနားယူတော့မည်ဖြစ်ကြောင်း WBA လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဂါဗွန်တာတရားဝင်ထုတ်ပြန်

**ဝါရှင်တန် ဒီဇင်ဘာ ၄**

WBA လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဂါဗွန်တာသည် စိန်ခေါ်ပွဲ သုံးပွဲ ထိုးသတ်သွားမည်ဖြစ်ပြီး စိန်ခေါ်ပွဲ သုံးပွဲထိုးသတ်ပြီးပါက လက်ဝှေ့လောကမှ အပြီးတိုင် အနားယူသွားမည် ဖြစ်ကြောင်း ယနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ဂါဗွန်တာသည် အသက် ၃၀ အရွယ်သာရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သော်လည်း ရှုံးပွဲမရှိသေးသည့် ကမ္ဘာ့ချန်ပီယံတစ်ဦးလည်းဖြစ်သည်။



ဂါဗွန်တာသည် လက်ဝှေ့အားကစားကို ဝါသနာကြီးသော်လည်း ၎င်း၏ဘဝတစ်ခုလုံးကို လက်ဝှေ့လောကတွင် နှစ်မြှုပ်သွားရန် ဆန္ဒမရှိတော့သည့်အတွက် လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲသုံးပွဲသာ ထိုးသတ်သွားတော့မည်ဖြစ်ပြီး သုံးပွဲအပြီးတွင် လက်ဝှေ့လောကမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဂါဗွန်တာက ပြောကြားခဲ့သည်။

ယင်းစိန်ခေါ်ပွဲ သုံးပွဲကိုလည်း ၂၀၂၅ ခုနှစ်အတွင်း ထိုးသတ်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်နှစ်ကုန်လျှင် လက်ဝှေ့လောကကို စွန့်ခွာမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ပြီးခဲ့သည့်အောက်တိုဘာလက ရရှိခဲ့သည့်ဒဏ်ရာကြောင့် အနားယူနေရသည့် လီဗာပူးအသင်းဂိုးသမား အယ်လစ်ဆန်သည် ယခုနှစ်ကုန်မှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဟု နည်းပြစလော့က ထုတ်ပြန်ခဲ့သည်။
- အာဆင်နယ်နှင့်ပွဲစဉ်တွင် ဒဏ်ရာကောင်းမွန်လာသည့် ခံစစ်ကစားသမား လုခ်ရှောနှင့် မက်ဂွဲယားတို့ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း အသင်းက ထုတ်ပြန်ခဲ့သည်။
- ဇန်နဝါရီအပြောင်းအရွှေ့တွင် တိုက်စစ်မှူးမာလန်း အသင်းမှ ထွက်ခွာမည်ဖြစ်၍ ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ရရှိရန် ဒေ့ါမွန်အသင်း မျှော်လင့်ထားကြောင်း သိရသည်။
- ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲ လေဗာကူဆင်အသင်းနှင့်ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်ဂိုးသမား နူအာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ပထမဆုံးအကြိမ် အနီကတ်ပြသခံခဲ့ရကြောင်း သိရသည်။

ML

# မန်ယူအသင်းက အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် အာမက်ဒီရယ်လိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်နေ

**မန်ချက်စတာ ဒီဇင်ဘာ ၄**

မန်ယူအသင်းက အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် လူငယ်တောင်ပံကစားသမား အာမက်ဒီရယ်လိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ အာမက်ဒီရယ်လိုသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က အတ္တလန်တာအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် အစောပိုင်းနှစ်များက ပွဲကစားခွင့် နည်းပါးခဲ့သည့်အတွက် ရိန်းဂျားအသင်း၊ ဆန်းဒါးလန်းအသင်းတို့ထံ အငှားစာချုပ်များဖြင့် သွားရောက်ကစားခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်က အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

အာမက်ဒီရယ်လိုသည် အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သော်လည်း နည်းပြဟောင်း တန်ဟတ်လက်အောက်တွင် ပွဲကစားခွင့် နည်းပါးခဲ့သည့်အတွက် ရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သောကြောင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာရန် ပြင်ဆင်ထားသူဖြစ်သည်။

မန်ယူအသင်းက ယခုနှစ်ဘောလုံးရာသီ အစပိုင်းကတည်းက အာမက်ဒီရယ်လိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း အာမက်ဒီရယ်လိုက နည်းပြဟောင်း တန်ဟတ်လက်အောက်တွင် ပွဲကစားခွင့်မရရှိခဲ့ဘဲ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင် ကစားခဲ့ရသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် အာမက်ဒီရယ်လိုသည် လက်ရှိနည်းပြ အာမိုရင်လက်အောက်တွင် အဓိကကစားသမားအဖြစ် ပွဲထွက်ခွင့်ပြန်လည်ရရှိခဲ့ပြီးနောက် နည်းပြအာမိုရင်ကိုယ်တိုင်ကလည်း အာမက်ဒီရယ်လိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် တောင်းဆိုထားသည့်အတွက် မန်ယူအသင်းကလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းခဲ့ပြီး အာမက်ဒီရယ်လိုကိုယ်တိုင်ကလည်း သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုကို ပြန်လည်လက်ခံပြီး ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိရာ ယခုလမကုန်မီ အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# FSA က ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ပယ်မာဆွတ်ခူး



**လန်ဒန် ဒီဇင်ဘာ ၄**

ချဲလ်ဆီးအသင်းတွင် ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမား ပယ်မာသည် Fan Supporters' Association (FSA) က ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ပယ်မာသည် အဆိုပါဆုအတွက် မန်စီးတီးကွင်းလယ်ကစားသမား ရိုဒရီ၊ တိုက်စစ်မှူး ဟာလန်း၊ လီဗာပူးတိုက်စစ်မှူး ဆာလာဟ်၊ အာဆင်နယ်ကစားသမား ဆာကာ၊ အေဗီလာတိုက်စစ်မှူး အိုလီဝက်ကင်းတို့ကိုကျော်ဖြတ်၍ ဆန္ဒမဲ ၂၅၀၀၀၀ ကျော်ဖြင့် တစ်နှစ်တာ အကောင်းဆုံးဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၂ နှစ်ရှိ ပယ်မာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းနှင့် အင်္ဂလန်အသင်းတို့အတွက် ဂိုးများသွင်းယူ၍ ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် အကောင်းဆုံးဆုရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်က တိုက်စစ်မှူး ဟယ်ရီကိန်းနောက်ပိုင်း အကောင်းဆုံးဆုရသည့် အင်္ဂလန်ကစားသမားတစ်ဦး ဖြစ်လာခဲ့သည်။

FSA အမှုဆောင်ဥက္ကဋ္ဌ ဗင်မိုင်းလ်က" ပယ်မာဟာ အချိန်တိုအတွင်း အသင်းနဲ့အသားကျခဲ့ပြီး သွင်းဂိုးတွေ အများကြီးသွင်းယူနိုင်ခဲ့တာပါ။ နိုင်ငံအသင်းအတွက်လဲ အရည်အသွေးကောင်းတွေပြသနိုင်ခဲ့လို့ ပရိသတ်တွေရဲ့ ထောက်ခံမှု အများဆုံးရခဲ့ပြီး ဆုရရှိခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : 90min**

**Trs : ML**

# အင်တာမီယာမီအသင်းက မာရှီယာနိုကို နည်းပြသစ်အဖြစ် ခန့်အပ်



**ဝါရှင်တန် ဒီဇင်ဘာ ၄**

အင်တာမီယာမီ အသင်းသည် ရလဒ်ဆိုးရွားနေသည့် နည်းပြ မာတီနိုကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် နည်းပြမာရှီယာနိုကို ပြန်လည် ခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၄၀ ရှိမာရှီယာနိုသည် ကစားသမားဘဝက တိုက်စစ်မှူး မက်ဆီနှင့် ဘာစီလိုနာအသင်းတွင် ကစားခဲ့သူဖြစ်ပြီး နည်းပြလောကသို့ ဝင်ရောက်လာသည်မှာ မကြာသေးဘဲ အတွေ့အကြုံနည်းပါးသော်လည်း အသင်းဥက္ကဋ္ဌ ဂျော်ဂျီမက်က မာရှီယာနို၏ အစွမ်းအစကိုယုံကြည်၍ ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

မာရှီယာနိုသည် နည်းပြဘဝတွင် အာဂျင်တီးနားလူငယ်အသင်းကိုသာ လေးနှစ်ကြာ တာဝန်ယူခဲ့ပြီး လူငယ်အသင်းကို ခြေစွမ်းပိုင်းတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ကလပ်အသင်းနည်းပြအဖြစ် ပထမဆုံးခန့်အပ်ခံရကာ ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားတွင် အသင်းကို ဦးဆောင်ပေးရမည် ဖြစ်သည်။

မာရှီယာနိုသည် ကစားသမားဘဝတွင် ဘာစီလိုနာအသင်းနှင့်အတူ ချန်ပီယံလိဂ် နှစ်ကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလား နှစ်ကြိမ်၊ လာလီဂါဖလား ငါးကြိမ်၊ စပိန်ဘုရင့်ဖလား ငါးကြိမ်ထိရရှိခဲ့ပြီး အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။ **Ref : Goal.com**

**Trs : ML**

# ဒဏ်ရာသက်သာနေပြီဖြစ်သော်လည်း ပြိုင်ပွဲပြန်ဝင်နိုင်မည့်အချိန်ကို မခန့်မှန်းနိုင်သေးကြောင်း တိုက်ဂါးဝုဒ်ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၄**

ဂေါက်သီးရိုက် လောကတွင် အအောင်မြင်ဆုံးသော ဂေါက်သီးရိုက်ကစားသမားအဖြစ် သတ်မှတ်ခံထားရသည့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား တိုက်ဂါးဝုဒ်သည် ပြီးခဲ့သည့် ဇူလိုင်လက နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူထားပြီးဖြစ်သလို ဒဏ်ရာသက်သာလာပြီဖြစ်သော်လည်း ပြိုင်ပွဲဝင်နိုင်သည့် အခြေအနေမျိုး မရောက်သေးသည့်အတွက် ၎င်းဦးဆောင်ကျင်းပပေးနေသည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်ထားသူလည်းဖြစ်သည်။

အသက် ၄၉ နှစ်ရှိ တိုက်ဂါးဝုဒ်သည် အသက်အရွယ်နှင့် အောင်မြင်မှုများအရ ဂေါက်သီးရိုက်လောကမှ အနားယူနိုင်သည့်အခြေအနေဖြစ်နေသော်လည်း ဂေါက်သီးရိုက်လောကမှအနားယူရန် အစီအစဉ်မရှိသေးသလို ဂေါက်သီးရိုက်လောကတွင်ဆက်လက်ကျင်လည်သွားနိုင်ရေးအတွက် ကြံ့ခိုင်မှုအကောင်းဆုံး ပုံစံရရှိအောင် ကြိုးစားနေဆဲဖြစ်သည်။

ခွဲစိတ်ကုသမှု ခံယူထားသည့် နောက်ကျောဒဏ်ရာ ပြန်လည်သက်သာလာပြီ ဖြစ်သော်လည်း ပြန်ကစားနိုင်မည့်အချိန်ကို မခန့်မှန်းနိုင်သေးကြောင်း တိုက်ဂါးဝုဒ်က ယနေ့တွင် ပြောကြားခဲ့သည်။

တိုက်ဂါးဝုဒ်က "ပြီးခဲ့တဲ့ ဇူလိုင်လက ခွဲစိတ်ကုသမှုခံယူထားတဲ့ ဒဏ်ရာအခြေအနေဟာ တိုးတက်မှုတော့ရှိပါတယ်။ အခုဆိုရင် ကြံ့ခိုင်မှု တိုးတက်လာစေဖို့အတွက် လိုအပ်တဲ့ လေ့ကျင့်ခန်းတွေ ပြုလုပ်နေပါတယ်။ ကြံ့ခိုင်မှုရာနှုန်းပြည့်ပြန်လည်ရရှိအောင် ကြိုးစားနေပါတယ်။ ဒါပေမယ့်လဲ ဘယ်ကာလမှာမှ ပြိုင်ပွဲပြန်ဝင်နိုင်မလဲဆိုတာတော့ ကျွန်တော်ကိုယ်တိုင်လဲ မပြောနိုင်သေးဘူး။ ပြိုင်ပွဲထဲဝင်နိုင်တဲ့ ကြံ့ခိုင်မှုမျိုးမရှိသေးတဲ့အတွက် အချိန်ကာလတစ်ခုအထိတော့ အနားယူရမယ်။ ကျွန်တော့်ကိုယ်ကျွန်တော် ပိုပြီးသန်မာလာတယ်လို့ ခံစားရတဲ့အချိန်ကျမှ ပြိုင်ပွဲဝင်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : AZL**



# ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား ဒီဂျောင်းကို ရောင်းချရန်ပြင်ဆင်

**မက်ဒရစ် ဒီဇင်ဘာ ၄**

ဘာစီလိုနာ အသင်းသည် အသင်းမှ ကွင်းလယ်ကစားသမား ဒီဂျောင်းကို လာမည့်ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ရရှိလျှင် ရောင်းချရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ဒီဂျောင်းသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က အေဂျက်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ဘာစီလိုနာအသင်းက မြင့်မားသည့် လုပ်ခလစာ ပေးချေနေရသည့်အတွက် လာမည့်ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် နည်းပါးသည့် ပြောင်းရွှေ့ကြေးဖြင့် ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် လက်ရှိအသင်းကွင်းလယ်ပိုင်းတွင် လူငယ်ကစားသမားများဖြစ်သည့် ပက်ဒရီနှင့် ဂါဗီတို့ ရှိနေသည့်အတွက် ဒီဂျောင်းကို ပြန်လည်ရောင်းချလိုနေသကဲ့သို့ အသင်းဘဏ္ဍာရေး အကျပ်အတည်းများကြောင့် လာမည့်ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်အတွက် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

လက်ရှိဘာစီလိုနာအသင်းနှင့် ဒီဂျောင်းတို့ စာချုပ်သက်တမ်းမှာလည်း လာမည့် ၂၀၂၆ ခုနှစ်တွင် ကုန်ဆုံးမည် ဖြစ်သည့်အတွက် ဘာစီလိုနာအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသောကြောင့် လာမည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်အတွက် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : AZL**

# ဝက်စ်ဟမ်းအသင်းက နည်းပြအပြောင်းအလဲလုပ်ဆောင်ရန်အတွက် ကြိုးပမ်းနေပြီး နည်းပြသစ်အဖြစ် ဂရာဟမ်ပေါ်တာကိုခန့်အပ်ရန် ချိတ်ဆက်နေ

**လန်ဒန် ဒီဇင်ဘာ ၄**

ဝက်စ်ဟမ်းအသင်းက လက်စတာအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် စတင်ကြိုးပမ်းနေပြီး နည်းပြလိုပက်တယ်ဂူရီကို ထုတ်ပယ်ပြီး နည်းပြသစ်အဖြစ် ချဲလ်ဆီးအသင်း နည်းပြဟောင်း ဂရာဟမ်ပေါ်တာကို ချိတ်ဆက်လျက်ရှိနေကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်း သည် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က နည်းပြ ဒေးဗစ်မိုယက်နှင့် လမ်းခွဲခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြသစ်အဖြစ် လိုပက်တယ်ဂူရီကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သော်လည်း ဝက်စ်ဟမ်းအသင်း အနေဖြင့် ယခုနှစ်ဘောလုံးရာသီ အစပိုင်းတွင် ရလဒ်များ ဆိုးရွားနေသည့်အတွက် နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် ပြင်ဆင်နေခြင်း ဖြစ်သည်။

ဝက်စ်ဟမ်း အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြ လိုပက်တယ်ဂူရီလက်အောက်တွင် ရှုန်းကန်နေရပြီး ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ၁၄ ပွဲ ကစားပြီးချိန်၌ လေးပွဲသာ အနိုင်ရရှိခဲ့ပြီး သုံးပွဲသရေရလဒ်နှင့် ခုနစ်ပွဲထိ ရှုံးနိမ့်ခဲ့သည့်အတွက် နည်းပြ လိုပက်တယ်ဂူရီကို ထုတ်ပယ်ရန် ပြင်ဆင်နေခြင်း ဖြစ်သည်။

လက်ရှိတွင် ဝက်စ်ဟမ်းအသင်းသည် နည်းပြသစ်အဖြစ် ချဲလ်ဆီးအသင်းနည်းပြဟောင်း ဂရာဟမ်ပေါ်တာ၊ ဒေါ့မွန်အသင်းနည်းပြဟောင်း တာဇစ်နှင့် ပေါ်တိုအသင်းနည်းပြဟောင်း ကွန်ဆီဆာအိုတို့ ရေပန်းစားနေသော်လည်း ဝက်စ်ဟမ်းအသင်း တာဝန်ရှိသူများက ဘရိုက်တန်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ကို ကိုင်တွယ်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ အတွေ့အကြုံရှိသည့် နည်းပြဂရာဟမ်ပေါ်တာကို ဦးစားပေးပစ်မှတ်ထားပြီး လက်ရှိတွင် ချိတ်ဆက်မှုများ လုပ်ဆောင်လျက်ရှိနေသည်။

နည်းပြ ဂရေဟမ်ပေါ်တာသည်လည်း ချဲလ်ဆီးအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည့်အတွက် ဝက်စ်ဟမ်းအသင်း နည်းပြသစ်အဖြစ် ပရီးမီးယားလိဂ်ပြိုင်ပွဲကို ပြန်လည် ရောက်ရှိလာဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Fooball London**

**Trs : STA**

# မြန်မာ့အမွေအနှစ်ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်



၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်ထိ ပါရာဂွေးနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ၁၉ ကြိမ်မြောက် UNESCO(United Nations Educational, Scientific and Cultural Organization) ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာညီလာခံ (Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage)၌ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို မြန်မာတို့၏ကိုယ်ပိုင်ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် မဲခွဲအတည်ပြုဆုံးဖြတ်ကြရန် စီစဉ်ထားကြောင်း ကြားသိရသည်။ အတာသင်္ကြန်ပွဲတော်ဟူသည် ရှေးနှစ်ထောင်ပေါင်းများစွာမှသည် ယနေ့တိုင်အောင် နှစ်စဉ် မပျက်မကွက် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော်တစ်ခုပင်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း မြန်မာတစ်မျိုးသားလုံး အပါအဝင် ကမ္ဘာလှည့်ခရီးသွားများ၊ လူမျိုး၊ ဘာသာ၊ လူတန်းစားမရွေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြသည့် ကမ္ဘာသိ ရိုးရာပွဲတော်တစ်ခုဖြစ်သည်။

အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းတွင် အဆိုတင်သွင်းဖြစ်ခဲ့သည့် အကြောင်းရင်းခံမှာ ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ နှစ်သစ်ကူးဆုန်ခရမ်ပွဲတော်ကို ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ရာမှ အစပြုခဲ့သည်။ ထိုသို့ အသိအမှတ်ပြုခံခဲ့ရပြီးနောက် ၂၀၂၄ ခုနှစ် ဆုန်ခရမ်ပွဲတော်ကို ကျင်းပခဲ့ရာတွင် ထိုင်းနိုင်ငံအမျိုးသားယဉ်ကျေးမှုတိုးတက်မြှင့်တင်ရေးမဟာဗျူဟာကော်မတီ (National Soft Power Strategy Committee / NSPSC)မှ ကြီးမှူး၍ ဘတ်ဂျက် ထိုင်းဘတ်ငွေ ၅ ဒသမ ၁ ဘီလီယံကျော် အသုံးပြု၍ ကျင်းပရန် စီစဉ်ခဲ့သည်။ တစ်နိုင်ငံလုံးတွင် ခရိုင်အလိုက် ရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်၍ ရေကစားပွဲတော်အခမ်းအနားပေါင်း တစ်သောင်းကျော် ကျင်းပရန် စီမံဆောင်ရွက်ခဲ့သည်။ ထိုသို့ ကျင်းပနိုင်ရန်အတွက်လည်း ကျေးရွာအလိုက် ဒေသခံများကို ပွဲတော်များဦးစီးကျင်းပနိုင်ရေး သင်တန်းများပေး၍ ဆုန်ခရမ်ပွဲတော်ကို ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်စရာ ကမ္ဘာသိပွဲတော်တစ်ခုဖြစ်လာစေရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

၎င်းကိစ္စနှင့် ပတ်သက်၍ မြန်မာပြည်သူလူထုကြားတွင် "တို့မြန်မာသင်္ကြန်ပွဲကို အစိုးရကရော ယူနက်စကို မတင်ဘူးလား"၊ "သင်္ကြန်ဆိုတာ တို့နိုင်ငံရဲ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်လေ" စသဖြင့် ဝေဖန်မှုများစွာ ပေါ်ပေါက်လာခဲ့သည်။ ပြည်သူအများစု စိုးရိမ်ပူပန်ကြခြင်း၊ ဝေဖန်ကြခြင်းသည် မိမိယဉ်ကျေးမှုကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုသည့် ပြင်းပြသော အမျိုးသားရေးစိတ်ဓာတ်ကို ညွှန်ပြနေသဖြင့် ကောင်းသည့်လက္ခဏာတစ်ရပ်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိသည်။ သို့သော် ထိုဖြစ်စဉ်တွင် ပြည်သူလူထုအတွင်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ(Intangible Cultural Heritage – ICH) နှင့်ပတ်သက်၍ အသိပညာဗဟုသုတများ ပြန့်ပွားမှုအားနည်းနေသည့်အချက်ကို စိုးရိမ်ဖွယ် အချက်တစ်ခုအဖြစ် တွေ့ရှိခဲ့သည်။ ထို့ကြောင့် ဤဆောင်းပါးတွင် မြန်မာ့ရိုးရာအတာသင်္ကြန်နှစ်သစ်ကူးပွဲတော်ကို ယူနက်စကိုသို့ အဆိုပြုတင်သွင်းခဲ့ပုံအဆင့်ဆင့်နှင့် အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း မည်သို့မည်ပုံစာရင်းတင်သွင်းရမည်ဆိုသည့် အကြောင်းကို ဦးစားပေးတင်ပြသွားပါမည်။

ပြည်သူအများစု မသိရှိသောအချက်မှာ ထိုင်းနိုင်ငံ၏ ဆုန်ခရမ်ပွဲတော်ကို ICH (Intangible Cultural Heritage) ဟူသည့် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ယူနက်စကိုသို့တင်ပြရာတွင် မြန်မာ့ရိုးရာအတာသင်္ကြန်ကို ဆွဲယူတင်သွင်း၍ မရဘဲ ထိုင်းနိုင်ငံတွင် နှစ်စဉ်ဆင်နွှဲလေ့ရှိသည့် ရိုးရာပွဲတော်တစ်ခုအနေဖြင့်သာ တင်သွင်းခဲ့သည့် အချက်ပင်ဖြစ်သည်။ သို့သော် ပြည်သူအများစု၏ ဝေဖန်အကြံပြုမှုများအပြင် မိမိတို့နိုင်ငံ၏ ရိုးရာဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust – MCHT) မှ ကမကထပြုကာ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ချစ်မြတ်နိုးသည့် အသိ၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ Living Myanmar Media Group၊ Ko Hein's Vlog ကဲ့သို့ သတင်းနှင့် လူမှုကွန်ရက်မီဒီယာလုပ်ငန်းများနှင့် စိတ်ပါဝင်စားသူ ပြည်သူများပူးပေါင်း၍ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကိုလည်း ယူနက်စကို၏ ICH စာရင်းဝင်ရန်အတွက် ၂၀၂၃ ခုနှစ်တွင် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း ကြားသိရသည်။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (MCHT) သည် Living Myanmar Media Group ၊ Ko Hein's Vlog စသည့် သတင်းမီဒီယာများနှင့် ပူးပေါင်းကာ မြန်မာ့ရိုးရာအတာသင်္ကြန်သည် ရှေးနှစ်ပေါင်းများစွာမှ ယနေ့ထိ မြန်မာတစ်မျိုးသားလုံး ပါဝင်ဆင်နွှဲလျက်ရှိသော ပွဲတော်တစ်ခုဖြစ်ကြောင်း၊ အတာသင်္ကြန်ပွဲတော်ကျင်းပရန် မြန်မာ့ရိုးရာပြက္ခဒိန်တွင် နှစ်သစ်ကူးကာလကို တွက်ချက်ခြင်း၊ သမိုင်းစာပေအထောက်အထားများ၊ အကြိုနေ့မှ အတက်နေ့ထိ ရေသဘင်ပွဲတော်ကို တစ်နိုင်ငံလုံးတွင် ပျော်ရွှင်စွာ ကျင်းပပုံများနှင့် သင်္ကြန်ပွဲတော်တွင် ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံအရ ကျွေးမွေးညှော်ခံကြပုံ၊ ဘေးမဲ့လွှတ်ကြပုံ၊ သက်ကြီးဘိုးဘွားများကို ပြုစုစောင့်ရှောက်ကြပုံ၊ ဥပုသ်သတင်းသီလဆောက်တည်၍ အလှူဒါနပြုကြပုံများ စသဖြင့် သက်ဆိုင်သော အချက်အလက်များကို စုဆောင်း၍ မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန် (ရေသဘင်ပွဲတော်)ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် တင်သွင်းရန်အတွက် အဆိုပြုလွှာကို ၂၄.၃.၂၀၂၃ ရက်တွင် Living Heritage Entity Culture Sector (France) သို့ DHL ဖြင့် ပေးပို့ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပေးပို့ရာတွင် အဆိုပြုလွှာအပြင် သင်္ကြန်ပွဲတော်နှင့် သက်ဆိုင်သော အချက်အလက်များကို ၁၀ မိနစ်ထက် မကျော်သည့် အင်္ဂလိပ်စကားပြောမှတ်တမ်းရုပ်သံအဖြစ် ဖန်တီးကာ ပေးပို့ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဖန်တီးရာတွင် လူမှုကွန်ရက်မီဒီယာများတွင် တစ်နိုင်ငံလုံးရှိ မြန်မာပြည်သူများ သင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပုံ ရုပ်သံအစစ်အမှန်များကိုသာ လူမှုကွန်ရက်တွင် ရှာဖွေစုဆောင်း၍ ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း Living Myanmar Media ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ ထို့နောက် ၂၆.၉.၂၀၂၃ ရက်တွင် Community voice ဟုခေါ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ပြည်သူများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအသင်းအဖွဲ့များ၏ ထောက်ခံချက်နှင့် အသံဖိုင်ကို ထပ်မံပေးပို့ခဲ့ကြောင်း သိရှိရသည်။ ၅.၈.၂၀၂၄ ရက်တွင် ယူနက်စကိုမှ ထပ်မံမေးမြန်းလာသည့် မေးခွန်းနှစ်ခုကို အင်္ဂလိပ်၊ ပြင်သစ် နှစ်ဘာသာဖြင့် ရေးသားဖြေဆို၍ ၅.၈.၂၀၂၄ ရက်တွင်ပြန်လည်ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာပြည်သူအများစုမသိရှိသည့် အချက်မှာ ထိုသို့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအတွက် အဆိုပြုတင်သွင်းရာတွင် ယူနက်စကိုအနေဖြင့် အစိုးရမဟုတ်သော အရပ်ဖက်ယဉ်ကျေးမှု၊ လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူတို့၏ ကိုယ်တိုင်တင်ပြလျှောက်ထားချက်များကိုသာ လက်ခံ၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ယူနက်စကို၏ စည်းမျဉ်းများအရ အစိုးရအနေဖြင့် တိုက်ရိုက်လျှောက်ထားလုပ်ကိုင်၍ မရသဖြင့် အစိုးရဌာနဆိုင်ရာများသည် တင်ပြလျှောက်ထားရာတွင် လိုအပ်သော အချက်အလက်များကို ကူညီ၍ ရှာဖွေပြုစုပေးခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စများနှင့် အခြားလိုအပ်သော အရင်းအမြစ်များ ကူညီပံ့ပိုးပေးခြင်း စသည့် ပံ့ပိုးကူညီမှုများကိုသာလျှင် ဆောင်ရွက်ပေးနိုင်သည်။ ယခုကဲ့သို့ MCHT ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဲ့သို့ နိုင်ငံတော်အစိုးရဌာနဆိုင်ရာများ၏ အကူအညီပေးမှုများလည်း ပါဝင်နေကြောင်းကို ကြားသိရသည်။

**❖ မိမိတို့နိုင်ငံ၏ ရိုးရာဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust - MCHT)မှ ကမကထပြုကာ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ချစ်မြတ်နိုးသည့် အသိ၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ Living Myanmar Media Group၊ Ko Hein's Vlog ကဲ့သို့ သတင်းနှင့် လူမှုကွန်ရက်မီဒီယာလုပ်ငန်းများနှင့် စိတ်ပါဝင်စားသူ ပြည်သူများ ပူးပေါင်း၍ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကိုလည်း ယူနက်စကို၏ ICH စာရင်းဝင်ရန်အတွက် ၂၀၂၃ ခုနှစ်တွင် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း ကြားသိရသည်။ ❖**

စာမျက်နှာ ၁၁ သို့ ➤

# Moana 2 ကွန်ပျူတာအင်နီမေးရှင်းရုပ်ရှင်ဇာတ်ကားက ငါးရက်တာကာလအတွင်း ကန်ဒေါ်လာ ၂၂၁ သန်းထိ ပြည်တွင်းဝင်ငွေရရှိ




**နယူးယောက် ဒီဇင်ဘာ ၄**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Moana 2 ကွန်ပျူတာအင်နီမေးရှင်း ရုပ်ရှင်ဇာတ်ကားသည် နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ ငါးရက်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၂၁ သန်းထိ ပြည်တွင်းဝင်ငွေ ရရှိခဲ့ကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

ထို့ပြင် Moana 2 ဇာတ်ကားသည် နိုင်ငံတကာဈေးကွက်တွင်လည်း ဒီဇင်ဘာ ၁ ရက်ထိ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၆၅ ဒသမ ၃ သန်းထိရရှိခဲ့ရာ ၎င်းဇာတ်ကား၏ ကမ္ဘာတစ်ဝန်း ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၈၆ ဒသမ ၃ သန်းထိ ရှိလာခဲ့ကြောင်း သိရသည်။

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် Moana 2 ဇာတ်ကားကို နိုဝင်ဘာ ၂၇ ရက်တွင် မြောက်အမေရိက ဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်များ၌ စတင်ရုံတင်ပြသခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Moana 2 ကွန်ပျူတာအင်နီမေးရှင်းဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဒါးရက် ဂျူနီယာဂျေဆင်ဟန်းက တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

၎င်းဇာတ်ကားတွင် ကမ္ဘာကျော် အက်ရှင်မင်းသား ဒွိန်းဂျွန်ဆင်နှင့် မင်းသမီး အော်လီအီကရာဗယ်ဟိုတို့က အသံဖြင့် ပါဝင်သရုပ်ဆောင်ပေးထားကြောင်း သိရသည်။

Moana 2 ဇာတ်ကားသည် Moana (2010)၏ နောက်ဆက်တွဲ ကွန်ပျူတာ အင်နီမေးရှင်းဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# Canyon လျှို့ဝှက်သည်းဖိုဇာတ်ကားတွင် မင်းသား ဒွန်ချီဒယ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၄**

Alcon Entertainment ကုမ္ပဏီ၏ Canyon အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဒွန်ချီဒယ် ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃ ရက်သတင်းများအရ သိရသည်။

Canyon ဇာတ်ကားသည် ဂီတသမားဖြစ်သကဲ့သို့ လူသတ်သမားတစ်ဦးလည်း ဖြစ်သည့် အမျိုးသားတစ်ဦးက ရာဇဝတ်ဂိုဏ်းနှစ်ဂိုဏ်းကြား ကြားညပ်နေသော လူငယ်တစ်ဦးကို အကာအကွယ်ပေးခဲ့ရမှုကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။


Canyon ဇာတ်ကားကို ဒါရိုက်တာ ကောလင်းတီဂေးက တာဝန်ယူရိုက်ကူးပေးမည် ဖြစ်ကြောင်း သိရသည်။

Canyon ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို John Wick ဇာတ်ညွှန်းရေးဆရာ ဒါရက်ကိုးစတက်က တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

Canyon ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို Alcon Entertainment က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

လက်ရှိတွင် Canyon ဇာတ်ကား၌ မင်းသား ဒွန်ချီဒယ်နှင့်အတူ သရုပ်ဆောင်မည့် သရုပ်ဆောင်များကိုလည်း မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



➤ **စာမျက်နှာ ၁၀ မှအဆက်**

နိုင်ငံအသီးသီးတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုများသည် တူညီမှုရှိသကဲ့သို့ ကွဲပြားခြားနားမှုများလည်းရှိသည်။ နိုင်ငံအသီးသီးရှိ ဒြပ်မဲ့ယဉ်ကျေးမှုများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ယူနက်စကို အဖွဲ့ကြီးသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁၇ ရက် ထိ ကျင်းပခဲ့သည့် ၃၂ ကြိမ်မြောက် အထွေထွေအစည်းအဝေး၌ ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေ အနှစ်များကာကွယ်စောင့်ရှောက်ရေးဆိုင်ရာပဋိညာဉ်စာချုပ် (2003 Convention for the Safeguarding of the Intangible Cultural Heritage) ကို ရေးဆွဲချမှတ်ခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၅ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် မေ ၇ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

၂၀၀၃ ကွန်ဗင်းရှင်းသတ်မှတ်ချက်အရ ဒြပ်မဲ့ယဉ်ကျေးမှုတွင် နယ်ပယ် ငါးခုပါဝင်ပြီး

(က) ပါးစပ်ရာဇဝင်နှင့်ဖော်ပြချက်များဘာသာစကားများ

(ခ) ဖျော်ဖြေတင်ဆက်မှုအနုပညာများ

(ဂ) လူမှုရေးအစဉ်အလာအလေ့အထများ၊ ရိုးရာဓလေ့များနှင့် ပွဲတော်များ

(ဃ) သဘာဝနှင့် စကြဝဠာဆိုင်ရာဗဟုသုတနှင့် ရိုးရာအစဉ်အလာဓလေ့များ

(င) ရိုးရာလက်မှုပညာရပ်များ ပါဝင်သည်။

ယခုမြန်မာ့ရိုးရာအတာသင်္ကြန်ကိုသာ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်ခြင်းကိုခံခဲ့ရမည်ဆိုလျှင် မြန်မာနိုင်ငံအတွက် ပထမဆုံးယူနက်စကို ICH စာရင်းဝင်ခဲ့သည့် ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုဖြစ်လာလိမ့်မည်ဖြစ်သည်။ သို့သော် ပထမဆုံး တင်သွင်းခဲ့ခြင်းတော့ မဟုတ်ခဲ့ချေ။ မြန်မာ့ရိုးရာသနပ်ခါးကို ယူနက်စကို ICH စာရင်းဝင်အဖြစ်သို့ လျှောက်ထားရန် ၂၀၁၉ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့ကြပြီး ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ် ၃ရက်ကတည်းက ယူနက်စကိုသို့ တင်ပြထားခဲ့သော်လည်း ယနေ့ထိ တိုးတက်မှုမရှိသေးကြောင်း သိရှိခဲ့ရသည်။ မြန်မာ့ရိုးရာအတာ သင်္ကြန်ကဲ့သို့ပင် သနပ်ခါးဟူသည် မြန်မာလူမျိုးအများစု နေ့စဉ်လိမ်းကျံအလှဆင်ကြသည့် ရိုးရာဓလေ့တစ်ခုဖြစ်ပြီး ကမ္ဘာ့ပေါ်တွင် မြန်မာတစ်နိုင်ငံတည်း၌သာရှိသည့် မြန်မာ့ယဉ်ကျေးမှုစစ်စစ်ဖြစ်သည်။ ထို့ကြောင့် ထိုသို့တိုးတက်မှုမရှိခြင်းအပေါ် ပြန်လည်သုံးသပ်၍ ပြင်ဆင်တင်ပြသင့်ပါကြောင်း အကြံပြုတင်ပြလိုသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်နှင့် သနပ်ခါးကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၌ မျက်မြင်အားဖြင့် အကောင်အထည်မဖော်ပြနိုင်ဘဲ မြန်မာတိုင်းရင်းသားတို့၏ နှလုံးသား၌ စွဲကျန်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ များစွာရှိသည်။ တစ်နည်းအားဖြင့် မျိုးဆက်တစ်ခုမှတစ်ခုသို့ ယဉ်ကျေးမှုအမွေအနှစ်များကို နှုတ်ဖြင့်ဖြစ်စေ၊ လက်တွေ့သင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ မှတ်တမ်းမှတ်ရာများ ထားရှိပေး၍ဖြစ်စေ ရှေးယခင်မှ ယခုမျက်မှောက်ကာလထိ ဆင့်ကဲဆင့်ကဲရောက်ရှိလာခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပေါ်ထွန်းလာခြင်းပင်ဖြစ်သည်။ လက်ရှိအချိန် မြန်မာနိုင်ငံတစ်ဝန်းတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းစုစုပေါင်း ၂၂၈၉ ခုကို မှတ်တမ်းကောက်ယူပြီးဖြစ်ကြောင်း သိရှိရသည်။ ယခု MCHT ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုနည်းလမ်းများသည် မြန်မာတိုင်းရင်းသားအများစု လက်လှမ်းမီ၍ လိုက်ပါလုပ်ဆောင်နိုင်သော လုပ်ငန်းစဉ်များပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာ့တိုင်းရင်းသားမျိုးနွယ်တို့၏မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းကြသည့် ရိုးရာဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေးမှုများကိုဖော်ထုတ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ပြပွဲများပြုလုပ်ခြင်း၊ ပြတိုက်များတွင် ပြသခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခြင်းကဲ့သို့ နည်းလမ်းများဖြင့် ရိုးရာယဉ်ကျေးမှုကို ဆက်လက်ရှင်သန်အောင် အားပေးဆောင်ရွက်ကြရန် လိုအပ်လျက်ရှိသည်။ မိမိတို့၏ဒေသနှင့် ဓလေ့ထုံးစံများအလိုက် ထိန်းသိမ်းစောင့်ရှောက်ရမည့် ဒြပ်မဲ့ယဉ်ကျေးမှုများကို ဒေသအဆင့်မှ နိုင်ငံတော်အဆင့်၊ ထိုမှတစ်ဆင့် ကမ္ဘာ့အမွေအနှစ်အဆင့်ထိအောင် တက်လှမ်းရာတွင် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍသည်သာ အရေးပါဖြစ်သည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဌာနဆိုင်ရာများမှလည်း ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း ဝမ်းမြောက်ဖွယ်ကြားသိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းသည် နိုင်ငံသားအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း ဤဆောင်းပါးဖြင့် အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုညာဏ်လေး(စေရာမြေ)**

# The Barrier ဇာတ်ကားသစ်တွင် မင်းသား အော်စတင်ဘတ္တလာ ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၄**

The Barrier အမည်ရှိ သိပ္ပံဆန်းကြယ် ဇာတ်ကားသစ်တွင် မင်းသား အော်စတင်ဘတ္တလာ ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

The Barrier ဇာတ်ကားကို All Quiet on the Western Front ဒါရိုက်တာ ဟက်ဒ်ဘာဂျာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ မက်မီလန်ဟက်၏ ဝတ္ထုတိုတစ်ပုဒ်ကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Barrier ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် The Barrier ဇာတ်ကားသည် အချိန်ကာလခရီးသွားမှုသဘောတရားပါဝင်သော သိပ္ပံရုပ်ရှင်ဇာတ်ကားဖြစ်နိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Barrier ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador of Belarus to Myanmar based in Hanoi


Senior General Min Aung Hlaing receives H.E. Mr. Uladzimir Baravikou, the Ambassador of Belarus to Myanmar.

**Nay Pyi Taw December 4**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received H.E. Mr. Uladzimir Baravikou, the Ambassador of Belarus to Myanmar based in Hanoi, this morning. The meeting took place at the reception hall of the Office of the Chairman of the State Administration Council in Nay Pyi Taw.

Along with the Senior General, Joint SAC Secretary General Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and officials attended the meeting.

During the meeting, cordial discussions focused on strengthening bilateral friendship and cooperation. Key topics included enhancing diplomatic relations and trade, fostering collaboration in education, agriculture, farming, healthcare, industry, and tourism, as well as expanding partnerships in various other sectors. The agenda also covered initiatives for sending students on study tours, dispatching scholars in science and technology, and advancing defense cooperation.

After the meeting, the Senior General and the Ambassador of Belarus exchanged gifts and posed for a group photograph. 100


Senior General Min Aung Hlaing presents a gift to H.E. Mr. Uladzimir Baravikou, the Ambassador of Belarus to Myanmar.

# Mawlaik District plants 3,443 acres of soya-beans, aiming for 7,600 acres this winter

**Mawlaik December 4**

In Sagaing Region's Mawlaik District, 3,443 acres of soya-beans have been planted so far during the 2024-2025 winter crop season, according to records from the Mawlaik District Agriculture Department.

The district has set a target of cultivating 7,600 acres of soya-beans this season, with planting beginning in October 2024. To date, 259 acres have been planted in Mawlaik Township and 3,184 acres in Phaungpyin Township, totaling 3,443 acres.

"This winter crop season, Mawlaik District aims to cultivate over 7,000 acres of soya-beans. So far, over 3,000 acres have been planted. Efforts are being made to meet the target, and we are also conducting educational programs to prevent pest infestations. Awareness campaigns have been initiated to ensure farmers can access necessary seeds," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

The planting target for soya-beans in Mawlaik District is distributed as 388 acres for Mawlaik Township and 7,212 acres for Phaungpyin Township, totaling 7,600 acres.

The Agriculture Department is providing farmers with technical knowledge to ensure the use of quality seeds suitable for the region, correct planting methods, pest control, proper fertilizer application, and enhanced productivity. Additionally, farmers are being supported with improved seed varieties, proper inputs, and post-harvest technologies to enhance both yield and quality.

During this year's winter planting season, the department is working closely with farmers to ensure the success of legume crops by offering resources and training to promote high yields and superior quality. 206

# ChaungU Township cultivates over 3,000 acres of winter seed corn and millets

**ChaungU December 4**

A total of 3,070 acres of seed corn and millets have been planted in this year winter crops planting season in ChaungU Township, Monywa District, Sagaing Region, according to statistics from the Department of Agriculture for ChaungU Township.

During the 2024-2025 winter crops planting season, 90 acres of seed corn and 3,240 acres of millets are planned to be planted in ChaungU Township. Since October of this year, 65 acres of seed corn and 3,050 acres of millets have been planted.

"We are working to reach the target area. We are providing awareness for the success of corn, and providing awareness to prevent the spread of pest," said Daw Khin Myat Myat Oo, head of the Department of Agriculture for ChaungU Township.

In ChaungU Township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over 500,000 kyats. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Merchants supply 700,000 pieces of coconuts to Yangon market in October



A stockpile of coconuts.

**Danubyu December 4**

Local merchants from Danubyu Township of Ayeyawady Region sent 700,000 pieces of coconuts to Yangon market in October, said Daw Hla Hla Htay, the businessperson of coconut trading in Danubyu Township.

They sent 500,000 pieces of coconuts in September but 700,000 in October, Coconut fetches K75,000 per 100 pieces in the market.

Daw Hla Hla Htay commented: "Our region sells agricultural produce as well as horticultural products to Yangon market. Last month, we sold 700,000 pieces of coconut to Yangon. At present, coconut is in high demand from Yangon market. So, market prices of the fruits are convenient for local farmers."

Merchants ship dried coconut, fresh coconut, tender coconut, peeled coconut and the fruit with peel to Yangon market by truck and vessel. Due to high demand of the fruits, those in production chain of coconut are convenient in their livelihoods.

Kyaw Kyaw Lin

# Reddish trading high in Myanaung Township

**Myanaung December 4**

Reddish produced in Myanaung Township of Ayeyawady Region is in good trading, said Daw Phyu Aung, the green grocery trader in Myanaung Township.

Local farmers emphasize cultivation of reddish. So, reddish weighing some 250 viss is traded daily from the second week of November to date.

Daw Phyu Aung explained: "Myanaung Township produces plentiful reddish with free from pests. Now, reddish trading booms in the region starting from the second week of November this year. Its price is slightly high due to high demand in the region."

Thanks to good trading of reddish, those in production chain are convenient in their livelihoods. At present, reddish fetches K35,000 per 10 viss in the market.

Kyaw Kyaw Lin

# Wetlet Township plants 1,780 acres of sunflowers, aiming for 4,433 acres this winter

**Wetlet December 4**

In Shwebo District's Wetlet Township, Sagaing Region, 1,780 acres of sunflowers have been planted during the 2024-2025 winter planting season, according to the records of the Township Agriculture Department.

The township has a target of planting 4,433 acres of sunflowers for this season, with planting beginning in October 2024. As of now, 1,780 acres have been successfully cultivated.

"This year, the township aims to plant over 4,000 acres of sunflowers during the winter season. To date, over 1,000 acres have already been planted. We are working to meet the target. Expanding sunflower cultivation is part of an effort to reduce imports of palm oil. Sunflowers, being an oil crop, yield more oil per acre compared to crops like groundnuts or sesame. Sunflowers are primarily grown during the winter season rather than the rainy season," said Daw Kyin San, Head of the Wetlet Township Agriculture Department.

To promote sunflower cultivation, the township agriculture department is conducting training programs to enhance farmers' skills and productivity. These include capacity-building sessions for staff and farmers involved in sunflower farming.

Support measures for farmers in Wetlet Township include providing sunflower seeds, selling urea fertilizers at affordable prices, and distributing new sunflower varieties through farmer-to-farmer exchange programs. These initiatives aim to encourage farmers to expand sunflower cultivation and achieve the township's agricultural goals.

206



A sunflower plantation.

# Xinhua Headlines: South Korea lifts short-lived emergency martial law in political turmoil

**Seoul December 4**

South Korean President Yoon Suk-yeol lifted early Wednesday the martial law he imposed a few hours earlier, giving in to lawmakers rejecting military rule.

Before retracting his martial law decree at a cabinet meeting, Yoon confirmed in a televised address that martial law troops were withdrawn.

The motion to remove the martial law order was approved at an urgently convened cabinet meeting, reported multiple media outlets.

The National Assembly held a plenary session, passing a resolution to lift the martial law with 18 lawmakers of the ruling People Power Party and 172 lawmakers of opposition parties voting in favor.

In accordance with the constitution, the president should lift martial law when the 300-member parliament demands the lifting with a majority of lawmakers voting in favor.

Yoon declared emergency martial law Tuesday night in a televised emergency address, claiming to eradicate "anti-state" forces and uphold free constitutional order, marking the first martial law declaration since the country's military dictatorship ended in the late 1980s.

He depicted it as an inevitable step to ensure people's freedom, safety and national sustainability from the anti-state forces seeking to overthrow the country, vowing to eliminate the anti-state forces and normalize the country as soon as possible.

Xinhua




**This photo taken at Seoul Station in Seoul, South Korea on Dec. 3, 2024 shows a screen displaying South Korean President Yoon Suk-yeol declaring an emergency martial law in a televised address.**

# Israeli attacks on Lebanon kill 4,047, injure 16,593: health minister

**Beirut December 4**

Lebanese Health Minister Firas Abiad announced on Wednesday that 4,047 people have been killed and 16,593 others injured in Israeli attacks on Lebanon since October of last year.

At a press conference in Beirut, Abiad said that 316 children were killed and 1,456 others injured, while 790 women were killed and 3,357 others injured in Israeli strikes across Lebanon.

Abiad also revealed that 67 hospitals were targeted by Israeli strikes, 40 of which were directly hit and seven others forcibly closed.

A ceasefire agreement between Lebanon and Israel took effect on Nov. 27, following a deadly conflict between the Lebanese armed group Hezbollah and Israel that began on Oct. 8, 2023. The confrontation has been regarded as the bloodiest since the last war between Lebanon and Israel in 2006.

Under the agreement, both sides agreed to a 60-day cessation of hostilities, with Israel gradually withdrawing its forces from southern Lebanon and Hezbollah retreating north of the Litani River.

Despite the truce, tensions remain high as both sides exchange accusations of ceasefire violations, raising concerns about the agreement's durability.

A source from Lebanese military intelligence, who required anonymity, told Xinhua on Wednesday that the Lebanese army had redeployed to four military sites west of the southern border town of Shebaa, which it abandoned about three months ago.

The source added that with this redeployment, the Lebanese army is now positioned approximately 700 meters from the Israeli sites in the occupied Shebaa Farms.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တောင်ကိုရီးယားက တာဝေးပစ်ဒုံးကျည်ကာကွယ်ရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေး အပြီးသတ်လုပ်ဆောင်နိုင်ခဲ့



တောင်ကိုရီးယားနိုင်ငံသည် တာဝေးပစ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်(L-SAM) စနစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နေမှုများ အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ် ဇွန်လတွင် လက်နက်စနစ်ဖွံ့ဖြိုးတိုးတက် ထုတ်လုပ်နိုင်ခဲ့မှုအပေါ် စမ်းသပ်မှုပြုလုပ်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ပြီး စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်ရန် တိုက်ပွဲဝင်အသင့်ဖြစ်မှုအတွက် စမ်းသပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းများကိုလည်း ထပ်မံပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တာဝေးပစ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်(L-SAM) စနစ်၏ ဖွံ့ဖြိုးတိုးတက်ရေး ကနဦးလုပ်ငန်းစဉ်များအားလုံး အောင်မြင်စွာပြီးမြောက်ခဲ့ပြီဟု ဆိုနိုင်မည်ဖြစ်သည်။ လက်နက်စနစ်များ ထုတ်လုပ်နိုင်မှုကို ၂၀၂၅ ခုနှစ်တွင် စတင်နိုင်ရန်နှင့် ၂၀၃၀ ပြည့်နှစ်နှောင်းပိုင်းတွင် တပ်တော်ဝင်အသုံးပြုနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

အမြင့် ကီလိုမီတာ ၄၀ (၂၅ မိုင်) အထက်မှ ဝင်ရောက်လာသော ပစ်မှတ်များကိုပစ်ချရန် ဒီဇိုင်းထုတ်လုပ်ထားသည့် L-SAM စနစ်ကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့မှု အထိမ်းအမှတ်အခမ်းအနားကို Daejeon မြို့ရှိ ကာကွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတွင် ကျင်းပပြုလုပ်ခဲ့သည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန(MoD)၏ ထုတ်ပြန်ချက်၌ ဖော်ပြခဲ့သည်။

အဆိုပါ L-SAM လက်နက်စနစ်သည် ပဲ့ထိန်းဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များ အပါအဝင် ပစ်မှတ်အမျိုးအပြားကို ကြားဖြတ်ပစ်ချနိုင်ရန် Hit To Kill(ထိကွဲ) နည်းပညာကို အသုံးပြုထားသည်။ အကွာအဝေး ၉၃ မိုင်ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး ပိုမိုမြင့်မားသော အကွာအဝေးစွမ်းရည်အတွက် အဆင့်မြင့်ဗားရှင်းကိုလည်း ထပ်မံတီထွင်ထုတ်လုပ်လျက်ရှိသည်။

L-SAM စနစ်သည် တောင်ကိုရီးယားနိုင်ငံ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး(KAMD)ဟု အမည်ပေးထားသော အလွှာပေါင်းစုံလေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို အမြင့် ကီလိုမီတာ ၄၀ အောက် အားဖြည့်ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ၎င်းတွင် အမေရိကန်နိုင်ငံထုတ် Patriot Advanced Capability-3 နှင့် တောင်ကိုရီးယားနိုင်ငံထုတ် တာလတ်ပစ်လက်နက်စနစ် M-SAM II တို့လည်း ပါဝင်သည်။ အမြင့် ကီလိုမီတာ ၄၀ မှ ၁၅၀ အထက်မှ ပျံသန်းဝင်ရောက်နိုင်သော လေကြောင်းခြိမ်းခြောက်မှုများအတွက် တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်နိုင်ငံထုတ် Terminal High Altitude Area Defense System(THAAD)လက်နက်စနစ်ကို အားကိုးနေရသည်။

တောင်ကိုရီးယားနိုင်ငံ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး (KAMD)သည် တောင်ကိုရီးယားနိုင်ငံနယ်မြေကို ကာကွယ်သည့်ခံစစ်စနစ်ဖြစ်ပြီး အခြားစနစ်နှစ်ခုသည် တိုက်စစ်ကို ပိုမိုအာရုံစိုက်ထားကြောင်း၊ L-SAM ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အမြင့်ပျံ လေကြောင်းရန်ကာကွယ်ရေးအတွက် နောက်ထပ်အခွင့်အရေးတစ်ခု ပိုင်ဆိုင်ထားနိုင်သည်ဟု အဓိပ္ပာယ်ရပြီး တောင်ကိုရီးယားနိုင်ငံကို ကာကွယ်ရေးအတွက် အဆင့်မြင့်မားလာစေခဲ့ပြီလည်း ဖြစ်ကြောင်း သိရသည်။

**S. Korea Completes Long-Range Missile Defense System Development** ကို ဘာသာပြန်ဆိုထားပါသည်။

## ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေး၏ အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများအပေါ် ပြန်လည်တုံ့ပြန်ခဲ့

လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအဖွဲ့သည် ပထမဆုံးအကြိမ်အဖြစ် အစ္စရေး၏ အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများအပေါ် ပြန်လည်တုံ့ပြန်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဒီဇင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပစ်အခတ်ရပ်စဲရေးအသက်ဝင်ပြီးနာရီပိုင်းအကြာတွင်အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(IDF)က လက်ဘနွန်ရှိ ဒါဇင်နှင့်ချီသောဒုံးပစ်လောင်ချာများဖြင့် အခြေခံအဆောက်အအုံများကို လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ကြေညာခဲ့သည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် စတင်အသက်ဝင်ပြီးနောက် အစ္စရေးစစ်ဘက်သည် လက်ဘနွန်ကို နေ့စဉ်တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးတို့ထိန်းချုပ်ထားသည့် ဂိုလန်ကုန်းမြင့်နေရာကိုပစ်မှတ်ထားကာ စတင်တုံ့ပြန်ခဲ့သည်ဟု ဟစ်ဇ်ဘိုလာအဖွဲ့က ထုတ်ပြန်ခဲ့သည်။

လက်ဘနွန်စစ်သွေးကြွအုပ်စုသည် ဟာဒွေါ့ဖ်နယ်စပ်ဒေသသို့ မော်တာကျည်နှစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း IDF က ထုတ်ပြန်ထားသည်။ နိုင်ငံတကာဥပဒေအရ အဆိုပါနေရာကို လက်ရှိတွင် ဆီးရီးယားနယ်မြေအဖြစ် သတ်မှတ်ထားသော်လည်း အစ္စရေးက သိမ်းပိုက်ထားခြင်းဖြစ်သည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(IDF) သည် ဟစ်ဇ်ဘိုလာအဖွဲ့က တိုက်ခိုက်နေသည့် ဒုံးကျည်ပစ်လွှတ်ရာနေရာများအပါအဝင် လက်ဘနွန်တစ်ခွင်ရှိ ဒုံးပစ်လောင်ချာများနှင့် အကြမ်းဖက်အဆောက်အအုံပေါင်းများစွာကိုလည်း တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး Gideon Sa'ar က အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခြင်းထက် အစ္စရေး၏တိုက်ခိုက်မှုများသည် လိုအပ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

"အစ္စရေးဟာ အပစ်အခတ်ရပ်စဲရေးဆိုင်ရာနားလည်မှုတွေကို ချိုးဖောက်တာမဟုတ်ဘဲ ဟစ်ဇ်ဘိုလာရဲ့ ချိုးဖောက်မှုတွေကိုတုံ့ပြန်တဲ့အနေနဲ့ သူတို့ကိုလိုက်နာကျင့်သုံးဖို့ အင်အားသုံးဖြေရှင်းနေတာဖြစ်ပါတယ်"ဟု အစ္စရေးက X လူမှုကွန်ရက်မီဒီယာတွင် ရေးသားဖော်ပြခဲ့သည်။

သဘောတူညီချက်စတင်ပြီးကတည်းက အစ္စရေးသည် အပစ်အခတ်ရပ်စဲရေးအပေါ် အကြိမ် ၁၀၀ ခန့် ချိုးဖောက်ခဲ့ကြောင်း လက်ဘနွန်ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုအဖွဲ့(UNIFIL) မှ အမည်မဖော်လိုသူ၏ သတင်းရင်းမြစ်ကို ကိုးကား၍ CNN သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။



လက်ဘနွန်နယ်မြေအပေါ် အစ္စရေး၏တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းအပေါ် အမေရိကန်တာဝန်ရှိသူများက စိုးရိမ်ကြောင်း Axios သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါအခြေအနေသည် ယာယီငြိမ်းချမ်းရေးရရှိထားမှု ပြိုလဲသွားနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သေးသည်။

ဂါဇာရှိပါလက်စတိုင်းများနှင့်စည်းလုံးညီညွတ်မှုရှိကြောင်း ကြွေးကြော်နေသည့် ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးပိုင်နက်များကို နေရာမရွေးပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား အပြန်အလှန်ပစ်ခတ်မှုများ ပိုမိုမြင့်တက်လာခဲ့သည်။ ဘေရွတ်နှင့်အခြားမြို့များကို လေကြောင်းတိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်ခဲ့သလို ယခုနှစ် အောက်တိုဘာလအစောပိုင်းတွင် လက်ဘနွန်တောင်ပိုင်းသို့ မြေပြင်ထိုးစစ်ကို အကန့်အသတ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း အစ္စရေးတို့က ကြေညာခဲ့သည်။

IDF သည် တိုက်ခိုက်မှုအတွင်း ဟစ်ဇ်ဘိုလာခေါင်းဆောင်ပိုင်းရှိ အဆင့်မြင့်ပုဂ္ဂိုလ်အများအပြားကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေးစည်းကမ်းချက်များအရ IDF သည် လက်ဘနွန်မှ နိုဝင်ဘာ ၂၇ ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ဆုတ်ခွာပေးရမည်ဖြစ်ပြီး နှစ်ဖက်ချိုးဖောက်မှုဆိုင်ရာတိုင်ကြားချက်များကို စီရင်ဆုံးဖြတ်ရန် နိုင်ငံတကာကော်မတီတစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Israel-Hezbollah ceasefire showing cracks** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၀၄၀ ဧက စိုက်ပျိုးပြီးစီး



ကသာ ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၀၄၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၀၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ မတ်ပဲ ၁၀၃၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ထိကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၄၂ ဧကနှင့် ထီးချိုင့်မြို့နယ်တွင် ၉၉၈ ဧက စုစုပေါင်း ဧက ၁၀၄၀ ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၄ ဧက၊ အင်းတော်မြို့နယ်တွင် ၂၆ ဧကနှင့် ထီးချိုင့်မြို့နယ်တွင် ၉၇၇ ဧက စုစုပေါင်း ၁၀၃၇ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးအတွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေဘဝဲ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဒီဇင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေဘဝဲ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရေဘဝဲ ပိဿာချိန် ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ရေဘဝဲ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေ တင်ပို့တဲ့ ရေထွက်ကုန်တွေရဲ့ အဓိကဈေးကွက်ပါ။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ရေဘဝဲ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိ ဒီဇင်ဘာလထဲမှာလဲ ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ရေဘဝဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည် တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။



လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၇၀၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၄၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကျွန်းစုမြို့နယ် ထိန်ချောင်းကျေးရွာ၌ အုတ်ရေကန်တည်ဆောက်နေမှု စစ်ဆေး

ကျွန်းစု ဒီဇင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ထိန်ချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် တာဝန်ရှိသူများက ထိန်ချောင်းကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများ သောက်သုံးရေရရှိရေးအတွက် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၇၀ စုစုပေါင်း ငွေကျပ်သိန်း ၂၂၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှု၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

**အထွေး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၄-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟနွိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr.Uladzimir Baravikou အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ရှေ့ဖုံးမှအဆက်**

ကျောင်းသား၊ ကျောင်းသူများ လေ့လာရေး ခရီးစေလွှတ်ရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ-ရုရှားနှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပျံသန်းလျက်ရှိမှုအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌH.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပျံသန်းလျက်ရှိမှုအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု လုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးတိုးမြှင့် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**❑ အမျိုးသားအားကစားပွဲတော်မှအဆက်**

ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ရမှတ် (၈၃-၃၀)မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ် (၇၉-၃၂)မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရမှတ်(၉၆-၆၆)မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ရမှတ်(၇၀-၃၄)မှတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရမှတ်(၇၅-၂၆)မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို လေးဂိုး နှစ်ဂိုး၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ငါးဂိုး တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး ဂိုးမရှိ၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၁၀ ဂိုး တစ်ဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး ဂိုးမရှိ



ဖြင့်လည်းကောင်း၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး ဂိုးမရှိ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄)တို့တွင် ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့က ဂိုးမရှိသရေဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့က

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းစတင်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် စီမံကိန်းနှစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး အဆိုပါစီမံကိန်းများစတင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ Second Secretary Mr. Zhang Zhonghua၊ သက်ဆိုင်ရာဌာနများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)၏ စီမံကိန်းနှစ်ခုဖြစ်သော "စိုက်ပျိုးရေး ကုန်ကြမ်းသီးနှံ အခြေခံအသေးစားကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ခြင်းစီမံကိန်း" နှင့် "အသေးစားလုပ်ငန်းများမြှင့်တင်ခြင်းနှင့် ဒစ်ဂျစ်တယ်စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှု မြှင့်တင်ခြင်းစီမံကိန်း"တို့ကို ဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်း၊ အဆိုပါစီမံကိန်းနှစ်ခုကို ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လထိ နှစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အဆိုပါ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသော တန်ဖိုးမြင့်စားသောက်ကုန်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်လာနိုင်ခြင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးနိုင်ခြင်း၊ ကုန်ထုတ်လုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် Food Safety ဆိုင်ရာ အသိပညာများကိုကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေခြင်း၊ နိုင်ငံအတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများကို မြှင့်တင်ပေးရာရောက်ပြီး နိုင်ငံတော်၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Second SecretaryMr.Zhang Zhonghua နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးတို့က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)ဖြင့်ဆောင်ရွက်မည့် စီမံကိန်းနှစ်ခုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်း ၁၅ ခုအနက် စီမံကိန်းကိုးခု ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများဆိုင်ရာ Video Clip ကိုပြသပြီး ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)ဖြင့်ဆောင်ရွက်မည့် စီမံကိန်းများဖြစ်သော "စိုက်ပျိုးရေးကုန်ကြမ်းသီးနှံအခြေခံ အသေးစားကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ခြင်းစီမံကိန်း"ဖြင့် တရုတ်နိုင်ငံမှ ပညာရှင်များဖိတ်ခေါ်ပြီး ဌာနရှိ နည်းပြများကို ToT သင်တန်းပေးခြင်း၊ ဌာနရှိ နည်းပြများက ကျေးလက်နှင့်မြို့ပြရှိ အသေးစား ကုန်ထုတ်လုပ်ငန်းရှင်များကို စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ MSME Business Plan Training နှင့် Food Safety Training သင်တန်းများပေးခြင်း၊ စီမံကိန်းစောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းများ (M&E)ပြုလုပ်ခြင်း၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ အသိပညာများပိုမိုသိရှိလာစေရေးအတွက် လေ့လာရေးခရီးစေလွှတ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ဖက်နှစ်ဂိုးစီဖြင့်လည်းကောင်း၊မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။






ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။


အမျိုးသားအားကစားပွဲတော်ကို ရန်ကုန်မြို့၌ ၁၉၅၂ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၅၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၅၇ ခုနှစ်တွင် တတိယအကြိမ်ကျင်းပခဲ့ပြီး နေပြည်တော်၌ ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ် ကျင်းပခဲ့ကာ ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးကို ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး အားကစားသမားဦးရေ ၉၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။





မသန်စွမ်းရေကူး(အမျိုးသား၊အမျိုးသမီး) မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌လည်းကောင်း၊ မသန်စွမ်းမျက်မြင် စစ်တုရင် (အမျိုးသား၊အမျိုးသမီး) ပြိုင်ပွဲများကို လယ်ဝေးအားကစားကွင်း၌လည်းကောင်း၊ မသန်စွမ်းထိုင်လျက် ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲနှင့် မသန်စွမ်းပြေးခုန်ပစ် (အမျိုးသား၊အမျိုးသမီး) ပြိုင်ပွဲများကို လယ်ဝေး TC-2 အားကစားကွင်း၌လည်းကောင်း ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကဏ္ဍစုံ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဟန်ဂ္ဂေရီနိုင်ငံ... ဟန်နွိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H.E.Mr. Uladzimir Baravikou ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား (၂၅)နှစ်ပြည့် သံတမန်ဆက်ဆံရေး အထိမ်းအမှတ်များ ကျင်းပသွားရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍများအပါအဝင် ကဏ္ဍစုံ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဟန်နွိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H. E. Mr. Uladzimir Baravikou ကို လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုနယ်မြေ မကျည်းပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာပြန်လည်ထူထောင်ရေးစီမံကိန်းဖော်ဆောင်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် သွားရောက်ကြည့်ရှု



**နေပြည်တော် ဒီဇင်ဘာ ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အတူ နေပြည်တော် ပြည်ထောင်စုနယ်မြေ မကျည်းပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာသို့သွားရောက်၍ ပြန်လည်ထူထောင်ရေးစီမံကိန်း ဖော်ဆောင်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်ပင်သာကျေးရွာမှကျေးရွာအုပ်ချုပ်ရေးမှူးများ၊ရပ်မိရပ်ဖများ၊ဒေသခံများနှင့် တွေ့ဆုံ၍ ကျေးရွာကို ဝန်ကြီးဌာနမှ ဖော်ဆောင်လျက်ရှိသည့် ခရီးသွားစံပြကျေးရွာများအနက် တစ်ရွာအဖြစ်ပါဝင်လာနိုင်ရန် ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ ကျေးရွာသူ၊ကျေးရွာသားများ ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျေးရွာ၌ လူထုအခြေပြုသဘာဝအခြေခံခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ပါက ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်ဖိတ်ခေါ်နိုင်ပြီး ဒေသခံများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ကျေးရွာရှိ ဒေသခံများအနေဖြင့် မိမိတို့၏ရပ်ရွာအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညောင်ပင်သာကျေးရွာပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်နေပြည်တော်ကောင်စီဝင်တို့က ဒေသခံများထံသို့စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာ အတွင်း Community Center တည်ဆောက်မှုနှင့် လူထုအခြေပြုသဘာဝအခြေခံခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တံတားဦးမြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ညွှန်ကြားမှုဖြင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တံတားဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းတွင် ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီသီချင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ နိုင်ငံ့အကျိုးအတွက်မျှော်မှန်းရည် ခိုင်မာတိုးတက်စေရမည်Video clipကိုပြသသည်။

ဆက်လက်၍ သယံဇာတရေးရာဝန်ကြီးကအဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသည့် စာအုပ်စာစောင်များကို တိုင်းဒေသကြီးဦးစီးမှူးက ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်ကာ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ပညာရေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



☆ **ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်မှ** အာဆွန်စီယွန်မြို့၌ ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်ထိကျင်းပသည့် (၁၄)ကြိမ်မြောက်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံ၌ ဒီဇင်ဘာ ၅ ရက်တွင်တရားဝင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင်မြန်မာနိုင်ငံမှတင်သွင်းထားသည့် "မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတရားဝင်ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ ပါဝင်နိုင်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းအပါအဝင် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်သည်။

"မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"ကိုကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"ကို ကမ္ဘာက ပိုမိုသိရှိလာနိုင်ခြင်း၊ မျိုးဆက်သစ် နောင်လာနောက်သားများကို လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသောဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့်အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအဖွဲ့များကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တွေ့ဆုံ





**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာန ကိုယ်စားပြုအားကစားအဖွဲ့များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄)၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယနေ့အချိန်အခါတွင် နိုင်ငံတော်အနေဖြင့် လူမှုရေးဦးတည်ချက် သုံးရပ်ချမှတ်ပြီး အားကစားကဏ္ဍ တိုးတက်လာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့်လည်း တက်ကြွစွာပါဝင်အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အဆင့်ကျင်းပသည့် အမျိုးသားအားကစားပွဲတော်တွင် "အနိုင်၊အရှုံးသည် ပဓာနမဟုတ်၊ ယှဉ်ပြိုင်ခြင်းသာအဓိက"ဟူသော အားကစားစိတ်ဓာတ်ကို အခြေခံ၍ ယှဉ်ပြိုင်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကြီးမှူးကျင်းပသည့် အာကစားပြိုင်ပွဲများတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် အောင်မြင်မှုအစဉ်အလာများစွာ ရှိခဲ့ကြောင်း၊ ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်နိုင်စေရေးနှင့် နိုင်ငံတော်အတွက် ထူးချွန်သည့် အားကစားသမားများပေါ်ထွန်းလာစေရေးအတွက် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အောင်ပန်းဆွတ်ခူးရရှိနိုင်စေရန် ဆန္ဒပြုတိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအဖွဲ့တစ်ခုချင်းစီ၏ အုပ်ချုပ်သူများက ကြိုးပမ်းလေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘောလုံး၊ ဖူဆယ်၊ဂေါက်သီး၊ဘော်လီဘောပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်းခြောက်မျိုးတွင် အာကစားသမား ၁၁၅ ဦး ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်အသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara- Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊စွမ်းအင်နှင့်လျှပ်စစ်ဓာတ် အားထုတ်လုပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍအပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်အသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara- Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

# မြန်မာနိုင်ငံတွင်ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရုရှားနိုင်ငံမှ နိုင်ငံတကာလေ့လာသူအဖြစ် ပါဝင်အကူအညီပေးရေး ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော် (မြန်မာ – ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ)သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara- Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေ ၃ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ရေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလားအလာကောင်းများ၊ မြန်မာနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရုရှားနိုင်ငံမှ နိုင်ငံတကာလေ့လာသူအဖြစ် ပါဝင်အကူအညီပေးရေး၊ ရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် အလေ့အကျင့်များကို မျှဝေကူညီဆောင်ရွက်သွားမည့် အစီအစဉ်များတွင် ရုရှားဘာသာ စကားပြန်များ ကူညီပံ့ပိုးပေးရန်နှင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ အပြန်အလှန်အကူအညီပေးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်နှင့်တာဝန်ရှိသူများ၊ မြန်မာ – ရုရှားချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr.Iskander AZIZOV နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အလားတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H.E. Mr. Uladzimir Baravikou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် သံအမတ်ကြီးတို့သည် မြန်မာ–ဘယ်လာရုစ်သံတမန်ဆက်ဆံရေး စတင်တည်ထောင်မှု (၂၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကွံကော်ပင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)ပရဝဏ်အတွင်း စိုက်ပျိုးကြသည်။

ထို့နောက်နှစ်ဖက်တွေ့ဆုံ၍ မြန်မာ–ဘယ်လာရုစ်သံတမန်ဆက်ဆံရေး စတင်တည်ထောင်မှု (၂၅)နှစ်ပြည့်အထိမ်းအမှတ် ကျင်းပသွားနိုင်ရေး၊ နှစ်နိုင်ငံအဆင့်မြင့်ကိုယ်စားလှယ်များအကြား ခရီးစဉ်များ စီစဉ်ကာ နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးမြှင့်နိုင်ရေး၊ကုန်သွယ်ရေး၊စီးပွားရေး၊ယဉ်ကျေးမှုနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်သွားနိုင်ရေး၊ မြန်မာ–ဘယ်လာရုစ်ချစ်ကြည်ရေး မြှင့်တင်ဆောင်ရွက်ရေးစသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဘေးအန္တရာယ်ပြမြေပုံ (Hazard Map)နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ(Risk Map)များ ရေးဆွဲနိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၄**

ဘေးအန္တရာယ်ပြမြေပုံ (Hazard Map)နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (Risk Map) များရေးဆွဲနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်မြေပုံရေးဆွဲနိုင်ရေးနည်းပညာပိုင်းဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေး ဒေါက်တာရင်ရင်နွယ်က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုမိုးရာသီကာလအတွင်း တိုင်ဖွန်းရာဂိနှင့် အနောက်တောင်မုတ်သုံလေအားကောင်းခြင်းတို့၏သက်ရောက်မှုများကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဒေသအချို့၌ ရေကြီးရေလျှံမိုးခြင်း၊မြေပြိုခြင်း အစရှိသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများမှ နောင်တွင် လျော့ပါးသက်သာစေရေးနှင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ထိရောက်သည့်ကြိုတင်ပြင်ဆင်နိုင်မှုများ ဆောင်ရွက်စေနိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကဆုံးဖြတ်ခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်မှုများနှင့်ပတ်သက်၍ Damage Assessment များဆောင်ရွက်ကာ ဒေသအလိုက် ဖြစ်လာနိုင်ခြေရှိသည့်သဘာဝဘေးများကို ဖော်ထုတ်နိုင်ရေးအတွက် Risk Map နှင့် Hazard Map များရေးဆွဲပြုစုခြင်းကို ဆောင်ရွက်နိုင်ရန်ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ Hazard Mapping ဆောင်ရွက်နိုင်စေရေးလိုအပ်ချက်များဖော်ထုတ်ကြရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း ဌာနအလိုက်ရှိပြီးဖြစ်သည့် အချက်အလက်များကိုအသုံးပြု၍ Hazard Map များရေးဆွဲနိုင်ရေး ပံ့ပိုးဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခင်ကတည်းက ဒေသအလိုက် အချို့သော Hazard Map များရှိပြီးဖြစ်သော်လည်း ယခုရာဂိကဲ့သို့ ထူးခြားဖြစ်စဉ်မျိုးကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်လာကြောင်း၊ AI , GIS နှင့် Remote Sensing ကဲ့သို့ ခေတ်မီနည်းပညာများအသုံးပြုပြီး Hazard Map နှင့် Risk Map များ ဘေးဖြစ်နိုင်ခြေအလိုက် ဆောင်ရွက်ကြရန် ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ ဘာသာရပ်ဆိုင်ရာရှုထောင့်အလိုက်အကြံပြုဆွေးနွေးအဖြေရှာကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်က Hazard Mapping ဆောင်ရွက်နိုင်ရန် GIS ကျွမ်းကျင်သူ၊ လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သူများလိုအပ်မည်ဖြစ်ကြောင်း၊ နည်းပညာပိုင်းဆိုင်ရာ Mapping ဆောင်ရွက်ရာတွင် ဘေးအန္တရာယ် အမျိုးအစားအလိုက် လိုအပ်မည့် Data များလည်း ကွာခြားမည်ဖြစ်ကြောင်း၊ Table များဖြင့်ပြုစုထားသည့် Data များအပြင် Presentation ပြုလုပ်နိုင်မည့် Data များအဖြစ် Geospatial Data များလည်း လိုအပ်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် Map နှင့်Data များပေါင်းစပ်ဖော်ပြနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ လိုအပ်သည့်နည်းပညာဆိုင်ရာအကူအညီများရရှိနိုင်ရေးအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက ဘာသာရပ်အလိုက်၊ လုပ်ငန်းအလိုက် Risk Map နှင့် Hazard Map ရေးဆွဲရာတွင် ဌာနများအလိုက်ရှိပြီးဖြစ်သည့်အချက်အလက်များ၊ နည်းပညာပိုင်းဆိုင်ရာလိုအပ်မှုများ၊ ရရှိနိုင်မည့် အရင်းအမြစ်များနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးအကြံပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Naypyitaw State Academy (NSA) ၌ "Russia and friendly countries in multipolar world" ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချ

**နေပြည်တော် ဒီဇင်ဘာ ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Oolသည်ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy (NSA) မှ ကျောင်းသား၊ ကျောင်းသူများကို "Russia and friendly countries in multipolar world"ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချသည်။





အဆိုပါ သင်ခန်းစာပို့ချမှုသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်နှင့် ဒေါက်တာစိုးစိုးအောင်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌက နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရေး၊ အမျိုးသားအကျိုးစီးပွားကိုဖော်ဆောင်၍ နိုင်ငံ၏အကျိုးစီးပွားကိုမြှင့်တင်ရေး၊ မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံ နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးတိုးတက်စေရန် နှစ်နိုင်ငံကြား မဟာဗျူဟာကျသည့် စီမံကိန်းများကို အကောင်အထည်ဖော်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန်ရုရှားနိုင်ငံရှိတက္ကသိုလ်ကျောင်းများတွင် ဘွဲ့လွန်သင်တန်းများ၊ ဘာသာစကားသင်တန်းများတက်ရောက်နိုင်ရေး ၊ ရုရှားနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများကိုလည်း မြန်မာနိုင်ငံရှိ တက္ကသိုလ်ကျောင်းများသို့ နှစ်နိုင်ငံအပြန်အလှန်ပညာတော်သင်များစေလွှတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး "Russia and friendly countries in multipolar world" ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချရာ တက်ရောက်ကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီအား နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Innogen MyanmarCo., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION S MEI 580 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Unitrust Enterprise Group of Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR03 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Myanmar Arr Thit Man Motor Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစားလျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန် ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီး H.E. Mr. Lei Haicho ဦးဆောင်သည့်အဖွဲ့နှင့် နှစ်နိုင်ငံသီးခြားအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးရာတွင် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် တိုင်းရင်းဆေးကဏ္ဍကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ဆေး၊ ဆေးပစ္စည်းနှင့် ရောဂါကာကွယ်ဆေးအစရှိသည်များ လှူဒါန်းပေးခဲ့မှုအခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအထောက်အပံ့ဖြင့် နေပြည်တော်တွင်တည်ဆောက်ခဲ့သည့် Myanmar CDCနှင့် China CDC ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှ ဆရာဝန်များ၊ သွားဆရာဝန်များ၊ သူနာပြုများ၊Technicians(နည်းပညာရှင်များ)ကို တရုတ်နိုင်ငံသို့စေလွှတ်၍ ကျွမ်းကျင်မှုပိုင်းဆိုင်ရာသင်တန်းများပူးပေါင်းဆောင်ရွက်ရေး၊ လာမည့် ၂၀၂၅ ခုနှစ်တွင်ကျရောက်မည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက်တွင်လည်း ကျန်းမာရေးကဏ္ဍအနေဖြင့်အထူးတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို နှစ်ဦးနှစ်ဖက်အပြန်အလှန်ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီးက တည့်ခင်းဧည့်ခံသောညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




# မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာတိုင်းမှူးကအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြု ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဖဝ၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅


(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ







**နေပြည်တော် ဒီဇင်ဘာ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာအလုံး ၂၀ အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၃၁၀၂၄၈၀ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၃၄၄၆၆၄ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၇၄၄၇၁၄၄ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၃ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဈေးအတွင်း တစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ရှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ် မြောင်းကြီးကျေးရွာ၌ လိုင်စင်မဲ့မော်တော်ယာဉ် ငါးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၉ မိုင် ၀ ဖာလုံ၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sun-long Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၄၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၄၈၇၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့်နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀၀ ကိုလည်းကောင်း၊ ပလိပ် Max ဆီဆိုင်အနီး၌ ရပ်တန့်ထားသောမော်တော်ယာဉ် တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၁၇၈၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Giga Trac-tor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၄၅၆၆၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၂၉ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၇၂၅၆၇၉၄ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့်ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့်နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ (သတင်းစဉ်)

## ကလေးဝမြို့နယ်ရှိ ကျေးရွာများကိုလုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် ပြည်သူများ ထိခိုက်သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လွှင့်ဆော်ဝါဒဖြန့်

**နေပြည်တော် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မထုကြီးကျေးရွာနှင့် မထုလေးကျေးရွာတို့ကို ဒီဇင်ဘာ ၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် ပြည်သူ သုံးဦးသေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လွှင့်ဆော်ရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်တွင် မထုကြီးကျေးရွာအနီးဝန်းကျင်တွင် PDF အမည်ခံအကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကို အားပေးထောက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦးက လျှို့ဝှက်စွာသတင်းပေးပို့ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ၎င်းကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Win Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် အောင်မေတ္တာရပ်ကွက်နေ ဝင်းနိုင်အား မွန်းလွဲ ၂ နာရီတွင် သံဖြူဇရပ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ထူးခြားသည့် ညအပူချိန်များ (၄-၁၂-၂၀၂၄)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင် | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | လွိုင်လင် | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | နမ့်စန် | ၁၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ (မိုး/ဇလ)

# ယူဂန်ဒါနိုင်ငံတွင် မြေပြိုမှုကြောင့် သေဆုံးသူ ၂၈ ဦးထိ ရှိလာ



**ကမ်ပါလာ ဒီဇင်ဘာ ၄**

ယူဂန်ဒါနိုင်ငံ အရှေ့ပိုင်းတွင် ပြီးခဲ့သည့် သီတင်းပတ်က ဖြစ်ပေါ်ခဲ့သည့် မြေပြိုမှုကြောင့် သေဆုံးသူ ၂၈ ဦးထိ ရှိလာကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ယနေ့တွင် ပြောကြားခဲ့သည်။

မြို့တော်ကမ်ပါလာ အရှေ့ဘက် ကီလိုမီတာ ၃၀၀ အကွာ အယ်ဂွန်တောင်စောင်းပေါ်တွင် ရှိသောကျေးရွာများတွင် နိုဝင်ဘာ ၂၇ ရက်က မြေပြိုမှုဖြစ်ပွားပြီးနောက် လူပေါင်း ၁၀၀ ကျော် ပျောက်ဆုံးခဲ့ကာ ၁၇ ဦး သေဆုံးခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေခဲ့ရာ ယနေ့တွင် သေဆုံးသူ ၂၈ ဦးထိရှိလာကြောင်း၊ ပျောက်ဆုံးနေသူများ ရှိနေသေးသည့်အတွက် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

ယူဂန်ဒါနိုင်ငံတွင် အောက်တိုဘာလမှစ၍ ပုံမှန်မဟုတ်သော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံ၏ အချို့နေရာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးများဖြစ်ပွားရခြင်း၏ အဓိက အကြောင်းရင်းမှာ ရာသီဥတု ဖောက်ပြန်မှုကြောင့်ဖြစ်ကြောင်း ယူဂန်ဒါ ကြက်ခြေနီအသင်းက ပြောကြားခဲ့သည်။

အာဏာပိုင်များက သဘာဝဘေးအန္တရာယ်အခံရဆုံးဒေသများတွင်နေထိုင်သူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် သတိပေးထားသော်လည်း မရွှေ့ပြောင်းဘဲ ဆက်လက်နေထိုင်ခြင်းက ယခုကဲ့သို့ လူသေဆုံးမှု မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**မနီလာ ဒီဇင်ဘာ ၄**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း၌ ယနေ့တွင် ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ဂျာမန်ဘူမိသိပ္ပံဆိုင်ရာ သုတေသနစင်တာ(GFZ)မှ ထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်အာဏာပိုင်များက ယခုလှုပ်ခတ်ခဲ့သော ငလျင်ပြီးနောက် နောက်ဆက်တွဲငလျင်များ လှုပ်ခတ်နိုင်မှုကို သတိပေးထားကြောင်း သိရသည်။

"ငလျင်က တအားမပြင်းထန်ပါဘူး။ ဒါပေမဲ့ လှုပ်ခတ်တဲ့အချိန်က နည်းနည်းကြာပါတယ်။ အဆောက်အအုံတချို့တော့ ပျက်စီးသွားခဲ့တယ်။ လူတွေထိခိုက်မှု ရှိ၊ မရှိ အခုမြေပြင်ကိုသွားပြီး စစ်ဆေးနေပါတယ်"ဟု ပြည်နယ် သဘာဝဘေးအန္တရာယ် အရာရှိ စီမာတူးက ပြောကြားခဲ့သည်။

ငလျင်သည် လိုကော့စ်ပြည်နယ် မြောက်ပိုင်းရှိ ဘန်ဂွေမြို့၏ အနက် ၃၇ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ကြောင်း၊ နောက်ဆက်တွဲငလျင်များ လှုပ်ခတ်နိုင်ကြောင်း၊ အဆိုပါနောက်ဆက်တွဲငလျင်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်လာနိုင်ကြောင်း ဖိလစ်ပိုင် မြေငလျင်ဆိုင်ရာအေဂျင်စီ(PHI-VOLCS)က သတိပေးချက်ထုတ်ပြန်ထားသည်။

ယခုလှုပ်ခတ်ခဲ့သော ငလျင်ကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု ရှိသော်လည်း လူများထိခိုက်မှုရှိ၊ မရှိကိုမူ သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် အရာရှိ စီမာတူးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ထိုင်းနိုင်ငံတောင်ဘက်ပိုင်း ရေဘေးသင့်ပြည်နယ်များကို နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေသတ်မှတ်ရန် စီစဉ်နေ

**ဗန်ကောက် ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံ တောင်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ဒေသခံများအတွက် အန္တရာယ်ဖြစ်စေသောကြောင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေသတ်မှတ်သွားရန်စီစဉ်နေကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစင်တာ(NDMC) က ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံတောင်ဘက်ပိုင်းရှိ အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုဆိုးရွားစွာဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် ထိုင်းဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်က ရေဘေးသင့်ပြည်နယ်များသို့ သွားရောက်ကာ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံနေပြီး ရေဘေးသင့်ပြည်သူများကို ထိရောက်သောကူညီပံ့ပိုးမှုပြုလုပ်ပေးနိုင်ရန်အတွက် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ရန်စီစဉ်နေခြင်းဖြစ်ကြောင်း ထိုင်းအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂျီရာယူက ပြောကြားခဲ့သည်။

"နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရေဘေးသင့်ပြည်သူတွေကို သွားရောက်တွေ့ဆုံနေပါတယ်။ ရေဘေးသင့်ဒေသတွေကိုလဲ နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေသတ်မှတ်သွားဖို့ ပြင်ဆင်နေပါတယ်။ လတ်တလောရင်ဆိုင်နေရတဲ့ပြဿနာကို အမြန်ဆုံးဖြေရှင်းပေးသွားမှာ ဖြစ်သလို ရေရှည်စီမံကိန်းတွေနဲ့လဲ ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်"ဟု ဂျီရာယူက ပြောကြားခဲ့သည်။



ချင်းမိုင်ပြည်နယ်တွင် ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ရေဘေးသင့်ပြည်နယ်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လတ်တလောရင်ဆိုင်နေရသည့်ပြဿနာများကို ဖြေရှင်းရန်နှင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရေရှည်စီမံကိန်းများဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျီရာယူက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်္ဂလန်နိုင်ငံ ဘာ့ခ်ရှိုင်းယားကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အဓိကလမ်းမကြီးတချို့ကို ယာယီပိတ်ထား

**လန်ဒန် ဒီဇင်ဘာ ၄**

အင်္ဂလန်နိုင်ငံ ဘာ့ခ်ရှိုင်းယားကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားနေသည့်အတွက် အဓိကလမ်းမကြီးတချို့ကို ယာယီပိတ်ထားကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့်အတွက် ပိတ်ထားသည့်လမ်းများကို အသုံးမပြုရန်နှင့် ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့်ဧရိယာများကို ရှောင်ရန်လည်း အင်္ဂလန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သိမ်းမြစ်နှင့် ကန်နက်မြစ်တို့တွင် မြစ်ရေလျှံတက်မှု ဖြစ်ပွားနေပြီး မြစ်ရေလျှံတက်မှုကြောင့်လည်း ရေကြီးရေလျှံမှု အခြေအနေမှာ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေကြောင်း၊ ဆန်နင်းတံတားကိုလည်း ယာယီပိတ်ထားကြောင်း သိရသည်။

"ဘာ့ခ်ရှိုင်းယားကောင်တီမှာ မိုးသည်းထန်စွာ ရွာသွန်းပြီး သိမ်းမြစ်နဲ့ ကန်နက်မြစ်ရေလျှံတက်မှုတွေဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အတွက်ကြောင့် ဆန်နင်းတံတားနဲ့ လမ်းတချို့ကို ယာယီပိတ်ထားပါတယ်။ ရေကြီးရေလျှံမှုဖြစ်နေတဲ့ ဧရိယာတွေမှာ ဖြတ်သန်းသွားလာမှု မပြုဖို့လဲ သတိပေးချက် ထုတ်ပြန်ထားပါတယ်။ အန္တရာယ်ရှိတယ်ဆိုတဲ့ဆိုင်းဘုတ် ထောင်ထားတဲ့ ဧရိယာတွေကို လုံးဝဖြတ်သန်းသွားလာတာတွေ မပြုလုပ်ကြပါနဲ့"ဟု အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့်ဧရိယာကို ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်တချို့ ပိတ်မိခဲ့ပြီး အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရသည့် ပြည်သူ ခုနစ်ဦး ရှိခဲ့သည်ဟု ဘာ့ခ်ရှိုင်းယား မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့က ထုတ်ပြန်သွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# သစ်တောပြုန်းတီးမှုနှင့်ဆက်နွှယ်သောကုန်သွယ်မှုအား ပိတ်ပင်သွားမည့်ဥပဒေကို ယာယီဆိုင်းငံ့သွားမည်ဖြစ်ကြောင်း EU က ထုတ်ပြန်

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၄**

ဘယ်လ်ဂျီယံနိုင်ငံတွင် အခြေစိုက်သည့် ဥရောပသမဂ္ဂအဖွဲ့(EU) သည် ဥရောပတိုက်အတွင်း သစ်တောပြုန်းတီးမှုနှင့် ဆက်နွှယ်သောကုန်သွယ်မှုများကို ပိတ်ပင်သွားမည့်ဥပဒေ ပြဋ္ဌာန်းရေးစီစဉ်နေသော်လည်း ဥရောပနိုင်ငံတချို့မှ တာဝန်ရှိသူများက အဆိုပါ ဥပဒေပြဋ္ဌာန်းမှုကို ဆိုင်းငံ့ပေးရန် တောင်းဆိုခဲ့ရာ EU က ဒီဇင်ဘာ ၃ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

EU က ပြဋ္ဌာန်းမည့် သစ်တောပြုန်းတီးမှုနှင့်ဆက်နွှယ်သော ကုန်သွယ်မှုများကို ကန့်ကွက်သည့် နိုင်ငံပေါင်း ၂၀ ကျော်မှ ကုမ္ပဏီကြီးများပါဝင်နေပြီး ဘရာဇီးနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံမှကုမ္ပဏီကြီးများလည်းပါဝင်ကြောင်း၊ EUက ရေးဆွဲထားသောဥပဒေအရ သစ်တောပြုန်းတီးမှုကို ဖြစ်ပေါ်စေသော ကုန်ပစ္စည်းများ ကုန်သွယ်ရောင်းချခြင်းကို ဥရောပတိုက်အတွင်းတင်ပို့ရောင်းချခွင့်ပြုမည် မဟုတ်သည့်အတွက် ကုမ္ပဏီကြီးများအနေဖြင့် ကုန်သွယ်မှုပြုလုပ်ရာတွင် အခက်အခဲများရှိလာနိုင်ကြောင်း၊ EU အနေဖြင့်လည်း ဥရောပတိုက်အတွင်း သစ်တောပြုန်းတီးမှု ပပျောက်ရေးအတွက် အလေးထားဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တောင်းဆိုမှုအရ ဥပဒေပြဋ္ဌာန်းမှုကို ယာယီဆိုင်းငံ့ပေးနိုင်သော်လည်း ဥပဒေအချက်အလက်များကို ပြင်ဆင်ပေးသွားမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

European People's Party က ဥပဒေပါအချက်အလက်များကို ပြင်ဆင်ပေးနိုင်ရေး EU ကို ဆက်လက်တွန်းအားပေးသွားမည်ဖြစ်ကြောင်း၊ EU ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့က ထောက်ခံကြိုဆိုခဲ့ပြီး EU အနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်ကို ပြောင်းလဲပေးရန် ဖိအားများကို ယာယီဆိုင်းငံ့မှုဖြင့် အပေးအယူလုပ်ခဲ့ခြင်းသည် ကြီးမားသောအောင်ပွဲဖြစ်ကြောင်းလည်း Greens Group က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ကံတရားကိုမှ ဉာဏ်ကစားလေသူ

ဝတ္ထုတိုကလျာ

ယဉ်အောင်ဟိန်း



(၁)

''မှောင်...မှောင်...မှောင်''

''ချဉ်ပေါင်း၊ သီးစုံချဉ်ပေါင်း''

ကိုလူချောတစ်ယောက်နေပူကျဲကျဲထဲမှာ ဂျုံးရိုး ခမောက်ကလေးဆောင်း လွယ်အိတ်ကလေးလွယ် မောင်းလေတမှောင်မှောင် ခေါက်ပြီး ချဉ်ပေါင်း ချဉ်ပေါင်းအော်ရောင်းရင်း ရပ်ကွက်လမ်းသွယ် တစ်ခုထဲက လမ်းမကြီးပေါ် ချဉ်ပေါင်းလှည်းကလေး ကို တွန်း အတက်''ကျွီ''..ဝေါခနဲ အရှိန်ပြင်းပြင်းမောင်း လာတဲ့ ကားတစ်စီးနဲ့ တိုက်မိမလို ဖြစ်သွားပြီး ကြောင့် ကားဘရိတ်အုပ်သံကြားလိုက်တယ်။ ကိုလူချော နားထင်တွေပူ၊ မျက်လုံးတွေပြာဝေပြီး လူတစ်ကိုယ် လုံး တဆတ်ဆတ်တုန် ချွေးဇောတွေပြန် သွားတယ်။ တွန်းလှည်းကလေး နောက်ပြန်ဆုတ်ပြီး သိန်းထောင်ကျော်တန်ကားကြီး မောင်းလာတဲ့ သူဌေးကို တောင်းပန်တဲ့ အကြည့်ကျေးဇူးတင်တဲ့ မျက်နှာနဲ့ ကြည့်လိုက်တယ်။ မျက်မှန်အနက်တပ် ထားတဲ့ အသက်သုံးဆယ်ကျော်ကျော် ခန့်မှန်းရတဲ့ သူဌေးလူရွယ်က ခေါင်းတစ် ချက်ညိတ်ပြပြီး ကားကို ဝေါခနဲ မောင်းထွက်သွားတယ်။ သူဌေးရဲ့လုပ်ရပ် ကြောင့် ကိုလူချော ရင်ထဲနှလုံးသားထဲ ပူခနဲ၊ ကျင်ခနဲ ဖြစ်ပြီး အစောက ခံစားမှု ထက် ပြင်းထန်တဲ့ ဝေဒနာတစ်ခုကို ခံစားလိုက်ရ တယ်။ ဝမ်းနည်းဆို့နင့်ပြီး မျက်ရည်တွေ ဝဲလာတယ်။ ကားမောင်းသွားတဲ့ သူဌေးမျက်နှာမြင်လိုက်တော့ အတိတ်ဆီကို စိတ်တွေ ပြန်ရောက်သွားတယ်။ အဝေးဆီက ထွက်ပေါ်လာ တယ်ထင်မိတဲ့အသံတွေကိုလဲ ပြန်ကြား ယောင်လာတယ်။

''အာစရိရယ် တပည့်ကြီး ပစ်မထားပါနဲ့ဗျာ။ တပည့်ကြီး လက်တွေလဲကြည့်ပါအုံး။ အလုပ်ကြမ်း တွေ လုပ်ရလွန်းလို့ လက်တွေလဲ စုတ်ပြတ်ပေါက်ပြဲ နေပါပြီဗျာ။ တပည့်ကြီးကို ပညာလေးသင်ပေးပါ။ တပည့်အဖြစ် သတ်မှတ်ပါနော်''

စိုးညီညီက ဘုရားကြီး အထွေထွေလုပ်သား တစ်ယောက်ဖြစ်ပါတယ်။ ကျောက်ဝိုင်းကို နေ့တိုင်း လာ ဒီလိုအပြောမျိုးတွေပြောပြီး ကိုလူချောဆီမရ မက တပည့်ခံတာကြောင့် စိုးညီညီကို ပညာသင်ပေး ခဲ့ရတယ်။ အခုတော့ ကြီးပွားချမ်းသာသွားလို့ ဘဝ မေ့ပြီးနိမ့်ကျနေတဲ့ ကိုယ့်ဘဝရဲ့ဖန်ဆင်းရှင် ဆရာ တစ်ယောက်ကိုတွေ့တာတောင် အဖက်မတန်တဲ့ မျက်နှာနဲ့ ဆက်ဆံပြီး ထွက်သွားပါရောလားလို့ ကိုလူချော ခံစားနေရတယ်။

''လူစိတ်ဆိုတာ မျောက်စိတ်နဲ့ တူတယ်'' လို့ ဆိုထားရာ အပြောင်းအလဲ မြန်တတ်တဲ့ သဘောကို တင်စားပြောဆိုပုံရပါတယ်။ အပြောအဆို၊ အမူအရာ၊ အတွေးအခေါ်၊ အယူအဆ ယုံကြည်ချက်တွေဟာ ပုထုဇဉ်တွေရဲ့ သဘောသဘာဝအရ ကိုယ့်ဘာသာ ကိုယ်ပြောင်းလဲတတ်သလို ပတ်ဝန်းကျင်လူတွေ အာရုံတွေလိုက်ပြီး တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုးဆိုသလို ပြောင်းလဲတတ်ကြတာလဲ ရှိတယ်။ လူတစ်ယောက်အတွက် အစားအသောက်၊ အပြော အဆို၊ အမူအရာ၊ ဝတ်စားဆင်ယင်မှု ပြောင်းလဲတာ ပြောလောက်အောင် ဆိုးကျိုးမဖြစ်ပေမဲ့ မှားယွင်း ဖောက်ပြန်တဲ့အတွက် အတွေ့အကြုံ ယုံကြည်ချက် ပြောင်းလဲလက်ခံမိပြီဆိုရင်တော့ ဘဝတစ်လျှောက် လုံး အဖတ်ဆယ်မရအောင် ဆုံးရှုံးနစ်နာပြီး ဆိုးကျိုး တွေ ခံစားရပါတယ်။

(၂)

ကိုလူချောတို့ မိသားစုဟာ ဟိုတစ်ချိန်က တိုက်နဲ့ ကားနဲ့ အတော်ကြီးပွားချမ်းသာတဲ့ ကျောက်သမား မိသားစုပါ။ ကျောက်စိမ်းပညာလဲ သိပ်ကျွမ်းကျင် တယ်။ အဲဒီတုန်းက သူ့အိမ်ကို စက်ဘီးတွေ၊ ဆိုင်ကယ်တွေနဲ့ တပည့်တွေ ၊ ပွဲစားတွေ၊ ရောင်းသူ၊ ဝယ်သူတွေ လာကြတာ မနက်မိုးလင်းကနေ မိုးချုပ် တဲ့အချိန်ထိ ပြတ်တယ်မရှိဘူး။ သူတို့လာကြပြီဆိုရင် အိမ်ထဲ မဝင်ခင်ကတည်းက '' အာစိ..အာစိ'' ဆိုတဲ့ မပီကလာ၊ ပီကလာ ပလီပလာ ခေါ်ကြတဲ့ အသံ တွေကလဲ ညံနေတယ်'' တပည့်တွေ လေးစားရပါ သော ဆရာကြီးတစ်ဦး ဖြစ်ခဲ့ဖူးတယ်။ သူတို့ရဲ့ ကိစ္စ ကြီးငယ်ရှိရင် ကိုလူချော အကုန်ပါရတယ်။ လင်မယားရန်ဖြစ်တာတောင် နှစ်ဖက်မိဘတွေ ရပ်ကွက်ရုံးတွေ သွားမတိုင်ဘူး။ သူပဲ အဆင်ပြေ အောင် ဖြေရှင်းပေးရတယ်။

အလှူပွဲ၊ မင်္ဂလာဆောင်၊ ကလေးပုခတ်တင်၊ ဘုရားပွဲ၊ ဆွမ်းကျွေး အဲဒီလိုပွဲတွေဆိုရင် သူမပါရင် မပြီး ရှေ့ဆုံးက ပါရတယ်။ ဒီပွဲမျိုးတွေမှာ သူမလာ သေးရင် ပြင်ပြီးသား ဆွမ်းပွဲတောင် မကပ်သေးဘဲ စောင့်နေကြတယ်။ ဒီလိုဆရာနဲ့ နောင်ဘဝ သံသရာ ထိ ရေစက်ဆုံချင်ကြတာတဲ့။ ဒီလောက်ထိ လေးစား ချစ်ခင်သံယောဇဉ်ကြီးတယ်။ လေးစားလောက်တဲ့ ဂုဏ်နဲ့လဲ ပြည့်စုံပေတာကိုး။ တပည့်တွေကို ပညာ သင်ပေးယုံတင်မက အရင်းအနှီးမရှိရင်လဲ အရင်း အနှီးထုတ်ထုတ် ပေးတတ်သေးတယ်။ သူရဲ့ ကူညီမှု တွေကြောင့် မြေဝယ်နိုင်သူ၊ တိုက်ဆောက်နိုင်သူ၊ ကားစီးနိုင်ကြသူတွေများတယ်။ ဒီအထဲမှာ စိုးညီညီတစ်ယောက်လဲ ပါဝင်ခဲ့တယ်။

(၃)

ကိုလူချောက အိမ်မှာပင် ပူအောင်မနေဘဲ မန္တလေးနဲ့ ကချင်ပြည်နယ် လွန်းထိုးလွန်းပြန် အရောင်းအဝယ်သွားတဲ့ ကျောက်သမားဖြစ်ပြီး ကျောက်လုပ်ငန်းနဲ့ ကြီးပွားချမ်းသာကာ အဘက် ဘက်က အောင်မြင်အဆင်ပြေတယ်။ ဒီလို အဆင် ပြေနေတဲ့ လူတစ်ယောက်ရဲ့ အပြောင်းအလဲက သင်ခန်းစာ ယူလောက်အောင်ဖြစ်ခဲ့တယ်။

ဒီလူ ရုတ်တရက် ခရီးထွက်တာ ကျဲသွားတယ်။ အိမ်မှာ မြဲနေတယ်။ အရောင်းအဝယ်လုပ်တာ နည်းလာတယ်။ တပည့်တွေ၊ ပွဲစားတွေ လာတာ တဖြည်းဖြည်း စဲသွားတယ်။ သူအိမ်ကို ဖိုးသူတော် လိုလို အဝတ်အဖြူနဲ့ လူတွေ၊ ရသေ့လိုလို ပုဂ္ဂိုလ် တွေ၊ စာအုပ်တွေ ခါးကြားထိုး လာသူတွေ၊ လွယ်အိတ် လွယ်လာသူတွေ ဝင်ထွက်လာကြတယ်။ ဒီလူတွေ လာရင် အိမ်တံခါးဝထိ ပြေးထွက်ပြီး အာစရိအာစရိနဲ့ ပျာပျာသလဲ အရိုအသေ ပေးကြတယ်။ အိမ်ထဲရောက် တော့လဲ သူတို့ရှေ့မှာ တရိုတသေ ထိုင်တယ်။ သူ့ အဖြစ်က ချက်ချင်း အပေါ်နဲ့အောက် ဇောက်ထိုး မိုးမျှော် ပြောင်းလဲသွားတယ်။

အရင်ကသူဝယ်လာတဲ့ ကျောက်တွေ ပွတ်သပ် နေတာ နေရောင်ထုတ် အနက်ရောင်သံပြားလေးနဲ့ ကာကြည့်တာတွေ လုပ်နေတတ်တဲ့လူက အခုတော့ ဒါတွေ မလုပ်ဘဲ တစ်နေ့လုံးလို သတင်းစာအရွယ် ရောင်စုံစာရွက်ကြီးတွေ၊ ချပ်ထူကော်ပီ စာအုပ်ကြီး တွေကို တစ်အုပ်ပြီးတစ်အုပ် ဟိုလှန် ဒီလှန် တစ်အုပ် ချ တစ်အုပ်ကိုင် ရောင်စုံဘောပင်တွေနဲ့ ရေးလိုက်၊ ခြစ်လိုက်၊ မှတ်လိုက် လုပ်နေတယ်။ ည ၁၁ နာရီ ၁၂ နာရီရောက်တဲ့ထိလဲ သူ မအိပ်ဘူး။ အင်မတန် အလုပ် များတဲ့ ရုံးစာရေးကြီးတစ်ယောက်လို စာအုပ်တွေနဲ့ အချိန်ကုန်နေတော့တယ်။ ညအိပ်ချိန်ရောက်လို့ သူ့ဇနီးက –

''အစ်ကို အိပ်ပါတော့ အစ်ကိုရယ် ညဉ့်နက်နေပြီ။ နေမကောင်းဖြစ်နေအုံးမယ်''

''ဒီစာအုပ်၊ စာရွက်တွေ ကြည့်နေတာ ဘာ အကျိုးရှိလို့လဲ အစ်ကိုရယ်''

''မင်းဘာမှနားမလည်ဘဲနဲ့ လျှောက်မပြောနဲ့ ကျောက်လုပ်တာထက် အဆပေါင်း အများကြီး အကျိုးရှိနိုင်တဲ့ အလုပ်ကွ။ ဒါချဲထီလို့ ခေါ်တယ်။ တစ်ထောင်ဖိုးပေါက်ရင် ငါးသိန်းခွဲ အလျော်ရမှာ။ ကျောက်တစ်ထောင်ဖိုးဝယ်ဖြတ်လို့ ငါးသိန်းခွဲရဖို့ ဆိုတာ ဖြဟ္မာပြည်က အပ်တစ်စင်းနဲ့ လူ့ပြည်က အပ် တစ်စင်း အပ်သွားချင်ထိတာလောက် ခဲယဉ်းတယ်၊ ချဲပေါက်ဖို့က လွယ်လွယ်လေးရယ်''

''အစ်ကို အဲဒီလိုတော့ မပြောနဲ့ ကျွန်မတို့ ဒီလို အဆင်ပြေတာ ကျောက်လုပ်ငန်းနဲ့ မဟုတ်လား''

''အဆင်ပြေပေမဲ့ လူပင်ပန်း၊ စိတ်ပင်ပန်းတယ်ကွ။ ရထားစီးရတာ ပင်ပန်းတယ် ၊ ဝယ်ရတာလဲ မလွယ် ကူဘူး၊ ဝယ်လိုရပြန်တော့လဲလမ်းမှာ အန္တရာယ် ကင်းကင်း ချောချောမောမော ဖြစ်ဖို့ ဘုရားတနေရ တယ်။ ပြီးတော့ မြတ်၊ မမြတ် အတတ်မပြောနိုင်ဘူး။ ဒီအလုပ်က အခု ငါထိုးတဲ့ နှုန်းထားနဲ့ ပေါက်လိုက်ရင် ချက်ချင်း သူဌေးကြီးဖြစ်ပြီ။

အဲဒီအချိန်က ငွေတန်ဖိုး အတော်မြင့်သေးတယ်။ ဇိမ်ခံကားတစ်စီးငွေကျပ် ခြောက်သိန်းဝန်းကျင်ပဲ ရှိသေးတဲ့ အချိန်ပါ။ ငွေကျပ်တစ်ထောင်ဖိုးချဲပေါက်ရင် ငွေကျပ် ငါးသိန်းခွဲဆိုတာ လွယ်လွယ်လေးရနိုင် တယ်လို့ သူတွက်တယ်။ ဒါကြောင့် ချဲပေါက်အောင် နည်းမျိုးစုံနဲ့ လေ့လာတယ်။ သူမှာရှိတဲ့ လက်ရှိငွေ အရင်းအနှီးနဲ့ ချဲထိုးမယ်ဆိုရင် မကြာခင် အချိန် အတွင်းမှာ သိပ်ချမ်းသာတဲ့ လူတစ်ယောက်ဖြစ်ရ မယ်လို့ တစ်ထစ်ချမှတ်ယူပြီး ကျောက်အရောင်း အဝယ်လုံးဝနား၊ ချဲပဲထိုင် ထိုးတော့တယ်။

(၄)

ကျောက်စိမ်း၊ ကျောက်နီ ရတနာတွေ ဘယ်နေရာ ရှိမှန်းမသိတဲ့ တောတွေအထပ်ထပ်၊ တောင်တွေ အထပ်ထပ်နဲ့ မိုးကုတ်လို၊ ဖားကန့်လို မြေကြီးတွေ ထဲမှာ မှန်းဆပြီး တွေ့အောင် ရှာရသေးတာပဲ။ ချဲထီ ဆိုတာ အကွက်တစ်ထောင်ထဲမှာရှိတာ သေချာ တယ်။ ဒီအကွက် တစ်ထောင်ထဲက ပြေးမလွတ်ဘူး။ ရှာလိုရနိုင်တယ်လို့ သူတွေးတယ်။ စားပွဲကုလားထိုင် မှာ ထိုင်ပြီး အိုးမကွာ အိမ်မကွာ ဇိမ်နဲ့တွေ့အောင် ရှာမယ်ဆိုတဲ့ သူ့ယုံကြည်ချက်ကို သူ့မိန်းမနဲ့ ပတ် ဝန်းကျင် လူတွေကို အားရပါးရ ပြောပြတယ်။ ပြောသလိုလဲ နေ့များညများ အဟုတ်လုပ်တယ်။ ချဲ ထွက်မဲ့ရက်နီးလေ မအိပ်မနေ အလုပ်ရှုပ်လေ ဖြစ်နေတယ်။ အကြားအမြင် ဂဏန်းပေးတဲ့ ပုဂ္ဂိုလ် တွေ၊ စေတီချိုင်း၊ တောင်ပေါ်ချိုင်း၊ လက်တွက် ကလင်ဒါကျ အဲဒီလို ချဲတွက်တာနဲ့ ပတ်သက်ရင် တော်ပါပေ့ဆိုတဲ့ နာမည်ကြီးသူတွေဆီ ကားတစ်စီးနဲ့ အကုန်ရောက်တယ်။

သူမရောက်တဲ့နေရာ မရှိဘူး။ ငွေလှူတန်လှူ ၊ ပစ္စည်းလှူတန်လှူ၊ လက်ဖက်ရည်တိုက်မဲ့သူ လက်ဖက်ရည်တိုက် ပူဇော်ပြီး ဂဏန်းတောင်းတယ်။ သူကချဲနဲ့ပတ်သက်လာရင် အစွဲအလမ်းလဲ အလွန် ကြီးတယ်။ အယူသီးတယ်။ ချဲထွက်မဲ့ရက် မနက်ဆို ရင် ဘုရားမှာပေါက်စီ ကပ်လှူတယ်။ ဆွမ်းတန်းကြွတဲ့ သံဃာတော်တွေ ပေါက်စီ လောင်းလှူတယ်။ သူထိုး ထားသမျှ ဒိုင်တွေဆီမှာ တန်းစီ ပေါက်အောင်ပေ့ါ။

စာမျက်နှာ ၂၅ သို့ ➤

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၈၁၀၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၈၁၀၆ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေမြင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၈၁၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ စပါးစိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ ဒါပြင် တောင်သူတွေစိုက်ပျိုးတဲ့စပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးထားပါတယ်။ ဓာတ်မြေဩဇာတွေကို စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်းအသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေ ကွင်းဆင်းလုပ်ဆောင်ပေးနေပါတယ်။အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီရေးအတွက်ကိုလဲ ဆက်လက်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ် စပါးစိုက်ပျိုးရာတွင် ဗျောသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊GW-11 ထိုင်းဘောကျားစသည့် စပါးမျိုးများ စိုက်ပျိုးကြမည်ဖြစ်ပြီး အဆိုပါ စပါးများသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့်အတွက် အဓိကထား စိုက်ပျိုးကြမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေမြင့်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

---

➤ စာမျက်နှာ ၂၄ မှအဆက်

အဲဒီနေ့ ထီး၊ ဖိနပ် ပျက်ရင်တောင် မဝယ်ဘူး။ချဲထီဟာ စနေနံ ဖြစ်တယ်ဆိုတဲ့ အယူအဆနဲ့ စနေနံနဲ့ ပတ်သက်တာမှန်သမျှ အဝင်မခံဘူး။ ခေါင်းလျှော်တာ အဝတ်လျှော်တာ မလုပ်ဘူး။ လွဲတယ်၊ ချော်တယ်ဆိုတဲ့၊ နိမိတ်အယူအဆကြောင့် သူထိုးတဲ့ ဂဏန်းလွဲမှာချော်မှာ စိုးရိမ်လို့ပါဘဲ။ အဲဒီနေ့ အကြွေးဆပ်သူ လာရင်တောင် ငွေလက်မခံဘူး။ ဒီနေ့မှ အကြွေးဆပ်ရသလားဆိုပြီး အလွန်စိတ်ဆိုးတယ်။ ဘယ်ကငွေမှ အဝင်မခံဘူး။ "ဆင်ဖြူတော်ဝင်မှာ ချည်တစ်ဝင်နှင့် ကျိန်ကျေ"တဲ့ စကားပုံမျိုး ယတြာကျေသွားမှာ သူကြောက်တယ်။ အကြားအမြင်ပုဂ္ဂိုလ်တွေ ပေးတဲ့ဂဏန်း သူ့ဆရာ တွေတွက်နည်းပေါင်း တစ်ထောင်နဲ့ တွက်ထားတဲ့ ဂဏန်းတွေ အကုန်ထိုးတယ်။ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ဦးတိုးပွား၊ ကွမ်းရင်မယ်တော်၊ လက်ချမီးပါ မကျန်ပွဲပေါင်းစုံပူဇော်ပသတယ်။ ဓာတ်တွေဆင်တယ်၊ ယတြာချေတယ်၊ ချဲပေါက်ဖို့အရေး နည်းပေါင်းစုံနဲ့ ကြိုးစားတယ်။

တစ်နှစ်ပတ်လုံး တစ်ဆယ့်ငါးရက် တစ်ကြိမ် ၊ ချဲတွေ အကြိမ်ကြိမ် အလီလီ ထွက်သွားပေမဲ့ နှစ်တာကုန်သွားတယ် သူချဲပေါက်တယ်လို့ တစ်ခါမှ မကြားရဘူး။ ချဲထွက်တဲ့နေ့တိုင်း လက်ထဲဘောင်ချာတွေ တစ်ထပ်ကြီးကိုင်ပြီး ဒီတစ်ပတ်တော့ လွဲသွားတယ်။ တွတ်ဖြစ်သွားတယ်။ ပြောပြီး ငိုင်နေတော့တယ်။ ဒီဂဏန်း တိုက်ရိုက်ကြီးတွေ့တယ်။ ဘယ်သူက ပေးတယ်။ ဘယ်သူက ပြောတယ်။ မယုံလို့ မထိုးလိုက်မိတာ ဆိုပြီး တဖျစ်တောက်တောက် ပြောနေတော့တယ်။ စီးပွားရေး ဘာမှမလုပ်ဘဲ ချဲထီထိုး ထိုင်စား လုပ်နေတာကြာလာတော့ စုဆောင်းထားတဲ့ ရွှေ ငွေ တွေကုန်တယ်။ တဖြည်းဖြည်းနဲ့ မြို့သစ်မှာ ဝယ်ထားတဲ့ မြေတွေ၊ ကားတွေပါ ရောင်းဖို့ အလှည့်ကျလာတယ်။ သူ့ဇနီးနဲ့လည်း ခဏခဏ စကားများရန်ဖြစ်ကြတော့တယ်။

"ဒီအသုံးမကျတဲ့ အလုပ်လုပ်နေတဲ့လူ မွဲစုတ်တွေဖြစ်တဲ့လူ၊ ကိုယ့်အလုပ်နဲ့ အဆင်ပြေနေတာ ဟုတ်ရဲ့သားနဲ့၊ မဟုတ်တဲ့အလုပ် လုပ်တဲ့လူ ကိုယ့်ဆီမှာလာပြီး ခိုကပ်လုပ်တဲ့ တပည့်စိုးညီညီက ကားဝယ်ပြီးပြီ။ ကိုယ့်ပွဲစား ထွန်းအောင်က တိုက်ဆောက်ပြီးပြီ၊ ကိုယ့်ကို ဆရာကြီး လုပ်ပြီး ဘာရှိတော့လို့တုံး။ အိမ်ရှိတဲ့ပစ္စည်း တစ်ခုပြီးတစ်ခု ထုခွဲရောင်းနေရတယ်လို့ ရှက်စရာကောင်းလိုက်တာ။ ချဲထီထိုးတာတဲ့ ချဲထိုးတဲ့လူတိုင်း ဘယ်သူချမ်းသာတာတွေ့လဲ။ ရှင်မရှက်ပေမဲ့ ကျွန်မ ရှက်တယ်။ ဒီအတိုင်းသာဆို ရှင့်ကို ကျွန်မ မပေါင်းတော့ဘူး။ ကွာပေး။ ကျန်တဲ့ပစ္စည်း ကျွန်မကို တစ်ဝက်ခွဲပေး၊ မပေးရင် မနက်ဖြန် ရပ်ကွက်ရုံးအရောက်ပဲ"ဟု နေ့စဉ်နဲ့အမျှ ဇနီး၏ ဆူပူမှုတွေကို အံကြိတ်သည်းခံကာ ပြေရာပြေကြောင်းစကားနဲ့ ကိုလူချော ဖျောင်းဖျတယ်။

"အေး ဘယ်သူကားဝယ်ဝယ်၊ တိုက်ဆောက်ဆောက်၊ ငါ အရေးမစိုက်ဘူးကွ။ ဒီကောင်တွေက ကြက်ကောက်၊ ငှက်ကောက် မစားရက်၊ မသောက်ရက် စုပြီးမှ ဝယ်နိုင်၊ ဆောက်နိုင်ကြတာ၊ အားကျ မနေနဲ့။ သမင်ဆယ်လှမ်း ကျားတစ်လှမ်းပါကွာ။ သူတို့ သုံးတယ်ဆိုတာ လူချောတို့က ရယ်ချင်တယ်။ သူတို့ဆယ်နှစ်ဆယ်မိုး စုအုံးတော့ ငါချဲတစ်ကွက်ပေါက်စာလောက် မရှိပါဘူး။ ငါချဲပေါက်ရင် ဒီကောင်တွေကို နေ့ချင်းညချင်း ကျော်တက်မယ်"

"ကျော် ကျော်၊ မျက်စိမှဲ့ ဆံပင်ဖြူပြီး မြန်မြန် သချိုင်း ရောက်အောင် ကျော်။ ရှင့်လမ်း ရှင်ရွေး၊ ကျွန်မကိုသာ ကွာပေး" ဟု သူ့ဇနီးက အသံကုန် ကုန်းအော်တယ်။

"အေး အေး ပြောပြော၊ ငါချဲပေါက်မှ မင်းတို့အားလုံး ငါ့အကြောင်း သိမယ်။ မှတ်ထားကြ"

"အကွက်တစ်ထောင်ရှိတဲ့ ချဲကိုဒီလိုထိုးနေရင် မပေါက် ခံနိုင်ရိုးလား၊ ပေါက်ဂဏန်းတိုးကို တိုးရမယ်လို့ သူတွက်တယ်။တစ်နေ့ချဲပေါက်ပြီး ချဲနဲ့ သူဌေးဖြစ်ကို ဖြစ်ရမယ်လို့ သူကတော့ ပြင်းပြင်းထန်ထန် ယုံကြည်တယ်။ ဒါပေမဲ့ သူစုဆောင်းရာဖွေထားတဲ့ ရွှေ ငွေ၊မြေ၊ ကားတွေသာ တစ်ခုပြီး တစ်ခုကုန် လို့သွားတယ် ချဲက မပေါက်ဘူး။ မကြံသာတဲ့ အဆုံး ကားမပါ၊ ဆိုင်ကယ်မပါ မြေလျှောက် ဝိဇ္ဇာဘဝနဲ့ ကျောက်ဝိုင်းထဲ ပြန်ဝင်ပြီး ကျောက်လုပ်တယ်။ အရင်းအနှီးမပါတဲ့ သူ့ကို သူငယ်ချင်းမိတ်ဆွေ၊တပည့်တပန်းတွေကအစ အဖက်မလုပ်ချင်ကြဘူး။ အရေးမစိုက်ကြတော့ဘူး။ နေသာကုန်လို့ ပြန်လာရတယ်။ နေ့တွက် ဝင်ငွေက မရဘူး။ ဘယ်လိုမှ မတက်နိုင်တဲ့အဆုံး လက်ရှိနေနေတဲ့ တိုက်ကလေး ပေါင်ထားတဲ့လူဆီမှာ အပေါင်ဆုံးသွားတယ် အအမ်းယူပြီး မြို့သစ်ကို တိတ်တဆိတ် ပြောင်းသွားရတယ်။ အမှားအမှန်ကို ပြန်မသုံးသပ်၊ မပြင်ဆင်နိုင်၊ မစွန့်လွှန့်နိုင်ဘဲ ယုံကြည်ချက် အမှားကို တစ်သတ်မှတ်ထဲ ဆုပ်ကိုင်ထားတာကြောင့် သူ့ဒုက္ခရောက်ခဲ့ရသလို သူ့ကို မှီခိုအားထား နေရတဲ့ ဇနီးမယားနဲ့ သားသမီးတွေလည်း ဒုက္ခရောက်ကြရပါတော့တယ်။ ယုံကြည်ချက်အမှား လက်ကိုင်ထားသူ တစ်ဦးကြောင့် ကိုယ်တစ်ယောက်ထဲသာမက ကိုယ့်မိသားစုကိုထိခိုက်ပျက်စီးတတ်၊ ဒုက္ခပေးတတ်ပါလားဆိုတဲ့ နောင်းမှ တွေးမိတယ်။ အသိနောင်တ တစ်ထွေးကြီးကို ထွေးပွေ့ပြီး တဖြည်းဖြည်း ဝေးဝေး သွားတဲ့ တပည့်ကျော် စိုးညီညီရဲ့ ကားလေး နောက်မီးကိုကြည့်ကာ စိုးညီညီရဲ့ မိခိုအပေါ် မသိကျိုးကျွန်ပြု ဆက်ဆံမှုကို ရင်ထဲစိုနင့်စွာ ခံစားရင်း မျက်ရည်ဝဲကာ လည်းလေးကို တွန်းလို့-

"မောင်..မောင်..မောင်"

"ချဉ်ပေါင်း...ချဉ်ပေါင်"

အော်ရောင်းနေပါတော့တယ်။

---

## တူယှဉ်နွဲပျော် အမျိုးသားအားကစားပွဲတော်

– ပဉ္စမအကြိမ်မြောက် ကျင်းပနေ
အမျိုးသားအားကစားပွဲတော်
တူယှဉ်နွဲပျော် ချစ်ကြည်ရေး
စည်းလုံးမှုကိုပေး။

– ရှေးအခါက နိုင်ငံတွေ
ပြိုင်ဆိုင်ကြရင်လေ
အင်အားကြီးပေ သတ်မှတ်ရေး
စစ်မက်ဖြစ်ပွားသေး။

– ယဉ်ကျေးမှုတို့ မြင့်မားလာ
စစ်ပွဲတို့ ရှောင်ကာ
အားကစားဟာ အဓိက
ယှဉ်ပြိုင် အင်အားပြ။

– ခွန်အားရှိမှ ကစားနိုင်
အားကစားနဲ့ ပြိုင်
ကျန်းမာကြံ့ခိုင် သက်လုံကောင်း
အသက်ရှည်စေကြောင်း။

– စုပေါင်းပြိုင်တဲ့ သည်ပွဲတော်
မျိုးချစ်စိတ်ပြည့်နေ
လူတော်လူမော် ဖြစ်စေကြ
စွမ်းရည်သတ္တိပြ။

– ခွန်အားဗလ ဉာဏ်နဲ့ယှဉ်
အားကစားမျိုးစုံလင်
နိုင်ငံ့လက်ရွေးစင် ဖြစ်စေဖို့
ကြိုးစားကြပါစို့။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

---

# ဝမ်းတွင်းမြို့နယ် ကံသစ်(က)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကံသစ်(တ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်မြင့်ဝင်း၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကံသစ်(တ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက် ပြီးစီးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးဒေါ်မြင့်ဝင်းကဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်းမှာကြားသည်။

ဝမ်းတွင်းမြို့နယ် ကံသစ်(တ)ကျေးရွာ၌လမ်းအရှည်၅၇၆ပေ၊ အကျယ်၁၂ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်၁၅သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်၅သန်း စုစုပေါင်း ငွေကျပ်သိန်း ၂၀ ဖြင့် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ဆောင် ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

# BRICS အဖွဲ့သို့ဝင်ရောက်ရန် ဆွေးနွေးနေသော အရှေ့တောင်အာရှနိုင်ငံများ

BRICS အဖွဲ့၏ ဖွဲ့စည်းမှုတိုးချဲ့ရာတွင် အရှေ့တောင်အာရှနိုင်ငံများ၏ စိတ်ပါဝင်စားမှုကြီးထွားလာခြင်းသည် ကမ္ဘာလုံးဆိုင်ရာ အာရုံစိုက်မှုကို မြင့်တက်လာစေလျက်ရှိသည်။ ၎င်းဖြစ်စဉ်ကို နားလည်သဘောပေါက်ရန်အတွက် အင်ဒို-ပစိဖိတ်ဒေသတွင် အင်စတီကျူးရှင်းပိုင်းဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်မှု၏ ကျယ်ပြန့်သော နောက်ခံအကြောင်းတရားများကို ထည့်သွင်းစဉ်းစားသွားရေးသည် များစွာအရေးပါလျက်ရှိသည်။

အရှေ့တောင်အာရှနိုင်ငံများသည် ရှုပ်ထွေးကျယ်ပြန့်ပြီး ပြောင်းလဲဖြစ်ပေါ်နေသော ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်တွင် နေထိုင်လှုပ်ရှားနေရသောကြောင့် BRICS အပြင် အခြားသော အဖွဲ့များနှင့် ၎င်းတို့၏ မဟာဗျူဟာမြောက် ထိတွေ့ဆက်ဆံမှုများသည် ကျယ်ပြန့်လှသည့် ဦးစားပေးမှုများကို ထင်ဟပ်စေလျက်ရှိသည်။

ခေတ်ကာလအမျိုးမျိုးတွင် ပထဝီနိုင်ငံရေးဆိုင်ရာ လက်တွေ့ဖြစ်ရပ်များကြောင့် အင်ဒို-ပစိဖိတ်ဒေသတွင် အင်စတီကျူးရှင်းပိုင်းဆိုင်ရာ ပြောင်းလဲမှုဖြစ်ပေါ်နေသည်မှာ အချိန်ကာလ အတန်ကြာနေပြီပင်ဖြစ်သည်။ စစ်အေးတိုက်ပွဲကာလတွင် အမေရိကန်ဦးဆောင်သော အပြန်အလှန်မဟာမိတ်ဖွဲ့မှုသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တောင်အာရှအသင်း (SAARC) နှင့် ငါးနိုင်ငံကာကွယ်ရေးသဘောတူညီချက်(FPDA)တို့ကဲ့သို့သော ဒေသတွင်းနိုင်ငံပေါင်းစုံဖွဲ့စည်းမှုများနှင့်အတူ တည်ရှိခဲ့သည်။ အဆိုပါအဖွဲ့များသည် ပြင်ပလွှမ်းမိုးမှုများကို ကိုယ်ပိုင်ဆုံးဖြတ်ပူးပေါင်းမှုဖြင့် ဟန်ချက်ထိန်းညှိကာ ဒေသတွင်းလုံခြုံရေးလိုအပ်ချက်များနှင့် ဒေသဆိုင်ရာ အကျိုးစီးပွားတို့ကို ကြိုးပမ်းဖြေရှင်းခဲ့သည်။

စစ်အေးတိုက်ပွဲအလွန်ကာလတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သည် အဓိကဆော်သြသူဖြစ်လာခဲ့ပြီး အင်ဒို-ပစိဖိတ်ဒေသတစ်ဝန်း၌ ဆွေးနွေးညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လာနိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အာရှ - ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်ပိုရေးရှင်း(APEC)နှင့် အိန္ဒိယသမုဒ္ဒရာအတွင်းဖြစ်ပွားခဲ့သော ဆူနာမီကဲ့သို့ ဒေသတွင်းပဋိပက္ခများ ဖြေရှင်းရေးအတွက် Quad ကဲ့သို့သော အင်စတီကျူးရှင်းများသည် သီးသန့်စိန်ခေါ်မှုများ ဖြေရှင်းရန် ပေါ်ထွက်လာခဲ့သည်။ အဆင့်ဆင့်ဖွဲ့စည်းထားသော အင်စတီကျူးရှင်းများ၏ အခင်းအကျင်းသည် ဒေသတွင်း၌ ကြံ့ကြံ့ခံနိုင်မှုနှင့် လိုက်လျောညီထွေရှိမှုတို့ကို သက်သေပြသခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုအလားအလာများကို ထိရောက်စွာ တုံ့ပြန်နိုင်စွမ်းရှိခဲ့သည်။

အာရှဒေသ၏ စီးပွားရေး စဉ်ဆက်မပြတ်တိုးတက်မှု၊ တရုတ်-အမေရိကန်ပြိုင်ဆိုင်မှု ပြင်းထန်လာမှုနှင့် စည်းမျဉ်းစည်းကမ်းအခြေခံသည့် ရှိရင်းစွဲ အခင်းအကျင်းအပေါ် မကျေနပ်မှုကြီးထွားလာခြင်းတို့ကြောင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်လွန်ကာလများသည် အင်စတီကျူးရှင်းပိုင်းဆိုင်ရာ ပြန်လည်ဖွဲ့စည်းမှုကာလတစ်ခုကို စတင်မိတ်ဆက်လာခဲ့တော့သည်။ အမေရိကန်ဦးဆောင်သော ဖွဲ့စည်းမှုအတွင်း ဩစတြေးလျ-ဗြိတိန်-အမေရိကန်(AUKUS) လုံခြုံရေးဆိုင်ရာ ပူးပေါင်းစာချုပ်နှင့် အင်ဒို-ပစိဖိတ်စီးပွားရေးမိတ်ဖက်အဖွဲ့ (IPEF) ကဲ့သို့သော ပဏာမခြေလှမ်းများသည် ပြောင်းလဲဖြစ်ပေါ်နေသော ဦးစားပေးမှုများကို ထင်ဟပ်စေလျက်ရှိသည်။ ထိုအတောအတွင်း ဘက်စုံစီးပွားရေးမိတ်ဖက်အဖွဲ့ (RCEP)နှင့် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမ(BRI) ကဲ့သို့သော ဒေသတွင်းကြိုးပမ်းအားထုတ်မှုများသည် အနာဂတ်စီးပွားရေးပုံဖော်တည်ဆောက်ရာတွင် အင်ဒို-ပစိဖိတ်နိုင်ငံများ၏ အဖွဲ့အစည်းများ တိုးချဲ့လာမှုကို ပြသလျက်ရှိသည်။

အဆိုပါ အပြောင်းအလဲများသည် မိမိကိုယ်ကို မှီခိုအားထားမှုနှင့် မဟာဗျူဟာမြောက် မတူကွဲပြားမှုများအပေါ် အလေးထားဆောင်ရွက်မှုကို မီးမောင်းထိုးပြသလျက်ရှိသည်။ အကြောင်းမူကား ဒေသတွင်း၌ အမေရိကန်၏ ကတိကဝတ်များနှင့် စပ်လျဉ်း၍ မသေချာမရေရာမှုများ မြင့်တက်လာလျက်ရှိသောကြောင့် နိုင်ငံများအနေဖြင့် ၎င်းတို့၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းရလျက်ရှိသောကြောင့် ဖြစ်သည်။




အရှေ့တောင်အာရှနိုင်ငံများသည် BRICS အဖွဲ့တွင် ပါဝင်ရန် စိတ်ဝင်စားမှုပြသခြင်းသည် လက်ရှိပြောင်းလဲဖြစ်ပေါ်မှုများအပေါ် လက်တွေ့ကျကျ တွက်ချက်တုံ့ပြန်မှုကို ပြသနေခြင်းပင်ဖြစ်သည်။ BRICS အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများပြားလာမှုနှင့် ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုတွင် စနစ်တကျ လုပ်ဆောင်ထားသည့် မညီမျှမှုများကို ဖြေရှင်းရာ၌ ၎င်းအဖွဲ့၏ အာရုံစိုက်ဆောင်ရွက်မှုသည် ဒေသတွင်း နိုင်ငံများစွာ၏ ပြင်းပြသော စိတ်ဆန္ဒသဘောထားတို့နှင့် ကိုက်ညီလျက်ရှိသည်။ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က BRICS အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအခြေအနေသည် ကမ္ဘာ့ GDP ၏ ၂၅ ရာခိုင်နှုန်းကျော်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုလျက်ရှိသောကြောင့် ပိုမိုသာတူညီမျှရှိသော အဖွဲ့တစ်ခုအဖြစ် ဖန်တီးရန် အလားအလာရှိနေကြောင်း အလေးထားပြောကြားသွားခဲ့သည်။

ထို့ပြင် အင်ဒို-ပစိဖိတ်နိုင်ငံများသည် လက်ရှိအချိန်တွင် ပိုမိုသတိထားရပ်တည်လာကြပြီဖြစ်သည်။ ၎င်းနိုင်ငံများသည် လက်ရှိ ယူကရိန်းပဋိပက္ခဖြစ်ပွားနေချိန်၌ တရုတ်-ရုရှားလုပ်ငန်းအစီအစဉ်များနှင့် နီးကပ်လွန်းနေသည်ဟု ရှုမြင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကိုလည်း အသိအမှတ်ပြုထားသည်။ အလားတူ အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် နှစ်နိုင်ငံနှင့် ဒေသတွင်း မိတ်ဖက်ဆက်ဆံရေး ခိုင်မာအားကောင်းအောင် အလေးထားဆောင်ရွက်လျက်ရှိပြီး BRICS အဖွဲ့အတွင်း၌ပင်လျှင် အခွင့်အလမ်းများရရှိရန် စူးစမ်းလေ့လာဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်ထိ ရုရှားနိုင်ငံ ကာဇန်မြို့၌ ပြုလုပ်ခဲ့သည့် Kazan Summit တွင် အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဖွံ့ဖြိုးတိုးတက်မှုဘဏ်သစ် (NDB)နှင့် ပြုလုပ်သော အဆင့်မြင့်ဆွေးနွေးပွဲများ၌ ပါဝင်ဆွေးနွေးခဲ့သည်။ သို့သော် NDB ၏ လက်ရှိရင်းနှီးမြှုပ်နှံမှုတန်ဖိုးအစုစုသည် အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံခန့်သာ ရှိသောကြောင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်ပမာဏအတွက် အတန်အသင့်လောက်သာ ရှိသေးသည်။

ထိုင်းနှင့် ဗီယက်နမ်တို့ကဲ့သို့သော နိုင်ငံများသည် အရောင်းကွင်းဆက်ကြံ့ကြံ့ခံနိုင်မှုနှင့် အခြေခံအဆောက်အအုံတိုးတက်မှုကဲ့သို့သော အရေးကြီးသည့်ကိစ္စများကို အလေးထားလျက်ရှိစဉ် BRICS အနေဖြင့် လေးနက်သော အဖြေများရှာဖွေသွားနိုင်သလားဆိုသောအချက်နှင့် စပ်လျဉ်း၍ မသေချာမရေရာမှုများရှိနေဆဲပင်ဖြစ်သည်။ အမှန်တွင် အဆိုပါ ဦးစားပေးလုပ်ငန်းများစွာကို နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံလှုပ်ရှားမှုများဖြင့် ဖြေရှင်းပြီးဖြစ်သည့်အတွက် BRICS အဖွဲ့၏ တစ်မူထူးခြားသည့် တန်ဖိုးထားသောအဆိုပြုချက်နှင့် စပ်လျဉ်း၍ မေးခွန်းများ ထွက်ပေါ်လာလျက်ရှိသည်။

BRICS အဖွဲ့အနေဖြင့် အဖွဲ့ဝင်နိုင်ငံများတိုးချဲ့ပြီး ၎င်း၏ လုပ်ငန်းအစီအစဉ်များကို အဆင့်မြှင့်တင်မွမ်းမံလျက်ရှိသောကြောင့် အဖွဲ့ဝင်နိုင်ငံများ၏ မတူညီသော အကျိုးစီးပွားများကို ဟန်ချက်ထိန်းညှိရာတွင် စိန်ခေါ်မှုဖြစ်နေပြီး အင်စတီကျူးရှင်းပိုင်းဆိုင်ရာ အခင်းအကျင်းတွင် ထူးခြားသော အခန်းကဏ္ဍကို ပေါ်လွင်အောင် ကြိုးပမ်းလျက်ရှိသည်။ မြေရှားဒြပ်စင်ပလက်ဖောင်း၊ နျူကလီးယားဆေးဝါးအဖွဲ့၊ အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်းသည့် ဖိုရမ်များကဲ့သို့သော မကြာသေးမီက ပြုလုပ်ခဲ့သည့် ထိပ်သီးဆွေးနွေးပွဲကနဦးလှုပ်ရှားမှုများသည် ခိုင်မာသော စိန်ခေါ်မှုများ ဖြေရှင်းသွားမည့် ခြေလှမ်းများပင်ဖြစ်သည်။ သို့သော် BRICS အဖွဲ့၏ ထိရောက်မှုသည် ယခင်ရှိရင်းစွဲ အဖွဲ့အစည်းများနှင့် ယှဉ်ပြိုင်သည်ထက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အရည်အသွေးပေါ်တွင် လုံးလုံးလျားလျားမူတည်နေမည်ဖြစ်သည်။

အရှေ့တောင်အာရှအတွက်မူ BRICS အဖွဲ့သည် ကြီးမားသော ပုစ္ဆာများအနက်မှ တစ်ခုမျှသာဖြစ်သည်။ BRICS အဖွဲ့နှင့် အဆိုပါဒေသ၏ ထိတွေ့ဆက်ဆံမှုသည် အင်ဒို-ပစိဖိတ်ဒေသ၏ အင်စတီကျူးရှင်းပိုင်းဆိုင်ရာ ပြောင်းလဲနိုင်မှုပတ်ဝန်းကျင်အပေါ် လက်တွေ့ကျကျ ချဉ်းကပ်မှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများသည် စီးပွားရေးဆိုင်ရာဖိအားများနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနေစဉ်မှာပင် ပလက်ဖောင်းမျိုးစုံတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် မဟာဗျူဟာမြောက် ကိုယ်ပိုင်လုပ်ပိုင်ခွင့် မြှင့်တင်ရန် လုပ်ဆောင်လျက်ရှိသည်။

BRICS အဖွဲ့တွင် အရှေ့တောင်အာရှနိုင်ငံများ ပါဝင်ခြင်းသည် အလျင်အမြန်ပြောင်းလဲဖြစ်ပေါ်နေသော ကမ္ဘာ့အခင်းအကျင်းတွင် လိုက်လျောညီထွေလုပ်ဆောင်သွားမည့် ၎င်းတို့၏ ပိုမိုကျယ်ပြန့်သော ကြိုးပမ်းမှုများကို မီးမောင်းထိုးပြသလျက်ရှိသည်။ BRICS အဖွဲ့၏ တိုးချဲ့မှုနှင့် မတူကွဲပြားမှုများ ပေါင်းစည်းထားခြင်းသည် ၎င်း၏ ကိုယ်ပိုင်လက္ခဏာကို ပြန်လည်ပုံဖော်နေခြင်းဖြစ်သည့်အတွက် တိုးတက်လာသော အဖွဲ့ဝင်အရေအတွက်သည် အဖွဲ့၏ စီးပွားရေးအလားအလာအပေါ် မည်မျှလွှမ်းမိုးနိုင်မည်နည်းဟူသော မေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။

အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများသည် BRICS ၏ လားရာတွင်လွှမ်းမိုးနိုင်ရေး ၎င်းတို့၏ တစ်မူထူးခြားသော အမြင်သဘောထားများနှင့် ဦးစားပေးမှုများကို ဆွဲကိုင်ကာ ပြောင်းလဲမှုပုံဖော်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သွားလိမ့်မည်ဖြစ်သည်။ အင်ဒို-ပစိဖိတ်ဒေသသည် ပြောင်းလဲမှုဆက်လက်ဖော်ဆောင်လျက်ရှိသောကြောင့် BRICS အပြင် အခြားသော ပလက်ဖောင်းများနှင့် အဆိုပါဒေသရှိ နိုင်ငံများ၏ ထိတွေ့ဆက်ဆံမှုသည် အမျိုးသားအကျိုးစီးပွားနှင့် ဒေသတွင်း အကျိုးစီးပွားများ မြှင့်တင်ဆောင်ရွက်ခြင်းနှင့် အင်စတီကျူးရှင်းပိုင်းဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်မှု၏ ကျယ်ပြန့်သော မဟာဗျူဟာတို့ကို ဆက်လက်ဗဟိုပြုချဉ်းကပ်သွားလိမ့်မည်ဖြစ်သည်။

BRICS အဖွဲ့ကို နိုင်ငံတကာငွေကြေးရန်ပုံငွေ (IMF)နှင့် ကမ္ဘာ့ဘဏ်ကဲ့သို့သော အနောက်အုပ်စုလွှမ်းမိုးသည့် ကမ္ဘာလုံးဆိုင်ရာ အင်စတီကျူးရှင်းများ၏ လွှမ်းမိုးမှုကို တန်ပြန်ဟန်ချက်ထိန်းညှိနိုင်သည့် ပထဝီနိုင်ငံရေးဆိုင်ရာ အုပ်စုအဖြစ် ဖွဲ့စည်းရန် ကြိုးပမ်းမှုအဖြစ် ရှုမြင်ထားကြသည်။ သို့သော် လေ့လာသုံးသပ်သူများကြားတွင် BRICS အဖွဲ့ဝင်နိုင်ငံများ၏ စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုနှင့် တန်ဖိုးထားသည့်မဟာမိတ်ဖွဲ့မှုတို့သည် အငြင်းပွားဖွယ်ရာဖြစ်လာခဲ့သည်။ အချို့သော သုံးသပ်သူများက မတူညီသော နိုင်ငံရေးစနစ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ရပ်တည်ချက်တို့အပေါ် ထောက်ပြပြောဆိုလျက်ရှိကြသည်။

မည်သို့ပင်ဆိုစေ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနိုင်ငံတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သော BRICS အဖွဲ့သည် ၂၀၂၃ ခုနှစ်အတွင်း တောင်အာဖရိကတွင် ပြုလုပ်ခဲ့သော ထိပ်သီးအစည်းအဝေး၌ ဆော်ဒီအာရေဗျ၊ အီရန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အီဂျစ်၊ အီသီယိုးပီးယား၊ အာဂျင်တီးနားတို့ကို အဖွဲ့ဝင်နိုင်ငံအသစ်များအဖြစ် လက်ခံခဲ့သည်။ ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့အနေဖြင့်လည်း BRICS အဖွဲ့သို့ ဝင်ရောက်ရန် စိတ်အားထက်သန်လျက်ရှိသဖြင့် အဖွဲ့ဝင်နိုင်ငံများ ပိုမိုတိုးတက်လာဖွယ်ရာရှိကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- Southeast Asia and BRICS: A Strategic Response to Institutional Change in the Indo-Pacific by The Diplomat.
- BRICS 's Members, History, Name Origin, Proposed Currency, & Facts 's Britannica.

**ဝင်းဇင်(သုတေသန)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လက် ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းရီက ပြောပြ၍ သိရသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလက ဒေသထွက် ငါးပိမျိုးစုံ ပိဿာချိန် ၁၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးပိမျိုးစုံ ပိဿာချိန် ၁၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုများပြားနေခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ထွက်ရှိတဲ့ ငါးပိတွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ လက်ရှိ ငါးပိတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေဘက်ကပါ မှာယူတာတွေလဲ ရှိပါတယ် "ဟု ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းရီက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိများသည် ငါးရံ့၊ ငါးခုံးမ၊ ငါးပြေမ စသည့် ရေချိုငါးများဖြင့် ပြုလုပ်ထားသော ငါးပိများ အများဆုံး တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးပိမျိုးစုံ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ မှ ၄၅၀၀၀ ထိ အမျိုးအစားလိုက် ဈေးနှုန်းအနိမ့်အမြင့်ရှိကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းရီထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ကော့မှူးမြို့နယ် လူးအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကော့မှူး ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသထွက်ကုန်သီးနှံများ ရာသီမရွေး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ကွဲလူးအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ ကော့မှူးမြို့နယ် မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် တာဝန်ရှိသူများက ကွဲလူးအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွဲလူးအိုင်ကျေးရွာ၌ အရှည် ၃ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေရှိ မြေသားခင်းခြင်းလုပ်ငန်းနှင့် အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံကျောက်ခင်းခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၈၇ သန်း အသုံးပြု၍ အောက်တိုဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကွဲလူးအိုင်ကျေးရွာရှိ စိုက်ပျိုးရေးဧက ၈၀၀ တွင် စိုက်ပျိုးထားသော ဒေသထွက်သီးနှံများ ရာသီမရွေး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အိမိုးမိုး**

# မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မော်လိုက် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မော်လိုက်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၄၈၀ နှင့် ဖူးစားပြောင်း ၃၀၁၅ ဧက စုစုပေါင်း ၃၄၉၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၂၂၆ ဧကနှင့် ဖူးစားပြောင်း ၇၉၅ ဧက စုစုပေါင်း ၁၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မော်လိုက်မြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်းရေ ၅၀ ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် အဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျကြောင်း သိရသည်။

(၂၀၆)

# လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာ၌ လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲ ကျင်းပ

**လင်းခေး ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်တိန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက သင်တန်းဆင်းအမှာစကား ပြောကြားပြီး လင်းခေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်သည်။

ထို့နောက် လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းစံလောက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာအတွင်းမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက လက်သမား၊ ပန်းရန် သင်တန်းဆိုင်ရာ အသိပညာဗဟုသုတများ၊ သင်ခန်းစာဘာသာရပ်များကို စာတွေ့လက်တွေ့ နှစ်မျိုးဖြင့် နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၃ ရက်ထိ ၁၅ ရက်ကြာ အခမဲ့လေ့ကျင့် သင်ကြားပို့ချပေးခဲ့ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# ပြည်မြို့နယ် ရှမ်းကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပြည် ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရှမ်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းနှင့် ရေသန့်စင်စက်ကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရှမ်းကုန်းကျေးရွာ၌ အရှည် ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် တစ်နာရီလျှင် ရေသန့် ဂါလန် ၂၀၀ ကျော် ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်း လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၇ ဒသမ ၆ သန်း အသုံးပြုပြီး ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီဆောင်ရွက်ပေးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ သိရသည်။

**ချိုလေး**

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေဖတ်ကြစို့**

# ယနေ့လူငယ်နှင့် မိတ္တဗလဖွံ့ဖြိုးရေး

**လင်းလက်**

**မိတ္တဗလပြည့်စုံကြဖို့လို**

"ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ ဝတ်ငါးထွေ ကျင့်လေမိတ်သဟာ"ဆိုသည့် မိတ်ဆွေကျင့်ဝတ်တို့ကို လက်ကိုင်ထားတတ်သူများကို လူအများက ချစ်ခင်နှစ်သက်ကြသည်။ ကိုယ်တိုင်မိတ်ဆွေကောင်းတို့၏ ကျင့်ဝတ်နှင့်အညီ နေထိုင်နိုင်ရမည်ဖြစ်သကဲ့သို့ မိတ်ဆွေကောင်းတို့နှင့်သာ ပေါင်းဖက်နိုင်ရေးအတွက်လည်း ကြိုးစားရမည်ဖြစ်သည်။ မြတ်စွာဘုရားရှင်က မိတ်ဆွေကောင်းနှင့် ပေါင်းဖက်ရသူသည် အလုပ်ကိစ္စဟူသမျှကို အောင်မြင်ပြီးမြောက်အောင် လွယ်လင့်တကူဆောင်ရွက်နိုင်မည်ဟု ဟောကြားခဲ့သဖြင့် လူ့ဘဝနယ်အတွင်းသို့ တိုးဝင်စမျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်ရခြင်းဆိုသည့် မိတ္တဗလပြည့်စုံရေးကို အထူးအလေးထားဖြည့်တင်းထားသင့်သည်။

"ကိုယ်ကောင်းလျှင် ခေါင်းဘယ်မရွေ့" ဆိုသောစကားသည် အချိန်တိုင်းအတွက် မှန်ကန်နေရန်မလွယ်ကူပေ။ လူမှုပတ်ဝန်းကျင်တွင် ကျင်လည်ရာ၌ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းဖက်မိမှသာ ကောင်းမွန်သောလုပ်ရပ်များဖြင့် မွေ့လျော်နိုင်ပြီး လူကောင်းတစ်ယောက် ဖြစ်လာနိုင်မည်ဖြစ်သည်။ မြတ်စွာဘုရားရှင်ကလည်း မိတ်ဆွေကောင်းနှင့် ပေါင်းဖက်ရခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဟုဟောကြားခဲ့သည်။ သတ္တဝါတို့၏ သဘောသဘာဝသည် ပတ်ဝန်းကျင်ကအမူအကျင့်များက အချိန်ကြာလာသည့်အခါ မိမိတို့အပေါ်တွင် လွှမ်းမိုးလာတတ်သည့်သဘောရှိသဖြင့် လူငယ်များအနေဖြင့် လူမှုပတ်ဝန်းကျင်အတွင်း ကျင်လည်ရာ၌ မိတ်ကောင်းဆွေကောင်းနှင့်ပေါင်းသင်း၍ ဘဝလမ်းကြောင်းကို ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ရေး ကြိုးစားသင့်သည်။

**အတုယူမမှားစေဖို့အဓိက**

လူငယ်သည် အရာရာကို စူးစမ်းလေ့လာလိုစိတ်များ ပြင်းထန်နေသည့် အရွယ်ပင်ဖြစ်သည်။ ထိုအရွယ်သည် ဘဝအတွက် အလွန်ပင်အရေးကြီးသည်။ နေ့စဉ် မြင်တွေ့နေရသောအရာများက မကောင်းမှုချည်းသာဖြစ်နေပါက မကောင်းသည့်အရောင်အသွေးများက မိမိတို့၏ဘဝတွင် စွန်းထင်းသွားနိုင်သည်။ လူပင်မဆိုထားနှင့် အဟိတ်တိရစ္ဆာန်များသည်ပင်လျှင် ၎င်းတို့၏ရှေ့တွင် မြင်တွေ့နေရသည့်အရာများကို အတုယူအတုခိုးတတ်ကြသည်။ လူလောကတွင် မိတ်ဆွေအပေါင်းအသင်းတို့ကို ရွေးချယ်ပေါင်းသင်းကာ လူမိုက်နှင့် မပေါင်းသင်းဘဲ ပညာရှိလူလိမ္မာနှင့်သာ ပေါင်းသင်းရန် မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။

ငယ်စဉ်ကတည်းက စာရိတ္တမကောင်းသူ၊ ဆိုးမိုက်သူ၊ စကားကိုရိုင်းစိုင်းကြမ်းတမ်းစွာပြောဆိုတတ်သူ စသည့်အပြုအမူအပြောအဆိုနှင့် အကျင့်စာရိတ္တပိုင်းဆိုင်ရာတွင် ပျက်စီးနေသူများနှင့် ပေါင်းဖက်မိသည့် လူငယ်များသည် လူတော်လူကောင်းများဖြစ်လာရန် အကြောင်းမရှိပေ။ အရက်သေစာနှင့် မူးယစ်ဆေးဝါးတို့ကို နေ့စဉ်မှီဝဲနေသူနှင့် အပေါင်းအသင်းဖြစ်မိသည့်အခါ ကိုယ်တိုင်ပင် ထိုအရာများကို လက်တည့်စမ်းအသုံးပြုမိလာမည်ပင်ဖြစ်သည်။ အားလပ်ချိန်များတွင် စာကြည့်တိုက်သို့သွား၍ စာပေဗဟုသုတများကို ဖတ်ရှုလေ့လာတတ်သူ၊ ပရဟိတလုပ်ငန်းများတွင် မွေ့လျော်တတ်သူ၊ အများအကျိုးကိုသာ အစဉ်ရှေးရှုတတ်သူတို့နှင့် မိတ်ဆွေဖြစ်ရသည့်အခါ ကိုယ်တိုင်စာကြည့်တိုက်သို့သွား၍ စာပေ လေ့လာတတ်သည့် အကျင့်နှင့်အတ္တထက် ပရကို ဦးစားပေးတတ်သည့် စိတ်များကိန်းအောင်းလာမည်ဖြစ်သည်။

**အများအကျိုးစဉ်သယ်ပိုး**

မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်ရလိုသူများသည် ကိုယ်တိုင် လူမှုဆက်ဆံရေးပြေပြစ်ပြီး အများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်များ ကိန်းအောင်းနေရန်လိုသည်။ အများအကျိုး ဦးတည်သည့် အပြုအမူအပြောအဆိုများမရှိဘဲ လောဘတရားများကိုသာ လက်ကိုင်ထားတတ်သူများကို လူမှုပတ်ဝန်းကျင်က လက်သင့်ခံရန် မလွယ်ကူပေ။ ကိုယ်ကျင့်တရားကောင်းမွန်ကာ မိတ္တဗလပြည့်ဝကြသည့် လူငယ်များသည် ကျင်လည်ရာပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး သင့်တင့်မျှတသော လူမှုဆက်ဆံရေးနယ်ပယ်တစ်ခုကို ဖန်တီးကာ အောင်မြင်မှုကို ဆင်မြန်းနိုင်ကြမည်ဖြစ်သည်။

> **❖မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်ရလိုသူများသည် ကိုယ်တိုင် လူမှုဆက်ဆံရေးပြေပြစ်ပြီး အများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့်စိတ်ဓာတ်များ ကိန်းအောင်းနေရန်လိုသည်။ အများအကျိုး ဦးတည်သည့်အပြုအမူအပြောအဆိုများမရှိဘဲ လောဘတရားများကိုသာ လက်ကိုင်ထားတတ်သူများကို လူမှုပတ်ဝန်းကျင်က လက်သင့်ခံရန် မလွယ်ကူပေ။ ကိုယ်ကျင့်တရားကောင်းမွန်ကာ မိတ္တဗလပြည့်ဝကြသည့် လူငယ်များသည် ကျင်လည်ရာ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး သင့်တင့်မျှတသော လူမှုဆက်ဆံရေးနယ်ပယ်တစ်ခုကိုဖန်တီးကာ အောင်မြင်မှုကို ဆင်မြန်းနိုင်ကြမည်ဖြစ်သည်။ ❖**

မြန်မာလူငယ်များသည် ငယ်စဉ်ကတည်းက အများအကျိုးအတွက် ပေးဆပ်လိုသည့် စိတ်ဓာတ်များဖြင့် ကြီးပြင်းလာကြသူများဖြစ်ပြီး အခြားသူများကို အတိဒုက္ခရောက်စေမည့်လုပ်ရပ်များကို ရှောင်ရှားတတ်သူများဖြစ်သည်။ အချင်းချင်းလက်တွဲကာ အားနည်းသူကိုဖေးမကူညီ၍ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အောင်မြင်မှုပန်းတိုင်ကို လျှောက်လှမ်းတတ်ကြသူများဖြစ်သည်။

**သွေးခွဲလာသူဒို့ရန်သူ**

လက်ရှိအခြေအနေတွင် မြန်မာတိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှုပျက်ပြားကာ လူငယ်များကိုလည်း မိတ္တဗလစွမ်းအားများ ယိုယွင်းပျက်စီးလာအောင် ဖန်တီး၍ အချင်းချင်းရန်တိုက်ပေးကြသည့်မသမာသူများကရှိနေသည်။ မိတ်ကောင်းဆွေကောင်းပီသစွာဖြင့် မြန်မာနိုင်ငံတိုးတက်မည့်အရေးကိုအားပေးကြသည့် နိုင်ငံများရှိသကဲ့သို့ မိတ်ဆွေကောင်းကျင့်ဝတ်ကို ချိုးဖောက်ကာ မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်က ကမောက်ကမဖြစ်အောင် ကြိုးစားနေကြသည့် နိုင်ငံများလည်းရှိသည်။ သံတမန်ကျင့်ဝတ်များ ပျက်ပြားကာ ယုတ်မာကောက်ကျစ်သည့် နိုင်ငံအချို့ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူငါးချက်ကို လက်ကိုင်ထား မိတ်ကောင်းဆွေကောင်းပီသမှုကို ပြန်လည်ပြသနေသည်။

တိုင်းတပါးတို့၏သွေးခွဲစကားများကို နားယောင်၍ လူငယ်များလမ်းမှားသို့ မလိုက်မိကြစေရန်ကလည်း အရေးကြီးသည်။ တိုင်းရင်းသားအချင်းချင်းကြားရှိ ရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ပျက်ပြားစေမည့် သွေးထိုးနှောင့်ယှက်သူများနှင့် ပေါင်းသင်းမိပါက လူမိုက်နှင့်ပေါင်းမိ၍ ကိုယ်တိုင် လူမိုက်ဘဝရောက်ကြရမည်သာဖြစ်သည်။ လူငယ်များက အမှန်ကို သိသောစိတ်ဖြင့် နိုင်ငံတော်၏အနာဂတ် မပျက်စီးစေရေး တိုင်းရင်းသားညီအစ်ကိုမောင်နှမများက ဖေးမကူ၍ လမ်းမှန်ပြစည်းရုံးကာ တပ်မတော်နှင့် ပြည်သူ့ရင်ခွင်ကို ခြေစုံကန်သူများမဖြစ်စေရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ ဘယ်သူခွဲခွဲတို့မကွဲ အမြဲစည်းလုံးမည်ဆိုသည့် တိုင်းရင်းသားအချင်းချင်းကြားရှိပြီးသား မိတ်ကောင်းဆွေကောင်း စိတ်ဓာတ်တို့ကို ပြန်လည်အသက်သွင်းနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်လာကြရန် အချိန်တန်ပြီဖြစ်သည်။

**ကျေးညီနောင်ပုံပြင်**

ကျေးညီနောင်ပုံပြင်တွင် သူခိုးဓားပြများလက်အတွင်းသို့ သက်ဆင်းရောက်ရှိသွားသော ကျေးသားကဲ့သို့ပင် ငြိမ်းချမ်းရေးကိုမလိုလားဘဲ အဖျက်အမှောင့်လုပ်ငန်းများကိုသာ အစဉ်ရှေးရှုနေသည့် အကြမ်းဖက်သူများ၏ လက်အတွင်းသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသောလူငယ်များအနေဖြင့် ငြိမ်းချမ်းရေးလမ်းပေါ်သို့ ပြန်လည်လျှောက်လှမ်းကာကောင်းမွန်သည့် ပတ်ဝန်းကျင်တွင်ရှင်သန်ရမည်ဆိုပါက နိုင်ငံတော်က ပုံဖော်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပိုမိုထိရောက်အောင်မြင်လာမည်ဖြစ်သည်။ ပြည်သူ့ရင်ခွင်မှ မေတ္တာအနွေးဓာတ်အောက်တွင် မွေးစက်ကာ ကြီးပြင်းလာကြသည့် လူငယ်များသည် တပ်မတော်နှင့်လက်တွဲ၍ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ကာ နိုင်ငံတော် ကာကွယ်ရေးစွမ်းအားကိုဖြည့်တင်းသွားရန် အသင့်ရှိနေကြသည်။ လေပြင်းမုန်တိုင်းတိုက်ခတ်၍ ခိုးသားဓားပြတို့၏လက်အတွင်းသို့ သက်ဆင်းရသည့် လူငယ်များ၊ တပ်မတော်နှင့် ပြည်သူ့ရင်ခွင်အတွင်းမှ မျိုးချစ်လူငယ်များသည် ခံယူချက်ရပ်တည်ချက်ကွဲပြားစေကာမှု ကျေးညီနောင်ကဲ့သို့ပင် ညီအစ်ကိုအရင်းများဖြစ်ကြသည်။ အမှန်၊ အမှားကို သိကာမပေါင်းသင်းအပ်သူတို့နှင့် မပေါင်းသင်းဘဲ ပညာရှိလူလိမ္မာတို့နှင့်ပေါင်းသင်းကာ မိတ္တဗလပြည့်ဝသူများဖြစ်လာကြမည်ဆိုပါက ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် မျိုးဆက်သစ်လူငယ်များကို လှပစွာမြင်တွေ့ရမည်သာဖြစ်သည်။

မြန်မာ့မြေတွင်မွေးပြီး မြန်မာရေကိုသောက်ကာ မြန်မာ့အစားအစာကိုစားသုံး၍ ကြီးပြင်းလာကြသည့် မြန်မာလူငယ်များသာဖြစ်ကြသဖြင့် ခံယူချက်သဘောထားတို့ မည်မျှပင် ကွဲပြားခြားနားသွားစေကာမှု သွေးရင်းညီအစ်ကိုများပင်ဖြစ်သည်။ မိတ္တဗလကို မှန်ကန်မျှတစွာ ပုံဖော်ကြသူများနှင့် မိတ္တဗလမရှိသောကြောင့် လမ်းမှားရောက်ကြရသူများအဖြစ်သာ ကွဲပြားနေခြင်းဖြစ်သည်။ ထိုအချက်ကို မသမာသူများက အမိအရအသုံးချကာ ယုတ်မာသည့်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းပင်ဖြစ်သည်။ အမှားကို အမှားမှန်းသိ၍ မပေါင်းသင်းအပ်သည့်သူများနှင့် ပေါင်းဖက်မိနေသည့်ဘဝမှရုန်းထွက်၍ ပြည်သူအတွက် ပေးဆပ်သည့် လူငယ်များဖြစ်လာ မည်ဆိုပါက မြန်မာကို ကမ္ဘာ့အင်အားကြီးနိုင်ငံများကပင် မော်၍ကြည့်ရသည့်အဖြစ်သို့ ရောက်ရှိလာမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်သည်။

**တမာခါး၍ ပျားရည်ကချိုသည်**

တစ်နေ့တွင် စာရေးသူ၏ဖခင်သည် တမာပင်တွင်တွယ်၍ နေသောပျားအုံမှ ပျားရည်အနည်းငယ်ကိုယူ၍ မိမိကိုတိုက်သည်။ ပျားရည်တွင် ခါးသောအရသာ အနည်းငယ်ပါနေသည်ဟု မိမိကပြောမိသောအခါ အလွန်ချိုမြိန်သည့် ပျားရည်သည်ပင်တမာကြောင့် အနည်းငယ်ခါးရသည်ဟုဆိုလျှင် လူဆိုးလူမိုက်နှင့် ပေါင်းမိသူတစ်ဦးက ဆိုးမိုက်သည့် အကျင့်တစ်ခုတော့ရှိလာမည်ဟု ဖခင်က ဆုံးမခဲ့သည်။

**အနာဂတ်ဘဝသာယာလှပရေး**

ဘဝလမ်းပေါ်သို့ စတင်လျှောက်လှမ်းနေသည့် နုပျိုလန်းဆန်းသည့် ဘဝကိုပိုင်ဆိုင်ထားကြသည့် လူငယ်များအနေဖြင့် မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်ကာ မိတ္တဗလပြည့်စုံ၍ အနာဂတ်ဘဝသာယာလှပစေရေး အထူးအလေးထားဆောင်ရွက်သင့်သည်။ လူငယ်များအနေဖြင့် မိတ်ကောင်းဆွေကောင်းနှင့်ပေါင်းဖက်ကာ မိမိ၏ကိုယ်ပိုင်ဘဝသာယာလှပစေရေးအတွက်သာမက မိမိပတ်ဝန်းကျင်မှအစပြု၍ မိမိနိုင်ငံတော်သာယာလှပစေရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာ့အနာဂတ်သည် ထွန်းလင်းတောက်ပလာမည်မှာ အမှန်ပင်ဖြစ်သည်။ ၃၈ ဖြာမင်္ဂလာတရားတော်များကအစပြု၍ စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများကိုပါ လေ့ကျင့်သင်ကြားပေးနေသည့် မြန်မာမျိုးဆက်သစ်လူငယ်များသည် မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်ရခြင်းတည်းဟူသော မိတ္တဗလပြည့်စုံပြီး မင်္ဂလာတရားတော်နှင့်အညီ နေထိုင်လျှင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို အစဉ်ထာဝရသယ်ပိုးနိုင်သည့် နိုင်ငံသားကောင်းများ ဖြစ်လာပေမည်ဖြစ်သည်။

**ကိုးကား**

– **နေ့စဉ်ထုတ်သတင်းစာများ၊**

# ဆရာမ မြခြူးအိမ်၏ ပန်းကြွေတစ်ခက် မြေမသက်မီ ဝတ္ထုရှည်ကိုလေ့လာကြည့်ခြင်း

ဆရာမ မြခြူးအိမ်၏ ပန်းကြွေတစ်ခက် မြေမသက်မီ ဝတ္ထုရှည်ကို လေ့လာကြည့်သောအခါ ဇာတ်ကွက်သုံးကွက်ကို ရောယှက်ပေါင်းစပ်ကာ ရသမြောက်စွာ သရုပ်ဖော်ထားသည်ကို တွေ့ရသည်။

ပထမဇာတ်ကွက်တွင် ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံမှ အောက်ခြေသန့်ရှင်းရေးလုပ်သားများ၏ ဘဝနှင့် သူတို့၏စရိုက်များ၊ သူတို့၏စည်းလုံးညီညွတ်မှု၊ တစ်ဦးကိုတစ်ဦး ကူညီတတ်မှုများကို တွေ့ရသည်။

သန့်ရှင်းရေးအလုပ်သမား ဒေါ်မိငယ် သွေးအန်ပြီး ဖြူဖပ်ဖြူရော်ဖြစ်ကာ သွေးလွန်စဉ်က ဒေါ်လှသီက ကျောတွင်ပိုးလျက် ဆေးရုံအရောက်ပို့ပေးသကဲ့သို့ မဟေသီက သွေးလှူမည့်သူများကို စုစည်းပေးခဲ့သည်။ ဒေါ်ကြည်ကြည်က အဦးဆုံးသွေးလှူခဲ့သည်။

ဒေါ်မိငယ်က ကြွားတတ်သည်။ သူ့သမီး နှင်းလွဲဝေ အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး အကြွားပိုထားသည်ကို မနှစ်သက်၊ သူ့သမီးကို ဦးလှိုင်ဘွားဆိုသူက မယားကြီးနှင့်ကွာကာ တိုက်တစ်လုံး၊ ကားတစ်စီးနှင့် တင့်တောင့်တင့်တယ်ထားကြောင်း ကြွားသည်ကို မဟေသီက နားကြားပြင်းကတ်သည်။ သူ့သမီးမှာ ဦးလှိုင်ဘွား၏ မယားငယ်ဖြစ်နေကြောင်း သိသော်လည်း ငြိမ်နေခဲ့သည်။

သို့သော် အရေးကြုံလာသောအခါ အားလုံး သွေးစည်းကြသည်။ ဤဝတ္ထုရှည်တွင် သန့်ရှင်းရေးလုပ်သားများ၏ ကူညီရိုင်းပင်းကယ်တင်တတ်မှုများကို မြင်တွေ့ခဲ့ရသည်။

နောက်ဇာတ်ကွက်တစ်ခုမှာ သူနာပြုဆရာမ ဒေါ်သက်ထားနှင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဇင်နှင့် ဒေါက်တာမိုးဇော်တို့၏ဇာတ်လမ်းဖြစ်သည်။

ဒေါက်တာကြည်ဇင် အင်္ဂလန်သို့ ပညာသင်သွားနေခိုက် သူနာပြုဆရာမလေး သက်ထားနှင်းနှင့် ဒေါက်တာမိုးဇော်တို့ တွေ့၏။ ချစ်သူဘဝရောက်သွားကြပြီး အချစ်နယ်လွန်မိကြသည်။ သို့ဖြင့် သက်ထားနှင်းတွင် ကိုယ်ဝန်ရှိလာသည်။ ဒေါက်တာမိုးဇော်ကို ပြောပြရာ " Medical Professional က မိန်းမတစ်ယောက်လေ။ ကိုယ်ဝန်မရှိအောင် ကိုယ့်ဟာကို အကာအကွယ်ယူထားမယ်လို့ ငါကထင်တာကွ။ မင်းက ဒီလိုဖြစ်အောင် တမင်တကာများ ကြံစည်ထားတာလား။ ငါ့မှာ ခွဲစိတ်အထူးကုဖြစ်ဖို့တောင် မနည်းကြိုးစားထားရတာ။ မိန်းမတစ်ယောက်ယူပြီး ငါ့ဘဝကိုမနှစ်နိုင်ဘူး။ ငါ့အနာဂတ်တက်လမ်းအတွက် ကြိုးစားစရာတွေ အများကြီးရှိသေးတယ်။ ငါ့ကို ဟိုတိုင်မယ်၊ ဒီတိုင်မယ်နဲ့တော့ မခြိမ်းခြောက်နဲ့နော်။ မင်းအလိုတူလို့ဖြစ်တဲ့ကိစ္စတွေ၊ ငါက အကုန်ဖွင့်ချမှာ။ အရှက်ကွဲခံနိုင်သလား။ မင်းလဲ ပညာတတ်တစ်ယောက်ပဲ"

သက်ထားနှင်းသည် ဒေါက်တာမိုးဇော်၏ပါးကို အားကုန်လွှဲရိုက်ပြီး ချာခနဲ လှည့်ထွက်သွားသည်။ သူ့ကိုယ်ဝန်ကို မြိတ်မြို့ရှိ ဆေးခန်းတွင် တာဝန်ထမ်းရင်း မွေးခဲ့သည်။ ကလေးက မွေးပြီးမကြာမီ သေဆုံးသွားသည်။ ဒေါက်တာကြည်ဇင် ပြန်ရောက်လာပြီး အကြောင်းစုံကိုသိတော့ ဒေါက်တာမိုးဇော်ကို လက်သီးဖြင့်ဆွဲထိုး၏။ သက်ထားနှင်း ဘာဖြစ်ချင်သနည်း။ သူကူညီမည်ဟုဆိုသည်။ သက်ထားနှင်းက လက်မခံ။

ဤသည်တို့မှာ သက်ထားနှင်း၏နောက်ကြောင်းပြန်အတွေးများဖြစ်သည်။ ပုဂ္ဂလိကဆေးရုံမှ အထက်တန်းစားဆရာဝန်တချို့၏ ယောကျ်ားမပီသမှု၊ တစ်ကိုယ်ကောင်းဆန်မှုတို့ကိုလည်း တွေ့ရသည်။

**❖ဒေါ်ကြည်ကြည်က မိကောက်ကိုသနားပြီး ကယ်ထုတ်ပေးမည်ဟုပြောသည်။ ဒေါ်သိဂီဗိုက်ခွဲပြီး ကလေးမွေးဖွားသည့်အချိန်တွင် မိကောက်ကို ကယ်ထုတ်ရန် ကြိုးစားလေသည်။ နောက်ရက်များ အခွင့်အရေးမရနိုင်။ ထို့ကြောင့် သားဖွားမီးယပ်ဌာနတွင် တာဝန်ကျသော ဒေါ်ချိုချိုအား မိကောက်ကို ကယ်ထုတ်ရန် တာဝန်ပေးပုံ၊ သို့သော် တကယ်ကယ်တင်လာသူမှာ သားဖွားဆရာမလေး နော်မူမူဖြစ်သည်။ လူနာသစ်ရောက်လာသောကြောင့် ဒေါ်ချိုချို မအား၍ သူကယ်ထုတ်လာကြောင်း ပြောသည်။❖**

ဤဝတ္ထု၏အဓိကဇာတ်လိုက်မှာ မိကောက်ဟု ဆိုနိုင်သည်။ မိကောက်နှင့် ရှေ့နေသူဌေးမတို့၏ ဇာတ်မှာ ဤဝတ္ထု၏အသက်ဟုဆိုနိုင်သည်။ ပုဂ္ဂလိကဆေးရုံတွင် သားဦးလာမွေးသော ရှေ့နေသူဌေးမ ဒေါ်သိဂီတို့၏ဇာတ်က ဝတ္ထုတစ်ခုလုံးကို လှုပ်ရှားစေကာ ကြွတက်လာစေသည်။

မိကောက်၏မိဘများက ငမိုးရိပ်ချောင်းဘေးရှိ တံငါရွာလေးမှဖြစ်သည်။ မိကောက်မိဘများမှာ သားသမီး ရှစ်ယောက်နှင့်အတူ ဆင်းရဲစွာလုပ်ကိုင်စားသောက်နေကြရသူများဖြစ်သည်။ တစ်နေ့ပွဲစားဒေါ်တင့်က တစ်လ နှစ်သောင်းပေးမည်။ သုံးလစာ ကြိုတင်ပေးမည်။ မိကောက်ကို သူဌေးမကြီးတစ်ဦးအိမ်တွင် သူဌေးမကြီး၏သမီးနှင့်အတူ ကစားရန် ခေါ်သွားမည်ဟုဆိုသည်။

သုံးလစာ ခြောက်သောင်းအနက် သူ့အတွက် ပွဲစားခ တစ်သောင်းနုတ်ကာ ငါးသောင်းသာပေးခဲ့သည်။ ဤသည်မှာလည်း ပထမဆုံးနှင့် နောက်ဆုံးဖြစ်သည်။ ပွဲစားမ ဒေါ်တင့်က မိကောက်ကို ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းဆိုင်ပိုင်ရှင် မိန်းမကြီးတစ်ဦးထံ တစ်လ ငါးသောင်းဖြင့် ပြန်ရောင်းသည်။ ထိုမှ ရှေ့နေသူဌေးမ ဒေါ်သိဂီထံ ပြန်လွှဲရောင်းသည်။ ဒေါ်သိဂီက ငွေအထပ်လိုက်ပေးကာ မိကောက်ကို ခေါ်ထားသည်။ ခြံတံခါးကို သော့အထပ်ထပ်ခတ်ထားသည်။ မိကောက် အပြင်လောကနှင့် အဆက်အသွယ်မရ။

ဤတွင် စာရေးဆရာက ဒေါ်သိဂီ၏စိတ်နေသဘောထားကို ပုံဖော်သည်။ ဒေါ်သိဂီ ခက်ထန်ကြမ်းတမ်းရိုင်းပျပုံ၊ မိကောက်အပေါ် အနိုင်ကျင့်ပုံများကို သရုပ်ဖော်သည်။ ဒေါ်သိဂီ၏စရိုက်ကို ပုံဖော်ရာတွင် သူ့မိခင်အရင်းကို ဓားဖြင့်လိုက်ပုံကို ဖော်ပြထားသည်။ စာရေးသူသည် ရှေ့နေသူဌေးမ ဒေါ်သိဂီကို ကြောက်စရာကောင်းသော လူဆိုးလူမိုက်မကြီးအဖြစ် သရုပ်ဖော်ထားသည်။

မိကောက်အပေါ် အနိုင်ကျင့်ပုံ၊ ခိုင်းပုံ၊ စကားပြောကြမ်းပုံ၊ ရိုင်းပုံများကို သရုပ်ဖော်ပြသည်။ ထို့နောက် သူ၏သားဦးလေးမွေးဖွားရန် ပုဂ္ဂလိကဆေးရုံနှင့် ဆက်သွယ်ကာ သွားရောက်ကုသရာတွင် သူ့မိခင်နှင့် မိကောက်ကိုပါ လိုက်ပါစေခဲ့သည်။

သူဌေးမ ဒေါ်သိဂီဆေးရုံလာတက်စဉ် မိကောက်၏ခြေထောက်တွင် ဖိနပ်မပါလာသောကြောင့် သန့်ရှင်းရေးအလုပ်သမား ဒေါ်ကြည်ကြည်က သနားကာ သူ့ဖိနပ်ကိုစီးခိုင်းပုံ၊ အခန်း (၂၀၇) မှ အချက်ပြမီး အကြိမ်ကြိမ်လင်းနေသဖြင့် ဆရာမလေးများနှင့်အတူ ဒေါ်ကြည်ကြည်လိုက်သွားပုံ၊ အဘွားကြီးက တံခါးဖွင့်ပေးပုံ၊ ဒေါ်သိဂီရေချိုးခန်းထဲမှ ထွက်လာပုံ၊ မီးနီအချက်ပေး၍ လာရခြင်းဖြစ်ကြောင်း ဆရာမလေးများကရှင်းပြပုံ၊ ဒေါ်ကြည်ကြည်က ရေချိုးခန်းအနီးမှ အမှိုက်ပုံးတစ်ခါတည်း ယူသွားမည်ဆိုကာ ဝင်ယူပုံ၊ ဤတွင် ရေများရွှဲရွှဲစိုနေသော မိကောက်ကိုတွေ့ရပုံ၊ ဒေါ်ကြည်ကြည်က သားသမီးချင်းကိုယ်ချင်းစာကာ ကယ်ထုတ်ဖို့ကြံစည်ပုံ၊ ဒေါ်ကြည်ကြည် စားမဝင်၊ အိပ်မပျော်ဖြစ်ပုံ၊ ဒေါ်ကြည်ကြည်ဆေးရုံသို့အသွား မိကောက်က ဆရာဝန်ကြီးများ၏ ကားအကွယ်တွင် ပုန်းနေရာ တွေ့မြင်မိပုံ၊

"အစ်မ အစ်မ သမီးကိုကယ်ပါ အစ်မရယ်။ သမီးလေ အမေတို့အိမ်ကို ပြန်ချင်တယ်"

ဒေါ်ကြည်ကြည်က မိကောက်ကို သနားပြီး ကယ်ထုတ်ပေးမည်ဟုပြောသည်။ ဒေါ်သိဂီဗိုက်ခွဲပြီး ကလေးမွေးဖွားသည့်အချိန်တွင် မိကောက်ကို ကယ်ထုတ်ရန် ကြိုးစားလေသည်။ နောက်ရက်များ အခွင့်အရေးမရနိုင်။ ထို့ကြောင့် သားဖွားမီးယပ်ဌာနတွင် တာဝန်ကျသော ဒေါ်ချိုချိုအား မိကောက်ကို ကယ်ထုတ်ရန် တာဝန်ပေးပုံ၊ သို့သော် တကယ်ကယ်တင်လာသူမှာ သားဖွားဆရာမလေး နော်မူမူ ဖြစ်သည်။ လူနာသစ်ရောက်လာသောကြောင့် ဒေါ်ချိုချို မအား၍ သူကယ်ထုတ်လာကြောင်း ပြောသည်။

"သူ့ကို အိမ်ပြန်မပို့နဲ့။ အနီးဆုံးရဲစခန်းကို ခေါ်သွား"ဟု နော်မူမူက မှာသည်။

မိကောက်က ခရေပန်းကောက်နေဟန်နှင့် ဒေါ်ကြည်ကြည်၏အချက်ပေးမှုကို နားစွင့်နေသည်။ ဒေါ်ကြည်ကြည်က "ပန်းမြိုင်လယ်၊ အိုဘယ့်ပန်းမြိုင်လယ်"ဟု အချက်ပေးပုံ၊ ထိုစဉ်စူးရှသော မီးရောင်ဖြင့် ကားတစ်စီး ထိုးရပ်လိုက်ပုံ၊ ဒေါ်ကြည်ကြည်က မျှော်လင့်ချက်ပျောက်ချေပြီဟု ယူဆလိုက်ပုံ၊ ဆရာမ မြခြူးအိမ်က သူ့ဇာတ်ကို အမြင့်ဆုံးသို့ ဆွဲတင်လိုက်သည်။

ကားပေါ်မှ ဆင်းလာသူမှာ ဒေါ်မိငယ်၏သမီး နှင်းလွဲဝေနှင့်ဒရိုင်ဘာ၊ နှင်းလွဲဝေက သူ့ယောကျ်ား ဦးလှိုင်ဘွားထံမှ ငွေဆယ်သိန်းယူကာ သူ့အမေအတွက် ဆေးဖိုးများလာရှင်းခြင်းဖြစ်သည်။ မဟေသီက သူ့ထံဖုန်းဆက်သောကြောင့် သူ့အမေ၏ အခြေအနေကို သိရပြီး လိုက်လာခဲ့ပုံ၊ နှင်းလွဲဝေက မဟေသီထံသွား၍ ဆေးဖိုးပေးပုံ၊ မဟေသီက နှင်းလွဲဝေကိုမပြန်ရန်၊ နောက်တစ်ကြိမ် ဒေါ်မိငယ်ကို လာတွေ့လျှင် အခုလိုအခြေအနေမျိုးနှင့် မြင်တွေ့နိုင်မည်မဟုတ်ကြောင်းရှင်းပြရာ နှင်းလွဲဝေ ကားဆီသို့ပြန်အသွား ဒေါ်ကြည်ကြည်နှင့်ဆုံပုံ၊ ဒေါ်ကြည်ကြည်မှာ သူ့အမေကိုသွေးလှူခဲ့သူဖြစ်၍ ကျေးဇူးရှိပုံ၊ ဒေါ်ကြည်ကြည်က မှောင်ကြီးထဲ ခြင်ကိုက်ခံပြီး စောင့်နေပုံ၊ ဒီကလေးမလေးကို သူ့အမေအိမ်ပြန်ပို့ချင်လို့ပါ။ ဒီကလေးမလေး ဒုက္ခရောက်နေပုံကို ရှင်းပြသည်။ သူ့အတွက် လွတ်လမ်းက နောက်တစ်ကြိမ် မလွယ်တော့ကြောင်း ရှင်းပြသည်။ နှင်းလွဲဝေက ကားဒရိုင်ဘာကို အော်ပြောလိုက်သည်။

"အစ်မကြည်ကြည်က အမေ့အတွက် သွေးလှူထားတာမို့ ပိုက်လုံးတန်းအိမ်ထိ လိုက်ပို့လိုက်ပါ"

ဒေါ်ကြည်ကြည်နှင့် မိကောက်တို့က ကားပေါ်ပြေးတက်ကြသည်။ မကြာမီ အရုဏ်ဦးကို မြင်လိုက်ရသည်။

မနက်လင်းတော့ ပုဂ္ဂလိကဆေးရုံကြီးအတွင်း လှုပ်လှုပ်ရှားရှားဖြစ်ကုန်သည်။ ဒေါ်သိဂီက သူ့တူမပျောက်သွားသဖြင့် ဆေးရုံကို မကျေမနပ်၊ ဆေးရုံက တစ်ယောက်ယောက် မသမာတဲ့နည်းနဲ့ခေါ်ထုတ်သွားဟန်တူကြောင်း Social Network ကိုသုံးပြီး သိက္ခာကျအောင်လုပ်မယ်လို့ ခြိမ်းခြောက်နေပါတယ်။

"ဒီဆေးရုံနဲ့အနီးဆုံးရဲစခန်းကို အကြောင်းကြားပြီး စီစီတီဗွီအသုံးချပြီး စခန်းက ဆက်လုပ်စေချင်တယ်"

နောက်ဆုံးတော့ ဒေါ်သိဂီ၏ရက်စက်ပုံအကြောင်းစုံကို ဆရာဝန်ကြီးနှင့်တကွ အားလုံးသိရှိကြသည်။ ဆေးရုံတွင် ကလေးသူငယ်ဥပဒေနှင့်ပတ်သက်ပြီး ဆွေးနွေးကြကာ ငမိုးရိပ်ချောင်းဘေးရှိ ရွာလေးသို့ လိုက်သွားကြသော မဟေသီနှင့် ကြည်ကြည်တို့ကိုလည်း ချီးကျူးကြသည်။ ရဲစခန်းမှူးကလည်း ဒေါ်သိဂီမှာ ယခင်က အိမ်စေမလေးတစ်ဦးကို နှိပ်စက်ခဲ့ရာ လက်လွန်မှုရှိခဲ့ကြောင်း၊ အရေးယူထားကြောင်း ပြောပြသည်။

ပန်းကြွေတစ်ခက် မြေမသက်မီ ဝတ္ထုမှာ ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံ၏ သန့်ရှင်းလေးလုပ်သားများ၊ ဆရာဝန်၊ ဆရာမများ၊ လူနာများအကြောင်း ယှက်နွှယ်ကာ ရေးသားထားသည့် ဝတ္ထုရှည်ဖြစ်သည်။ လူ့စရိုက်လူ့ဘဝကို သရုပ်ဖော်ရာ၌ ဒေါ်သိဂီကိုဖွဲ့ရာတွင် ရက်စက်မှုအပေါင်း သရဖူဆောင်းသည့်အလား ဖွဲ့ပြထားသည်ကို တွေ့ရသည်။ မိခင်ကို ဆဲရေးတိုင်းထွာကာ ဓားဖြင့်လိုက်သော အခန်းမှာလည်း အစွန်းရောက်သွားသလားဟု မှတ်ယူမိသည်။

ခြုံ၍ဆိုရသော် ဆရာမ မြခြူးအိမ်၏ ပန်းကြွေတစ်ခက် မြေမသက်မီဝတ္ထုမှာ လူ့ဘဝသရုပ်ဖော် ရသဝတ္ထုကောင်းတစ်ပုဒ်ဟု ဆိုချင်ပါသည်။

**ပုသိမ်အောင်သန်းဦး**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၄-၁၂-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၇၇၀။ | ဦးဟန်ဝင်းအောင်နှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၇၇၁။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးဆန်းဝင်းနှင့်ဇနီး ဒေါ်တင်အုံးမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၇၇၂။ | ကွယ်လွန်သူဦးကျော်လှိုင်နှင့် ဒေါ်လှလှရီတို့အား ရည်စူး၍ ဦးအောင်မိုးကျော်+ဒေါ်ခင်မျိုးဝင်း၊ ဦးထွန်းမြင့်အောင်+ဒေါ်စန်းစန်းရီ ၊ ဗိုလ်မှူးကြီးအောင်ထွန်းလင်း+ဒေါက်တာနန်းအေးစန္ဒာထွန်း၊ ဗိုလ်မှူးအောင်ကျော်မင်း+ဒေါ်ခင်စိုးမိုး၊ ဦးဝင်းမြင့်အောင်၊ ဦးနေမျိုးအောင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၇၇၃။ | ဦးချစ်လွင်နှင့်ဇနီး ဒေါ်သိန်းကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၄၇၇၄။ | ကိုငြိမ်းသူမောင်နှင့်ဇနီး မနွယ်နွယ်မိုးမိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၄၇၇၅။ | ဦးကြည်လင်းနှင့်ဇနီး ဒေါ်ထွေးခမ်း၊ (သား)မောင်ဇေလွှမ်းထက် မိသားစုကောင်းမှု | ၁၆၀၀၀၀ |
| ၄၇၇၆။ | ဦးတိုးတိုးနှင့်ဇနီး ဒေါ်နွယ်နွယ်ဦးမိသားစုကောင်းမှု | ၁၃၀၀၀၀ |
| ၄၇၇၇။ | ဒေါ်ခင်လှတင့်နှင့်ညီအစ်မများကောင်းမှု | ၁၂၀၀၀၀ |
| ၄၇၇၈။ | ဦးမျိုးဝဏ္ဏမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၄၇၇၉။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်သင်းအုံး၊ (သား)မောင်အောင်ချမ်းသာမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၄၇၈၀။ | တပ်ကြပ်ဆောင်းဝင်းလတ်နှင့်ဇနီး ဒေါ်ကျော့ကျော့လှိုင်၊ (သမီး)မယွန်းရွှေမှုံ၊ (သား)မောင်ဘုန်းမြတ်ကျော် မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၄၇၈၁။ | ဦးအောင်ဆန်းနှင့်ဇနီး ဒေါ်ဖြူ၊ (သား)မောင်ရဲရင့်လွင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၄၇၈၂။ | ဦးစန်းလွင်နှင့်ဇနီး ဒေါ်သင်းသင်းမာ၊ (သား)မောင်ခန့်ညားမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၄၇၈၃။ | ဦးခင်ထွန်းနှင့်ဇနီး ဒေါ်ခင်လှမြတ် မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၄၇၈၄။ | ဗိုလ်မှူးကြီးမောင်မောင်အုန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်စန်းအုန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၈၅။ | ဦးမြင့်လွင်ဦးနှင့်ဇနီး ဒေါ်ခင်ထွားမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၈၆။ | ဦးအောင်မျိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၈၇။ | ဦးကျော်မင်းနိုင်နှင့်ဇနီး ဒေါ်အေးအေးမိုး (သား)မောင်ဝေယံထွဏ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၈၈။ | ဦးကြည်နှင့်ဇနီး ဒေါ်ခင်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၈၉။ | ဦးဖေမြင့်နှင့်ဇနီး ဒေါ်ညိုညိုမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၉၀။ | ကွယ်လွန်သူမယွန်းရတီသော်အားရည်စူး၍ မမြတ်အိလွင်ကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၉၁။ | ကွယ်လွန်သူမိခင်ကြီးဒေါ်ခင်မမအားရည်စူး၍ ဦးဇော်လွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၉၂။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးနိုင်ဦးနှင့်ဇနီး ဒေါ်ဖြူသဲခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၉၃။ | ဦးဖေသောင်းနှင့်ဇနီး ဒေါ်ဝင်းရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၉၄။ | ဦးကျော်စိုးမိုးနှင့်ဇနီး ဒေါ်သိမ့်သိမ့်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၉၅။ | ကွယ်လွန်သူ ဦးမြဦးနှင့် ဒေါ်မာဂရက်စိန်တို့အား ရည်စူး၍ (မြေး)မောင်ဉာဏ်ရဲကျော်နှင့် မောင်ကျော်ဟိုးလှိုင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၉၆။ | ကွယ်လွန်သူ ဦးသန်းလှိုင်သစ်နှင့် ဒေါ်ခင်စုစုတို့အား ရည်စူး၍ (မြေး)မောင်ဖိုးပြည့်၊ မောင်ညီညီမိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၉၇။ | ကွယ်လွန်သူဒေါ်စောစန္ဒာ(ခ)မူချိုအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၇၉၈။ | ဦးမိုးကျော်ကျော်မိသားစုကောင်းမှု | ၆၆၀၀၀ |
| ၄၇၉၉။ | ဦးတင်ငွေနှင့် ဒေါ်ခင်ပြုံးရီအမှူးထား၍ (သား)မောင်တင်ဦးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၄၈၀၀။ | ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့်ဇနီး ဒေါ်သူဇာမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၀၁။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်အေးအေးသန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၀၂။ | ဦးတင်ဦးနှင့် ဒေါ်တင်အေးအားအမှူးထား၍ ဦးသောင်းထိုက်နှင့်ဇနီး ဒေါ်ချိုမာတင်၊ (သား)မောင်အောင်ကိုထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၀၃။ | ဦးကြည်ထွန်းနှင့်ဇနီး ဒေါ်ခင်စိုးနှင်းဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၀၄။ | ဦးဝင်းလွင်နှင့်ဇနီး ဒေါ်မိမိမျိုးမြတ်၊ (သား)မောင်ဖြိုးသီဟ၊ (သမီး)မဆုဝင်းထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၀၅။ | ဦးအေးမောင်နှင့်ဇနီး ဒေါ်ကြည်ကြည်လှ၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၄၈၀၆။ | ဦးရွှေမြနှင့်ဇနီး ဒေါ်တင်တင်သောင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၀၇။ | ဦးရွှေခိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်ဆန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၀၈။ | ဦးဝေဖြိုးလွင်နှင့်ဇနီး ဒေါ်အိရွှေသက်၊ (သား)မောင်ခန့်ညား၊ (သမီး)မဖွေးရတနာခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၀၉။ | မောင်ကျော်လျှံထူးမွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၄၈၁၀။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်သန်းသန်းဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၁၁။ | ဦးဝင်းရှိန်နှင့်ဇနီး ဒေါ်မြမြရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၁၂။ | ဦးမင်းသန့်နှင့်ဇနီး ဒေါ်အေးသန္တာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၁၃။ | ဦးစိုးလှိုင်နှင့်ဇနီး ဒေါ်လွင်လွင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၁၄။ | ဦးအေးစိုးနှင့်ဇနီး ဒေါ်ခင်အုန်းသန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၁၅။ | ကိုကျော်ဇေယျနှင့်ဇနီး မအိအိမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၁၆။ | ဦးကျော်ဆန်းဦးနှင့်ဇနီး ဒေါ်သင်းသင်းခိုင်၊ (သား)မောင်ကျော်လှိုင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၁၇။ | ကိုဖြိုးစည်သူနှင့်ဇနီး မယဉ်ယဉ်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၁၈။ | ကွယ်လွန်သူ ဦးစိုးကြည်နှင့် ဒေါ်အေးချစ်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၁၉။ | ဦးအောင်သန်းနှင့်ဇနီး ဒေါ်လှနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၈၂၀။ | ဦးစောလွင်နှင့်ဇနီး ဒေါ်မာမာကြူမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်၄၅နှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

""အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း""



နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၀၁၀၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

NAY PYI TAW



STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄



Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

အာငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11(A)တွင် ပညာသင်ကြားနေသော (အဖ)ဦးဖေချစ်ဝင်း၏သမီး မအိကေဇင်အား မမိုးမြင့်မြတ်သော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မမိုးမြင့်မြတ်သော်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ဒေါ့ဖုန်းယန်မြို့နယ်၊ နမ့်ဝိုင်းကျေးရွာနေ မမီးလမ် (ခ) ခမ်းမန့်၏ ဖခင်အမည်မှာ ဦးမောင်ငွေ (ခ) ဦးလောငွေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်ငွေ (ခ) ဦးလောငွေ
(၁/မမန(နိုင်)၀၂၁၇၄၄)

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် တတိယတိုက်တန်း(ထပ်တိုး) တိုက်ခန်းအမှတ်(၁)သည် ဒေါ်လှလှမြင့် (ခ) ဒေါ်မြင့်မြင့် အမည်ပေါက်ဆိုင်ခန်းဖြစ်ပြီး အဆိုပါဆိုင်ခန်းအား ဒေါ်နှင်းဝေဝေအမည်သို့ ဆိုင်ခန်းမှတ်ပုံတင် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာရွက် စာတမ်းများဖြင့် (၁၄)ရက်အတွင်း မဟာမုနိဂေါပကအဖွဲ့ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မဟာမုနိဂေါပကအဖွဲ့ရုံး

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)ငမ(၁၆)နေ မောင်အောင်မျိုးဇော် (ဘ) ဦးချင်တဲ့ယုံ ၁၃/လရန(နိုင်)၁၈၈၈၄၁ နိုင်ငံကူးလက်မှတ်(မမှတ်မိ) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၂၆၀၈၄၅၆

## အဖိုးတန်ရေချိုကို ချွေတာပါ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ **တိုင်းပြည် သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။




## မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)တွင် ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့် ပတ်သက်သည့် အဆိုပြုစာတွဲ (Nomination File)ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီ (Committee of Intangible Cultural Heritage)သို့ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပေးပို့တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံက တင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" အဆိုပြုစာတွဲကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးနှင့်ပတ်သက်၍ ပါရာဂွေးနိုင်ငံ

**စာမျက်နှာ ၁၈ ကော်လံ ၁** ☆

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက

**စာမျက်နှာ ၁၆ ကော်လံ ၁** ❑



ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ပုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန်

- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု